ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ တနင်္လာနေ့၊ (26-1-2015) (၈၀၉၇)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများ ပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဘ် မူခါဂျီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# တတိယအကြိမ်မြောက် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

တတိယအကြိမ်မြောက်ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း မြက်ခင်းပြင်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းမှ အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အကောင်းဆုံးအရှုံးသမား အကျောပေးနှင့် အကျောမဲ့ဆုရအသင်းများအား လည်းကောင်း၊

**စာမျက်နှာ ၃ ကော်လံ ၄ သို့**




**ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် အဖွဲ့ဝင်များ ဂေါက်သီးရိုက်ပြိုင်ပွဲအသင်းလိုက် အကျောပေးနှင့် အကျောမဲ့ပြိုင်ပွဲများတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)



# စမ်းသပ်စိုက်ပျိုးသည့် ပန်းမုန်လာခင်း အထူးအောင်မြင်ဖြစ်ထွန်း

**မိတ္ထီလာ ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင် ကျေးရွာပေါင်းများစွာရှိသည်။ ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာတောင်သူလယ်သမားများမှာ မိရိုးဖလာ တောင်သူလုပ်ကိုင်ကြသည်။ ပျော်ဘွယ်မြို့တောင်ဘက် လေးမိုင်အကွာတွင် မင်းတန်းရွာရှိသည်။ မင်းတန်းရွာမှာ ရှေးမြန်မာမင်းများလက်ထက်ကတည်းက တည်ရှိခဲ့သော ရွာကြီးဖြစ်သည်။ မင်းတန်းရွာမှာ ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ရွာမှထွက်သော ကွမ်းညှပ်၊ ကတ်ကြေး၊ ဓားတို့မှာ နာမည်ကျော်ကြားသည်။ မင်းတန်းရွာမှထုတ်လုပ်သော ငွေဓားသည် တော်ဝင်ဓားဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်ကတည်းက သူရဲကောင်းများသည် မင်းတန်းဓားကိုကိုင်ဆောင်တိုက်ပွဲဝင်ခဲ့ကြသည်။ ယခုလည်း ဗိုလ်သင်တန်းကျောင်းဆင်းပွဲများတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ပင်လောင်း | ၂ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၆ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၆ | ဒီဂရီစင်တီဂရိတ် |



ကြေးမုံ စာတည်းရှုထောင့် ၂၆-၁-၂၀၁၅၊ တနင်္လာနေ့

# အများအကျိုး စုပေါင်းဆောင်ရွက်

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးသည့်စနစ်ကို ရှေးရှုဆောင်ရွက်သောလုပ်ငန်းဖြစ်သည်။ တစ်နည်းဆိုသော် သမဝါယမစနစ်သည် အများပြည်သူအကျိုးစီးပွားကို အညီအမျှ ခွဲဝေအသုံးချ မျှတစွာရယူခံစားသောလုပ်ငန်းဖြစ်သည်။

သမဝါယမစနစ်ကို မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရခင်ကတည်းက အစပြုခဲ့ပြီး ကာလရှည်လျားစွာ သက်ဝင်လှုပ်ရှားခဲ့သည်။ ထိုစနစ်သည် အတိုင်းအတာတစ်ခုအထိ ပြည်သူအများစုကို အထောက်အကူပြုခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် တိမ်မြုပ်ခဲ့ရပြီး ယခုအခါ သမဝါယမစနစ် ပြန်လည်သက်ဝင်လှုပ်ရှားလာပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ သမဝါယမလုပ်ငန်းကို ၁၉၀၅ ခုနှစ် ဇန်နဝါရီ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့က စခဲ့သည်ဟု ဆိုထားသည်။ ငွေစုငွေချေးသမဝါယမအသင်းအဖြစ် ဒေသတွင်း သမဝါယမအသင်းပေါင်း ၅၁၆၃ သင်း ဖွဲ့စည်းနိုင်ခဲ့သည်ဟုသိရသည်။ အသင်းတစ်သင်းလျှင် ရပ်ကွက်၊ ကျေးရွာနေပြည်သူများစုဖွဲ့ပြီး ဒေသခံပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး၊ လူနေမှုဘဝမြင့်မားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုခဲ့သည်မှာ အမှန်ဖြစ်သည်။

ပြည်သူတစ်ဦး၊ ပြည်သူတစ်စုအနေဖြင့် ဘဝတစ်ခုကို ကိုယ်တိုင်ရုန်းကန်လှုပ်ရှားနေရချိန်တွင် အထောက်အပံ့တစ်ခုကို အခြားတစ်ဖက်မှ ရရှိခြင်းသည် ထိုသူ၊ ထိုတစ်စု၏ ဘဝရှင်သန်ရေးအတွက် အင်အားတစ်ရပ်ကိုဖြစ်စေသည်။ ဘာမျှမျှော်လင့်ချက်မရှိတော့သူအဖို့ နွယ်တစ်ပင်၊ မြက်တစ်ပင်သည်လည်း အားဆေးတစ်ခွက်ဖြစ်စေသည်။

ယခုအခါ နိုင်ငံတော်က သမဝါယမစနစ်ကို ပြန်လည်အားပေးမြှင့်တင်ပေးလာရာ တစ်နိုင်ငံလုံးတွင် သမဝါယမအသင်းများ တိုးပွားလာသည်။ နိုင်ငံတစ်ဝန်း သမဝါယမအသင်းများ တိုးပွားအောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်အစိုးရတစ်ခုတည်းအပေါ်တွင်သာ မှီခိုအားထားနေရခြင်းမဟုတ်တော့ဘဲ မိမိတို့ကိုယ်တိုင်ပါဝင်မှုဖြင့် မိမိဘဝကို မိမိတို့ဘာသာဖန်တီးနိုင်ကြမည်ဖြစ်သည်။

သမဝါယမစနစ်ကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်လည်း လုပ်ကိုင်ဆောင်ရွက်နေကြသည်။ ယနေ့ထက်တိုင် အောင်မြင်ဖြစ်ထွန်းနေသော နိုင်ငံများရှိသည်။ မိမိတို့နိုင်ငံတွင်လည်း အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ ယခုအခါ သမဝါယမစနစ် ပြန်လည်သက်ဝင်ရှင်သန်လာပြီဖြစ်၍ အတိတ်တစ်ချိန်က အားနည်းချက်များကို သင်ခန်းစာယူကာ အောင်မြင်ဖြစ်ထွန်းနေသည့် နိုင်ငံများကို စံနမူနာယူ၍ အောင်မြင်သော သမဝါယမလုပ်ငန်းဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။

သမဝါယမလုပ်ငန်းသည် ပြည်သူများအကျိုးစီးပွားကို မျှတအောင် ဆောင်ရွက်ပေးရသည့်လုပ်ငန်းဖြစ်၍ ပြည်သူအများစုနေထိုင်ရာ ကျေးလက်ဒေသများအား ဦးစားပေးဆောင်ရွက်ပေးနေသည်။ ပြည်သူအများစုမှာ ဆင်းရဲနွမ်းပါးကြ၍ ငွေကြေးအရင်းအနှီးမတတ်နိုင်၊ အရင်းအနှီးမရှိ၍ ဆင်းရဲကြသည်။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် သမဝါယမစနစ်သည် ထဲထဲဝင်ဝင်ရှိလာသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးလာသည်။ စိုက်ပျိုးစရိတ်ချေးငွေကိုလည်း ထုတ်ပေးလာသည်။

တစ်ဦးတည်းရယူဆောင်ရွက်ခြင်းသည် ကိုယ်ကျိုးစီးပွားသက်သက်ဖြစ်သည်။ အများစုပေါင်းပြီး စနစ်တကျခွဲဝေသုံးစွဲသော သမဝါယမစနစ်ဆောင်ရွက်ခြင်းသည် အများအတွက် စုပေါင်းဆောင်ရွက်သောစနစ်ဖြစ်သည်။ ထိုအခါ တစ်ဦးချင်း လူမှုဘဝလိုအပ်ချက်ပြည့်စုံကာ နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ။

## ကရင်နှင့် မွန်ပြည်နယ်အတွင်းရှိ သတ္တုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်းရှိ သတ္တုလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ EITI ဖော်ဆောင်ရေးနှင့်ပတ်သက်၍ ဒုတိယဥက္ကဋ္ဌ ဦးမင်းဇာနည်က လည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်က သတ္တုလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပုံ အဆင့်ဆင့်ရှင်းလင်းခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သတ္တုလုပ်ငန်းရှင်များက သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း၊ အခက်အခဲများ တင်ပြဖြေရှင်းခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ်တို့သည် အဖွဲ့ဝင်များနှင့်အတူ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငဆားကွင်းသို့ရောက်ရှိပြီး ဆားတောင်သူလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရွှေပြားရွှေသက်န်း (၃၁)ကျပ်သား လှည့်လည် အပူဇော်ခံ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းဈေး အငှားယာဉ်မောင်း မိသားစုများနှင့် စေတနာရှင် မိသားစုများ စုပေါင်း၍ (၁၄)ကြိမ်မြောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားရွှေသက်န်း (၃၁)ကျပ်သား စုပေါင်းလှူဒါန်းပွဲ အောင်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံခဲ့ကြောင်းသိရသည်။

**တင်မောင်ဦး(အလုံ)**



## ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**


သန်လျင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦးက အမှာစကားပြောကြားပြီး အဖွဲ့ဝင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဖွဲ့အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးချစ်ညွန့်တို့က ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။

ယင်းနောက် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၀)ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ လမ်း(၂၆)လမ်းနှင့် စာကြည့်တိုက်တစ်ခု ပြုပြင်ခြင်းအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သိန်း ၁၀၀၀ အား အသီးသီးခွဲဝေလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

■





## ပြည်တွင်းရေးရာ

### ခကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် အကျောပေးနှင့် အကျောမဲ့ပြိုင်ပွဲများတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❐ **တတိယအကြိမ်မြောက်မှ**

ဘာဒီအများဆုံးဆု၊ ပါအများဆုံးဆု၊ အဝေးဆုံးရိုက်ချက်ဆုနှင့် ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆုရရှိသူများအား လည်းကောင်း၊ တစ်ဦးချင်း အကျောပေးနှင့် အကျောမဲ့ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ အသင်းလိုက် အကောင်းဆုံးအသင်းဆု ရရှိကြသူများအားလည်းကောင်း၊ အသင်းလိုက် အကျောပေးနှင့် အကျောမဲ့ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက တတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲအသင်းလိုက် အကျောပေးနှင့် အကျောမဲ့ပြိုင်ပွဲများတွင် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်သည်။

တတိယအကြိမ်မြောက် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အသင်းလိုက် အကျောပေးပြိုင်ပွဲတွင် ဒုတိယဆုကို ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ တတိယဆုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင် ဒုတိယဆုကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ တတိယဆုကို ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့က ရရှိခဲ့ကြပြီး တစ်ဦးချင်း အကျောပေးပြိုင်ပွဲတွင် ပထမဆုကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီး သက်ထွဋ်ဦး၊ ဒုတိယဆုကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးဆန်းအောင်၊ တတိယဆုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးအောင်ဇော်မိုးတို့က လည်းကောင်း၊ တစ်ဦးချင်း အကျောမဲ့ပြိုင်ပွဲတွင် ပထမဆုကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီးသက်ထွဋ်ဦး၊ ဒုတိယဆုကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးဇော်မင်း၊ တတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးနေမျိုးအောင်တို့ကလည်းကောင်း ရရှိခဲ့ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်အသင်း ၃၄ သင်းမှ အားကစားသမားများအား နေပြည်တော် မြို့တော်ဂေါက်ကွင်းမြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❖ **ရွှေဖုံးမှ**

ဆုတံဆိပ်အဖြစ် ငွေခါးများပြုလုပ်ပေးနေကြရသည်။

ပျော်ဘွယ်မြို့နယ်ရှိ တောင်သူလယ်သမားများမှာ နှစ်စဉ်အဓိက စပါး၊ နှမ်း၊ ပဲ၊ ငရုတ်၊ ခရမ်းချဉ်သီး၊ ပြောင်း၊ ဝါ၊ ကြက်သွန်နှင့် နေကြာများ စိုက်ပျိုးကြသည်။ ပျော်ဘွယ်မြို့နယ်မှာ ကုန်းကျသဖြင့် လယ်မြေနည်းပြီး ယာမြေများသည်။ ပျော်ဘွယ်မြို့ အနောက်တောင်ဘက်တွင် ထန်းတောကျေးရွာအုပ်စု၊ ယာကြီးကျေးရွာအုပ်စု၊ ရန်အောင်ကျေးရွာအုပ်စု၊ စံပယ်ကုန်းကျေးရွာအုပ်စု၊ သဖန်းချောင်းကျေးရွာအုပ်စု၊ ဂဲကြီးကျေးရွာအုပ်စု၊ တောင်ညောင်ကုန်းကျေးရွာအုပ်စု၊ ရွာတင်ကျေးရွာအုပ်စု၊ ထရံကာကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု၊ သဒ္ဒကျေးရွာအုပ်စု၊ ချောင်းမကြီးကျေးရွာအုပ်စု၊ မကျည်းကုန်းကျေးရွာအုပ်စု၊ မြောက်ကန်ကြီးကျေးရွာအုပ်စု၊ ဆိတ်ခိုကျေးရွာအုပ်စု၊ တောတွင်းလှ ကျေးရွာအုပ်စုနှင့် ရှမ်းအေးသန်းကုန်းကျေးရွာအုပ်စုများရှိသည်။ ထိုကျေးရွာအုပ်စုများတွင် ရွာပေါင်း ၇၀ ကျော် ပါဝင်သည်။

ထိုကျေးရွာအုပ်စုများထဲမှ ဆည်ဒိတ်ကျေးရွာအုပ်စုတွင် ဆည်ဒိတ်၊ရွာသစ်နှင့်ရေငံကျေးရွာများ ပါဝင်သည်။ ထိုကျေးရွာအုပ်စုများတွင် လယ်ယာမြေ ၂၀၂၉ ဧကရှိသည်။ ထိုကျေးရွာများထဲမှ ရေငံကျေးရွာသည် အိမ်ထောင်စု ၃၇၂ စုရှိပြီး လူဦးရေ ၁၂၆၀ကျော်ရှိသည်။ ရေငံကျေးရွာတွင်လယ်ယာမြေဧက ၁၂၀၀ ကျော်ရှိပြီး လယ်မြေမှာ ၁၀၀ကျော်ပါဝင်သည်။ ဆည်ဒိတ်ကျေးရွာအုပ်စုရှိ တောင်သူလယ်သမားများမှာလည်း မိရိုးဖလာအစဉ်အလာအရ နှမ်း၊ ပဲ၊ ငရုတ်၊ ခရမ်းချဉ်သီး၊ ပြောင်း၊ဝါ၊ ကြက်သွန်နှင့် နေကြာများသာ စိုက်ပျိုးကြသည်။

ထိုကျေးရွာများထဲမှ ရေငံကျေးရွာမှ တောင်သူ ဦးကျော်စိုးနှင့် ဦးလှမြင့်တို့သည် မိရိုးဖလာစိုက်ပျိုးသည့်သီးနှံများမှခွဲထွက်၍ ယခုနှစ်တွင် ပန်းမုန်လာကို အပင်ရေ ၁၂၀၀၀ စမ်းသပ်စိုက်ပျိုးခဲ့သည်။ ပန်းမုန်လာစိုက်ခင်းကို တန်ဆောင်မုန်းလမှစ၍ စိုက်ပျိုးခဲ့သည်။ မိရိုးဖလာစိုက်သည့် သီးနှံများမှ ခွဲထွက်၍ ပန်းမုန်လာစိုက်ခင်းစိုက်ပျိုးသည့် တောင်သူ ဦးကျော်စိုးနှင့်ဦးလှမြင့်တို့အား တစ်ရွာလုံးက အံ့သြနေကြသည်။ စမ်းသပ်စိုက်ပျိုးသော သီးနှံဖြစ်၍ အောင်မြင်ပါ့မလား၊ ရာသီဥတုနဲ့ ကိုက်ပါ့မလား၊ မိုးရွာရင် ပျက်စီးမလားဟု စိုးရိမ်ပူပန်ခဲ့ကြသည်။ ဦးကျော်စိုးနှင့် ဦးလှမြင့်တို့သည်မိမိတို့ ပန်းမုန်လာခင်း အောင်မြင်စေရန်အတွက် ရေသွင်းခြင်း၊ ပုလဲခတ်မြေဩဇာကျွေးခြင်း စသည့် စနစ်တကျ စိုက်ပျိုးသည့်အတွက်ပန်းမုန်လာခင်းမှာ အထူးအောင်မြင်ဖြစ်ထွန်းခဲ့သည်။ ပန်းမုန်လာခင်းဆွတ်ခူးသောအခါ အပွင့်များအောင်မြင်ပြီး တစ်ပွင့်လျှင် ခြောက်လက်မခန့်ရှိ၍ အလေးချိန် တစ်ပွင့်လျှင် ၅၀သားခန့်အချိန်စီးသည်။ ပန်းမုန်လာများ ဖြစ်ထွန်းအောင်မြင်၍ တစ်ပွင့်ကျပ်၂၀၀မှ ကျပ်၂၃၀ အထိ ရောင်းရပြီး ပွင့်ရေ ၁၂၀၀၀ အတွက် စုစုပေါင်းရငွေ ၁၄ သိန်းကျော်ရရှိခဲ့သည်ဆို၏။ စိုက်ပျိုးစရိတ်မှာ ၃၆၀၀၀၀ကျော် ကုန်ကျသဖြင့် အမြတ် ၁၀ သိန်းကျော် ရရှိကြသည်ဆို၏။ ရေငံရွာမှ တောင်သူ ဦးကျော်စိုးနှင့်ဦးလှမြင့်တို့ စမ်းသပ်စိုက်ပျိုးခဲ့သည့် ပန်းမုန်လာခင်းမှာ အထူးအောင်မြင်ဈေးကွက်ရသဖြင့် ရွာမှ တောင်သူလယ်သမားများက လာမည့် ပန်းမုန်လာစိုက်ရာသီတွင် အခြားသီးနှံအစား ပန်းမုန်လာခင်းကို ပြောင်းလဲ စိုက်ပျိုးကြမည်ဆို၏။ နှစ်လကျော်အတွင်း အသားတင်ငွေ ၁၀ သိန်းကျော် အမြတ်ရရှိသည့် ပန်းမုန်လာစိုက်ခင်းကို ပျော်ဘွယ်သို့ လာရောက်သူများ စိတ်ဝင်စားနေကြသည်။ **တင်လှိုင်(မိတ္ထီလာ)**

Summer Special Programs
From March 5 to April 30
❖ Four skills English
❖ Computing
❖ Conceptual Maths
❖ Art & Music
❖ Sport & IQ Games

သင့်ရင်သွေးငယ်တို့ . . . ဉာဏ်ပညာ လှပဖို့ . . . ပညာရေးမှာ ရင်းနှီးစို့။
မှတ်ပုံတင်အမှတ် - ကက ၁၃ / ၁၃ / ၁၂၈
YRS ရန်ကုန် "တော်ဝင်ကျောင်း"
Yangon Royal School
အဆင့်မြင့်ဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
မေ(၇)ဖွင့်မည်
Academic Year 2015-2016 ကျောင်းအပ်လက်ခံနေပါပြီ။

အထက်တန်းသင်ကြားမည့် ဆရာ၊ဆရာမများ
မြန်မာစာ ဂုဏ်ထူးဦးသိန်းနိုင်
ဆရာမကြီးဒေါ်စန်းမြင့်
အင်္ဂလိပ်စာ ဦးနေအုပ် (စိန်ပေါလ်)၊Dr.D
သင်္ချာ ဦးသူရိန်၊ ဦးဇော်
ဓာတုဗေဒ ဦးဇော်လင်းအောင်
ရူပဗေဒ ဒေါက်တာဝင်းပပ
ဇီဝဗေဒ ဦးကိုကိုနိုင်
ဘောဂဗေဒ ဦးထွန်းမြင့်အောင်



■ အမှတ် ၄၅ ၊ နဝရတ်လမ်း ၊ နဝရတ်အိမ်ရာ (သာကေတအဝိုင်းအနီး) ၊ သာကေတမြို့နယ်။ ဖုန်း ၀၉ ၄၂၀၀၃၃၇၆၅၊ ၀၉ ၂၅၀၈၀၄၀၉၆

# အိုင်အက်စ်အဖွဲ့က ဂျပန်ဓားစာခံတစ်ဦးကို သတ်ဖြတ်

**တိုကျို ဇန်နဝါရီ ၂၅**

အွန်လိုင်းတွင် ပြသခဲ့သော ဗီဒီယိုဖိုင်ထဲမှ အိုင်အက်စ်က သတ်ဖြတ်ခဲ့သည့် ဂျပန်ဓားစာခံ၏ ပုံရိပ်မှာ အစစ်ဖြစ်နိုင်ကြောင်း၊ ဂျပန်အနေဖြင့် အိုင်အက်စ်အဖွဲ့ ယင်းဗီဒီယိုကို မည်သည့်နေရာမှ တင်ခဲ့သည်ကို အရင်းအမြစ်ကိုရှာဖွေလျက် ရှိကြောင်း ဂျပန်အစိုးရထိပ်တန်း တာဝန်ရှိပုဂ္ဂိုလ် ယိုရှီဒိုကူဂါက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။




ဂျပန်နိုင်ငံအနေဖြင့် ကျန်ရှိနေသော အခြားဓားစာခံ တစ်ဦးလွတ်မြောက်ရေးအတွက် ဂျော်ဒန်အပါအဝင် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့သော် အိုင်အက်စ်အကြမ်းဖက်သမားများထံမှ မည်သည့်ဆက်သွယ်မှုကိုမျှ မရရှိခဲ့ကြောင်း ၎င်းကဆိုသည်။

စနေနေ့နှောင်းပိုင်းက ထွက်ပေါ်လာခဲ့သော ဗီဒီယိုဖိုင်တစ်ခုတွင် ဓားစာခံ ကန်ဂျီရိုတို၏ ဓာတ်ပုံကို ဖော်ပြခဲ့ပြီး အသံဖိုင်ကိုထုတ်လွှင့်ခဲ့ရာ၌ အခြားဓားစာခံဖြစ်သော ဟာရူနာယူကာဝါမှာ သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း ဖော်ပြထားသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အဆိုပါသတ်ဖြတ်မှုအား ရှုတ်ချလိုက်ပြီး ယင်းသတ်ဖြတ်မှုသည် ခွင့်မလွှတ်နိုင်သော အပြုအမူဖြစ်ကြောင်းပြောကြားခဲ့သည်။

အင်္ဂါနေ့က ထုတ်လွှင့်ခဲ့သော ဗီဒီယိုဖိုင်တွင် အိုင်အက်စ်အဖွဲ့က ၎င်းဓားစာခံများအတွက် ၇၂ နာရီအတွင်း ပြန်ပေးငွေ ဒေါ်လာ သန်း ၂၀၀ ပေးရန်တောင်းဆိုခဲ့သည်။

ထိုဗီဒီယိုတွင်အိုင်အက်စ်အဖွဲ့က ဂျော်ဒန်တွင်ဖမ်းဆီးထားသော အိုင်အက်စ်အမျိုးသမီးအဖွဲ့ဝင်တစ်ဦးအား လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ၎င်းအိုင်အက်စ်အဖွဲ့ဝင် အမျိုးသမီးသည် ၂၀၀၅ ခုနှစ်တွင် ဂျော်ဒန်၌ အသေခံဗုံးခွဲမှုကျူးလွန်ခဲ့ပြီး ယင်းဖြစ်စဉ်တွင် လူ ၅၀ ခန့် သေဆုံးခဲ့သည်။

ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ် ကာဒါကာဂူ တာနာဂါကီက အိုင်အက်စ်အဖွဲ့၏ တောင်းဆိုချက်များသည် ဂျပန်အစိုးရအနေဖြင့် လိုက်နာရန် မလွယ်ကူကြောင်း၊ ၎င်းတို့၏ တောင်းဆိုချက်များသည် ဥပဒေနှင့် ဆန့်ကျင်နေကြောင်း ကျိုဒိုသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ။**

■

# ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ အားကစားဝန်ကြီး ပြန်ပေးဆွဲခံရ

**ဘန်ဂွီ ဇန်နဝါရီ ၂၅**

ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ အသွင်ကူးပြောင်းချိန်ကာလအစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးကို ခရစ်ယာန်ဘာသာဝင် ဘလက်ကာဆန့်ကျင်ရေးပြည်သူ့စစ်အဖွဲ့ဝင်များဟု ယူဆရသူ လက်နက်ကိုင်များက တနင်္ဂနွေနေ့တွင် ပြန်ပေးဆွဲသွားခဲ့ကြောင်း ဝန်ကြီး၏ဇနီးက ပြောကြားသည်။

အားကစားဝန်ကြီး အာမဲလ် မင်ဂါတိုလွမ် ဆရိုသည် ခရစ်ယာန်ဘုရားကျောင်းမှ အိမ်သို့ပြန်လာစဉ် နံပါတ်မပါသည့် တက္ကစီတစ်စီးပေါ်မှ တိုက်ခိုက်ရေးသမားများက ဝန်ကြီး၏ကားနားသို့ ချဉ်းကပ်လာခဲ့ကြောင်း ကားထဲတွင်ဝန်ကြီးနှင့်အတူရှိနေခဲ့သည့် ဇနီးဖြစ်သူ နီကာဆီ ဒန်အယ်လီဆရိုက ပြောကြားသည်။

“သူတို့က ကျွန်မတို့ကားကို ရပ်ခိုင်းခဲ့ပါတယ်။ ပြီးတော့ ဝန်ကြီးကို ကားထဲက ဆွဲထုတ်သွားပြီး သူတို့ကားပေါ်တင်သွားကာ သူတို့ရဲ့အမာခံနယ်မြေဖြစ်တဲ့ ဘွိုင်-ရာဘီဘက်ကို ဦးတည်မောင်းသွားကြပါတယ်” ဟု ဝန်ကြီး၏ဇနီးက ပြောကြားသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် လွန်ခဲ့သည့်တစ်နှစ်က ဘလက်ကာပြည်သူ့စစ်အဖွဲ့က အစ္စလာမ့်အများစုပါဝင်သည့် နိုင်ငံကိုထိန်းချုပ်ထားသော ဆလီကာ ဆန့်ကျင်ရေးညွန့်ပေါင်းအဖွဲ့ကို ဖယ်ရှားခဲ့ရာမှ ဂိုဏ်းဂဏစွဲတိုက်ခိုက်မှုများ အပြင်းအထန်ဖြစ်ပွားလျက်ရှိသည်။ နှစ်ဖက်စလုံးတွင် လူ့အခွင့်အရေးချိုးဖောက်မှုများပြုလုပ်ကြသည်ဟု စွပ်စွဲခံထားရသည်။

ဆလီကာ ခေါင်းဆောင်များသည် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ရယူနိုင်ခဲ့သော်လည်း နိုင်ငံတကာဖိအားများကြောင့် ၂၀၁၄ ခုနှစ်အစောပိုင်းတွင် ပြိုကွဲသွားခဲ့သည်။ယခုလောလောဆယ် အသွင်ကူးပြောင်းချိန်ကာလ အစိုးရအဖွဲ့က ရွေးကောက်ပွဲကျင်းပရန် ကြိုးပမ်းလျက်ရှိသည်။

**အေပီ။**

# ပါလက်စတိုင်း ၇၇ ဦး၏ နေအိမ်များ အစ္စရေးဖျက်ဆီးဟု ကုလစွပ်စွဲ

**ဂျေရုစလင် ဇန်နဝါရီ ၂၅**

အစ္စရေးသည် ၎င်း၏ပိုင်နက်အတွင်း သွတ် သွင်းထားသော အရှေ့ဂျေရုစလင်နှင့် အသိမ်းပိုက်ခံအနောက်ဘက်ကမ်းတို့တွင် ကလေးအများစုပါဝင်သည့် ပါလက်စတိုင်း ၇၇ ဦးတို့၏ နေအိမ်များကို တရားမဝင် ဖျက်ဆီးခဲ့သည်ဟု ကုလသမဂ္ဂက စွပ်စွဲကြောင်း အေအက်ဖ်ပီက ယနေ့ဖော်ပြသည်။

လွန်ခဲ့သည့် သုံးရက်အတွင်း အစ္စရေးသည် ကလေးထက်ဝက်ကျော်ပါဝင်သော ပါလက်စတိုင်း ၇၇ဦးကို အိုးမဲ့အိမ်မဲ့ဖြစ်ရန် လုပ်ဆောင်ခဲ့သည်ဟု လူသားရေးရာ ညှိနှိုင်းရေးကုလသမဂ္ဂရုံး(အိုစီအိတ်ချ်အေ)က သောကြာနေ့ ညနေတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဖျက်ဆီးပစ်လိုက်သည့် အဆောက်အအုံအချို့သည် နိုင်ငံတကာအဖွဲ့အစည်းက ဆင်းရဲနွမ်းပါးသောမိသားစုများကို ထောက်ပံ့ထားခြင်းဖြစ်သည်ဟု ဆိုသည်။

နေအိမ်များကို ဖျက်ဆီးခြင်းသည် အစ္စရေးက နိုင်ငံတကာဥပဒေကို လေးစားလိုက်နာပါသည်ဆိုခြင်းနှင့် ဖီလာဆန့်ကျင်နေသည့်အပြင် မလိုလားအပ်မှုများ ဖြစ်ပေါ်စေပြီး တင်းမာမှုများကို ဖြစ်စေကြောင်း၊ သို့အတွက် ချက်ချင်းရပ်ဆိုင်းရမည်ဖြစ်ကြောင်း အိုစီအိတ်ချ်အေက ပြောသည်။ အရှေ့ဂျေရုစလင်၊ ရာမာလက်ချ်၊ ဂျီရီချိုနှင့် ဟီဘရွန်းဒေသတို့တွင် ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု အိုစီအိတ်ချ်အေက ထပ်မံ ပြောကြားသည်။

**အေအက်ဖ်ပီ။**



# အိန္ဒိယနိုင်ငံသို့ သမ္မတအိုဘားမား အလည်အပတ်ရောက်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၂၅**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိနေသည်။

ခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီနှင့် တွေ့ဆုံစဉ် ရာသီဥတုဘေးအန္တရာယ် ကာကွယ်ရေး၊ စုံစမ်းထောက်လှမ်းရေးနှင့် ကာကွယ်ရေးတွင်ပူးပေါင်းဆောင်ရွက်မှု၊ ချူကလီးယားစွမ်းအင် စာချုပ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၎င်းတို့ဆွေးနွေးပွဲသည် နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ် ဒဗ်ယန်နီကို ဘရာဂိတ်သည် သူ၏ အိမ်ဖော်တစ်ဦးကို အမေရိကန်နိုင်ငံသို့ ခေါ်ဆောင်ရန် ဗီဇာပုံစံတွင် လိမ်လည်ဖြည့်စွက်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရပြီး နယူးယောက်မြို့တွင် ဖမ်းဆီးခံခဲ့ရသည်။ ထိုအချိန်မှစပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုများ ရှိခဲ့သည်။

ဝန်ကြီးချုပ်မစ္စတာ နာရန်ဒရာ မိုဒီအာဏာရလာချိန် ၂၀၁၄ခုနှစ် မေလမှစပြီး နှစ်နိုင်ငံ ဆက်ဆံရေးသည် တဖြည်းဖြည်းတိုးတက်လာခဲ့သည်။ ယမန်နှစ်နှောင်းပိုင်းတွင် သမ္မတအိုဘားမားနှင့် ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီတို့သည် ဝါရှင်တန်တွင် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ကြသည်။

“အရင်က ရင်းနှီးတယ်။ အခု တစ်သားတည်းဖြစ်သွားပြီ။ တနင်္လာနေ့မှာ ကျင်းပမယ့် အိန္ဒိယနိုင်ငံတည်ထောင်တဲ့နေ့အခမ်းအနားကို အထူးဧည့်သည်တော်သမ္မတအိုဘားမား တက်ရောက်မှာဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီက မီဒီယာသို့ ပြောကြားခဲ့သည်။

သမ္မတအိုဘားမားက ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်အဗ္ဗဒူလာဘင် အဗ္ဗဒူလ် အဇစ် အယ်လ်ဆာအုဒ်၏ နာရေးအခမ်းအနားသို့ တက်ရောက်မည်ဖြစ်သဖြင့် အိန္ဒိယခရီးစဉ်ကို ရက်လျှော့ခဲ့ကြောင်းသိရသည်။

**စကိုင်းနယူးစ်။**

❖❖❖

# နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ အချက်အချာကျမြို့အား စစ်သွေးကြွများတိုက်ခိုက်

**အဘူဂျာ ဇန်နဝါရီ ၂၅**

အစ္စလာမ့် စစ်သွေးကြွအဖွဲ့ ဘိုကိုဟာရမ်လက်နက်ကိုင်များက နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ မိဒုရ်ဂူရီမြို့အား သိမ်းပိုက်နိုင်ရေးအတွက် တိုက်ခိုက်မှုအသစ်များ စတင်ပြုလုပ်ကြောင်း ယနေ့ ဘီဘီစီသတင်း၌ ဖော်ပြသည်။

အဆိုပါမြို့၏ အရေးပါသော နယ်မြေဒေသများအား သိမ်းပိုက်ရေးအတွက် လက်နက်ကိုင်သူပုန်အဖွဲ့က ကြိုးပမ်းမှုများကြောင့် ပြင်းထန်သော တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။



အဆိုပါဒေသအတွင်း၌ နိုင်ဂျီးရီးယားလေတပ်က ဗုံးကြဲတိုက်ခိုက်ပြီး နေဝင်မီးငြိမ်းအမိန့် ဆက်လက်ထားရှိသည်။

ဘိုကိုဟာရမ်လက်နက်ကိုင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် မိဒုဂါရီမျိုးနွယ်စုဝင်များ ထောင်နှင့်ချီကာ နေအိမ်များအား စွန့်လွှတ်ထွက်ပြေးကြရပြီးနောက်တွင် အဆိုပါဒေသသို့ ဇန်နဝါရီ ၂၄ ရက်က နိုင်ဂျီးရီးယားသမ္မတ ဂွတ်ဒ်လာ့ခ်ဂျိုနာသန် အလည်အပတ်ရောက်ရှိလာခြင်းဖြစ်သည်။

ဘိုကိုဟာရမ်လက်နက်ကိုင် စစ်သွေးကြွအဖွဲ့ဝင်များသည် နိုင်ဂျီးရီးယားပြည်သူများအား အနောက်တိုင်းစနစ်ပညာသင်ကြားရေးကို တားဆီးပြီး ၂၀၀၉ ခုနှစ်တွင် စစ်ဆင်ရေးများ စတင်ဆင်နွှဲကာ အစ္စလာမ့်နိုင်ငံထူထောင်ရေးကို ဆောင်ရွက်ခဲ့ကြသည်။

**ဘီဘီစီ။**

# ကျွန်ုပ်တို့၏ကမ္ဘာကြီး မောင်ပိုင်စီးခြင်းဘေးမှ ဝေးစေသော်

■ uMb



ကင်ညာနိုင်ငံတွင် တောဆင်ရိုင်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် မောင်းသူမဲ့လေယာဉ်ဖြင့် ကင်းလှည့်စောင့်ကြပ်စဉ်။

အာဖရိကတိုက်သည် သဘာဝသယံဇာတကြွယ်ဝ ပါလျက် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး တိုက်ကြီး တစ်တိုက်ဖြစ်သည်ဟု ကျွန်ုပ်မှတ်သားခဲ့ရဖူးလေ၏။

အာဖရိကတိုက်သည် "ရွှေမည်း" (ခေါ်)ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်၊ စိန်၊ ရွှေနှင့်ဘောက်ဆိုက် စသည့် သယံဇာတများကြွယ်ဝလင့်ကစား ပြည်သူ များမှာ ဆင်းရဲမှုသံသရာအတွင်း ဒေါင်ချာလည်နေကြ ရဆဲဖြစ်လေသည်။

ကမ္ဘာ့စက်မှုနိုင်ငံများသည် အာဖရိတိုက်၏ သဘာဝ အရင်းအမြစ်များကို ထုတ်ယူခွင့်ရရှိနိုင်ရန် ယှဉ်ပြိုင် နေကြသည်။ သဘာဝပတ်ဝန်းကျင် အဆင့်အတန်းနိမ့် ကျလာသည့် ပြဿနာ၊ အဂတိလိုက်စားမှုပြဿနာ၊ လူ့အခွင့်အရေး ချိုးဖောက်မှု ပြဿနာ၊ နည်းပညာမရှိ သည့် ပြဿနာ၊ ပြည်တွင်းစစ်မီးလျှံများ တောက် လောင်နေသည့် ပြဿနာ၊ အစွန်းရောက်မှုနှင့် အကြမ်း ဖက်မှု ပြဿနာ စသည့်ပြဿနာများကြောင့် ပြည် သူတို့မှာ ဖြူခါပြာခါကျကြရလေသည်။

တစ်ချိန်တည်းမှာပင် အာဖရိကတိုက်သည် နူရာဝဲစွဲ လဲရာ သူခိုးထောင်းဟူဘိသို့၊ တောရိုင်းမြေကျုံ့လာ သည့် အခြေအနေတွင် ထွေးလုံးရစ်ပတ်ရှိနေသည်။

အာဖရိကတိုက်သည် တစ်ချိန်တစ်ခါက တောရိုင်း တိရစ္ဆာန်တို့ပျော်စံရာ ဒေသအဖြစ် ကမ္ဘာကျော်ခဲ့သည်။

ကျွန်ုပ်ငယ်စဉ်က အမေရိကန်စာရေးဆရာကြီး အက်ဒဂါရိုက်စ်ဘားရိုး၏ လက်ရာ တောတွင်းလူသား "တာဇံ" ဝတ္ထုများကို ဖတ်ရှုရသည့်အခါ ပီရရသနှင့် သင်္ဂါရရသတို့ ခံစားခဲ့ရဖူးလေသည်။ တောတွင်းလူသား တာဇံကို လူဝံကြီးတို့က မွေးစားခဲ့ကြပြီး လူသားယဉ်ကျေး မှု သွတ်သွင်းမခံသည့် တောတွင်းလူသား အဖြစ်လည်း ကောင်း၊ စွန့်စားသွားလာမှု၌သာ မွေ့လျော်သူအဖြစ် လည်းကောင်း သရုပ်ဖော်ကျူးလေသည်။

အာဖရိက သစ်တောများအတွင်း တာဇံပျော်မွေ့ ပုံကို ဝတ္ထုဖြင့်သာမက ရုပ်ရှင်အနုပညာဖြင့်ပါ ဖော် ကျူးခဲ့ပြီး ကမ္ဘာ့ပြည်သူများ၏ ရွှေဘဝင်အစုံကို ကိုင်လှုပ်နိုင်သော အနုပညာပုံရိပ်လွှာများအဖြစ် ကျွန်ုပ်တမ်းတမိလေသည်။

စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်အလယ် ကျင်လည်ကျက်စားကြသော တောရိုင်းတိရစ္ဆာန်များ သည် သဘာဝအလှကို ဖန်တီးသူများတွင် ပါဝင်သည်။

အာဖရိကတိုက်၏ သဘာဝအလှအပတရားမှာ ရင်သပ်ရှုမောဖွယ်ရာ ဖြစ်လင့်ကစား အာဖရိကတော တွင်း၌ ဘာသာဘာဝကျင်လည်ကျက်စားသော တောရိုင်းတိရစ္ဆာန်များ၏ ဘဝမှာ ဘေးရန်မလုံသော အခြေအနေသို့ ရောက်ရှိလာရသည်။

အာဖရိက သဘာဝအလှအပတရားကို အကျည်း တန် အရုပ်ဆိုးစေသူများမှာ စောရသူခိုးများပင်ဖြစ်လေ သည်။ စောရနက္ခတ်နှင့်ယှဉ် ဖွားမြင်ခဲ့သူ မုဆိုးကျော် တို့သည် သဘာဝမြတ်မိခင်၏ ဥစ္စာခနေများကို ခိုးယူကာ ကြီးပွားချမ်းသာအောင် လုပ်ဆောင်လျက်ရှိကြသည်။

စောရမုဆိုးကျော်တို့သည် ဥပဒေအရ ကာကွယ်ပေး ထားသော တောရိုင်းတိရစ္ဆာန်များကို အတင့်ရဲရဲဖြင့် ခိုးဝှက်သတ်ဖြတ်ကာ စီးပွားရှာသူများဖြစ်ကြသည်။

အနီ့ဘနဖူးသိုက်တူးသူများသည် ဆင်ကိုအသက် ချမ်းသာခွင့်မပေးသလို ကြံ့ကိုလည်း သက်ညှာခွင့်မပြု ပေ။ အစွယ်လို၍ ဆင်ကိုသတ်ရန် ဝန်မလေးသကဲ့သို့ ဦးချိုကို ရလို၍ ကြံ့ကိုသတ်ရန် လက်တုံ့နှေးခြင်း မရှိပါချေ။

အာဖရိကတိုက်၌ ဆင်များနှင့် ကြံ့များကို ရက်ရက် စက်စက် သတ်ဖြတ်ပြီးနောက် အာရှတိုက်သို့ ဆင်စွယ် များနှင့် ကြံ့ချိုများကို မှောင်ခိုတင်ပို့ရောင်းချလေသည်။

ခိုးရာပါပစ္စည်း ဝယ်ယူသူများရှိနေခြင်းကြောင့် ဈေးကွက်ကြီးထွားနေပြီး ဈေးကွက်ကြီးထွားလေလေ တောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်ခံရလေလေဖြစ်ရ သည်။ သူဌေးကြီးများက ကာမအားတိုးဆေးအဖြစ် မှီဝဲသုံးဆောင်နိုင်ရန် တိုင်းရင်းဆေးဖော်စပ်ရာတွင် ကြံ့ချိုကို သုံးစွဲသည်ဟု ကျွန်ုပ်မှတ်သားခဲ့ရဖူးလေ သည်။

အာဖရိကတိုက်တွင် မျိုးသုဉ်းလုဆဲ တိရစ္ဆာန်များကို ကယ်တင်နိုင်ရန် ဦးဆောင်ကြိုးပမ်းနေသော နိုင်ငံမှာ ကင်ညာနိုင်ငံဖြစ်သည်။ အာဖရိကအရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ကင်ညာနိုင်ငံတွင် တော ရိုင်းတိရစ္ဆာန် ခိုးဝှက်သတ်ဖြတ်သူ စောရမုဆိုးများကို လက်ရဖမ်းဆီးနိုင်ရန် ဒရုန်း(ခေါ်)မောင်းသူမဲ့လေယာဉ် များဖြင့် ကင်းလှည့်စောင့်ကြပ်မှုများ ပြုလုပ်လာခဲ့ သည်မှာ ယခုအခါ တစ်နှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကင်ညာနိုင်ငံ၌ အမျိုးသားသစ်တောဥယျာဉ် ၅၂ ခုရှိပြီး တစ်နံတစ်လျား ကျယ်ပြောလှသည့် သစ်တော ကြီးများအတွင်း စောရသူခိုးများ စခန်းချကာ ရှားပါး တိရစ္ဆာန်များအား ခိုးဝှက်သတ်ဖြတ်နေမှုများကို ထိန်းချုပ်နိုင်ရန် မောင်းသူမဲ့လေယာဉ် နည်းပညာကို အသုံးပြုလျက်ရှိသည်။

သစ်တောသယံဇာတပေါကြွယ်ဝသည့် အာရှတိုက် တွင်လည်း မျိုးသုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် မောင်းသူမဲ့လေယာဉ် များကို အသုံးပြုလျက်ရှိသည်။

အင်ဒိုနီးရှား မိုးသစ်တောအတွင်း အော်ရန်ဂူတန် လူဝံကြီးများနှင့် ကြံ့များကို ကာကွယ်စောင့်ရှောက်နိုင်ရန် မောင်းသူမဲ့လေယာဉ်ဖြင့် ထောက်လှမ်းသည်။

ဝေဟင်မှ ထောက်လှမ်းခြင်းသည် မြေပြင်မှ ထောက်လှမ်းခြင်းထက် ထိရောက်မှုရှိပြီး ဥပဒေမဲ့ တောရိုင်းတိရစ္ဆာန်သတ်ဖြတ်သူများနှင့် သစ်ခိုးထုတ်သူ များကို လျင်မြန်စွာစုံစမ်းဖော်ထုတ်နိုင်လေသည်။

ဂေဟာစနစ်အရ ထိလွယ်၊ ရှလွယ်ဒေသများ၌ စိုက် ခင်းများ ထူထောင်ထားခြင်းရှိ မရှိ မောင်းသူမဲ့လေယာဉ် ဖြင့် ထောက်လှမ်းနိုင်သလို သစ်တောပြုန်းတီးမှုကို ဖြစ်ပေါ်စေမည့် လှုပ်ရှားဆောင်ရွက်မှုများကိုလည်း ဖော်ထုတ်နိုင်သည်။

ရေခဲမြစ်များ အရည်ပျော်မှုအခြေအနေကို သိရှိနိုင်ရန် ကောင်းကင်မြေပုံထုတ်ရာတွင် မောင်းသူ မဲ့လေယာဉ်က အသုံးတည့်လှသည်။

ကျယ်ပြောလှသည့် ဧရိယာအတွင်း အချိန်တိုအတွင်း ကင်းထောက်ပျံသန်းနိုင်သည်မှာ မောင်းသူမဲ့လေ ယာဉ်ဖြစ်ပြီး မြေပြင်တွင် တာဝန်ထမ်းဆောင်နေ ကြသော ဝန်ထမ်းများကို ပြည့်စုံသော သတင်းအချက် အလက်များ ပေးစွမ်းသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း အတွက် အသုံးတွင်ကျယ်လှသော မောင်းသူမဲ့လေယာဉ် များမှာ ဈေးကြီးမြင့်လှခြင်းမရှိဘဲ အသုံးပြုရန်လည်း လွယ်ကူသည်ဆို၏။

မောင်းသူမဲ့ လေယာဉ်နည်းပညာသည် ၂၁ ရာစု ခေတ်၏ "သဘာဝမိတ်သဟာ"(eco-friendly) နည်း ပညာဖြစ်သည်ဟု ကျွန်ုပ်ရှုမြင်မိသည်။

ကျွန်ုပ်တို့သည် ကမ္ဘာကြီးကို ဘိုးစဉ်ဘောင်ဆက် အမွေဆက်ခံခဲ့ကြခြင်းမဟုတ်ဘဲ ကလေးများထံမှ ငှားရမ်းထားခြင်းသာဖြစ်သည်ဆိုသော အတွေးအမြင် သည် မှန်ကန်သော လောကအမြင်ဟုဆိုနိုင်ပေရာ ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိတို့၏ ကိုယ်ကျိုးစီးပွား အလို့ငှာ ကမ္ဘာကြီးကို မောင်ပိုင်စီးခြင်း မပြုသင့်ဟု ကျွန်ုပ်ရှုမြင်မိပါသည်။

ကျွန်ုပ်တို့၏ ကမ္ဘာကြီး မောင်ပိုင်စီးခြင်းဘေးမှ ကင်း ဝေးပါစေကြောင်း ဆုတောင်းအပ်ပါသတည်း။ ။

## အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းပစ္စည်းတရားမဝင်ကုန်ကူးသူများ အီတလီဖမ်းဆီး

**ရောမ ဇန်နဝါရီ ၂၅**

အီတလီရဲများသည် ရှေးဟောင်းပစ္စည်းများ တရားမဝင် ကုန်ကူးသူ ၁၉ ဦးကို ဇန်နဝါရီ ၂၂ ရက်တွင် ဖမ်းဆီးခဲ့မိကြောင်း သိရသည်။ ရောမမြို့အနီးရှိ မြို့နယ်နှစ်ခုအပြင် နေပယ်၊ ကာဆာတာနှင့်ကန်ပန်နီရာတောင်ပိုင်းဒေသ တစ်ဝိုက်ကို အဓိကထား ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။ တရားမဝင်ကုန်ကူးမှုအများ ဆုံး ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ယင်းဖမ်းဆီးထားသူများကို ရှေးဟောင်း ပစ္စည်းများခိုးယူမှုနှင့် အပြည်ပြည်ဆိုင်ရာ တရားမဝင်ကုန်ကူးမှု၊ လျှို့ဝှက် ပူးပေါင်းကြံစည်မှုတို့ဖြင့် တရားစွဲဆိုထားကြောင်းသိရသည်။

ကန်ပန်နီရာဒေသတစ်ဝိုက်ရှိ ရှေးဟောင်းသုတေသနပြုလုပ်ရာနေရာများမှ ခိုးယူထားသောရှေးဟောင်းအသုံးအဆောင်ပစ္စည်း ၁၅၀၀ ကို သက်ဆိုင်ရာ ရဲအရာရှိများက ပြန်လည်တွေ့ရှိခဲ့သည်။

ယင်းအသုံးအဆောင်များထဲမှ ပွမ်ပီရွာမှ ကြီးမားသော နံရံဆေးရေးပန်းချီ များ၊ ပက်စတန်မှ ရှေးဟောင်းဂရိပန်းအိုးများနှင့် ဘီစီ ၂ ရာစုမှ ၄ ရာစုထိရှိ ခဲ့သော ဂရိအိုးများလည်းပါဝင်ကြောင်း ဥပဒေဆိုင်ရာအရာရှိများက သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

ပွမ်ပီနှင့် ပက်စတန်ရွာတို့သည် နေပယ်တောင်ပိုင်းတွင်တည်ရှိပြီး အီတလီရှိ အကျယ်ပြန့်ဆုံးနှင့် ဆက်စပ်မှုအရှိဆုံး ရှေးဟောင်းသုတေသန ဆိုင်ရာနေရာများကြားတွင်ပါဝင်နိုင်သည်ဟု ယူဆခဲ့ကြသည်။ ထိုသို့ စစ်ဆေး ဖမ်းဆီးမှုများ ဆောင်ရွက်နေစဉ်အတွင်း ယူရို ၁ဒသမ ၆သန်း ဝန်းကျင်တန်ဖိုး ရှိ အတုအပပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများကိုလည်း ဖမ်းဆီးရရှိ ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# နွားနို့ မှန်မှန်သောက်ကြစို့

**ယုဒိကို(မွေး/ဆေး)**

တိုးတက် ပြောင်းလဲလာသော ယနေ့ခေတ်အခါတွင် လူသားတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အတူ စားသောက်သည့်ပုံစံများသည်လည်း ပြောင်းလဲလာပြီး အစားအသောက်အတွက် အချိန်ကုန် သက်သာစေရန် အလွယ်တကူ ဝယ်ယူရရှိသော အသင့်စား ဟမ်ဘာဂါ၊ ခေါက်ဆွဲထုပ်၊ အချိုရည်အစရှိသည့် အစားအစာများကို စားသုံးလာကြပါသည်။

ယနေ့ခေတ် လူငယ်အများစုက မက်မက်မောမော သောက်သုံးနေကြသည့် အချိုရည်များ၊ အားဖြည့်အချိုရည်များသည် အလွယ်တကူ ဝယ်ယူရရှိပြီး အာဟာရတန်ဖိုး နည်းပါးကာ ကယ်လိုရီပါဝင်မှုများပြားပါသည်။ သုတေသနရလဒ်များအရ ထိုအချိုရည် များကို များများသောက်သုံးပါက ကလေးငယ်များတွင် အဝလွန်သော ရောဂါဖြစ်စေသည်ဟု ဆိုပါသည်။

အချို့သော အချိုရည်များတွင် ဆိုးဆေးများပါဝင်သဖြင့် ယင်းအချိုရည်များကို လွန်ကဲစွာသောက်သုံးပါက ကင်ဆာရောဂါကိုလည်း ဖြစ်စေနိုင်ပါသည်။ ထိုအာဟာရတန်ဖိုးနည်းပါးသော အချိုရည်များသည် ကျန်းမာရေးအထောက်အကူဖြစ်စေသော နွားနို့ကဲ့သို့သော ပစ္စည်းများ၏နေရာတွင် အစားထိုးဝင်ရောက်လာပါသည်။

အသက် ခြောက်နှစ်မှ (၁၂)နှစ်အရွယ် ကလေးငယ် ထက်ဝက်ခန့်သည် နို့နှင့် နို့ထွက်ပစ္စည်းများ စားသုံးသည့် အလေ့အထမရှိကြပေ။ နွားနို့တွင် ကြီးထွားဆဲ ကလေးငယ်များ၏ အရိုးများသန်မာစေရန်အတွက် လိုအပ်သောကယ်လ်ဆီယမ်၊ ဗီတာမင်ဒီနှင့်အေတို့အပြင် အသားဓာတ်များပါဝင်ပါသည်။ ထို့ကြောင့် နွားနို့သောက်သုံးသော အလေ့အထမရှိသည့် ကလေးငယ်များသည် နေ့စဉ်လိုအပ်သော ကယ်လ်ဆီယမ်ဓာတ် လုံလောက်စွာမရရှိနိုင်ပေ။

အာဟာရ ချို့တဲ့ခြင်းကြောင့် ကလေးငယ်များတွင် ကြီးထွားနှုန်းရပ်တန့်စေခြင်း၊ အားအင်ချည့်နဲ့စေခြင်း၊ အရိုးပျော့ရောဂါဖြစ်စေခြင်း အစရှိသည့်ရောဂါများ ဖြစ်ပွားတတ်ပါသည်။ အာဟာရစုံလင်စွာပါရှိသော နွားနို့ကို ပုံမှန်သောက်သုံးပေးခြင်းဖြင့် ထိုရောဂါများကို ကာကွယ်ရာတွင် အထောက်အကူဖြစ်စေပြီး ကလေးသေနှုန်းကိုလျော့ကျစေနိုင်ပါသည်။ ထို့အပြင် အာဟာရစုံလင်လှသောနွားနို့သည် ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှု၊ အာရုံကြော သတင်းလက်ဆင့်ကမ်း ပေးပို့မှု၊အမြင်အာရုံစွမ်းအင် ပြီးပြည့်စုံမှုအတွက်လည်း အားပေးပါသည်။

ကလေးငယ်များသည် နွားနို့ပုံမှန်သောက်သုံးခြင်းဖြင့် ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီ လုံလောက်စွာရရှိနိုင်ပြီး အသက်အရွယ်ကြီးချိန်တွင် ဖြစ်ပွားလေ့ရှိသော အရိုးပွရောဂါကို ကာကွယ်နိုင်ရန်အတွက် အထောက်အကူဖြစ်စေပါသည်။ ဂျပန်အစိုးရသည် ၁၉၆၄ ခုနှစ်တွင် နောင်လာနောက် သားများ၏ ခန္ဓာကိုယ်ထွားကျိုင်းစေရေးအတွက် ကျောင်းသားများကို နေ့လယ်စာကျွေးရာတွင် နွားနို့မပါမဖြစ် တိုက်ကျွေးပေးရန်




ကျောင်းများကို ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါသည်။ ယင်းရလဒ်အနေဖြင့် ယနေ့ခေတ် ဂျပန်လူမျိုးများ၏ အရပ်အမောင်းသည် ပိုမိုမြင့်မားလာပြီး ဂျပန်ငပုဟု တင်စားခေါ်ဝေါ်ခံရခြင်းမှ ကင်းလွတ်ခဲ့ပါသည်။

နွားနို့သည် အာဟာရကြွယ်ဝသော အစာဖြစ်ပြီး လူကြီးများအတွက်လည်း အကောင်းဆုံး အသက်ရှည်စေသော အာဟာရမျိုးဖြစ်ပါသည်။ နွားနို့ထဲတွင် အယ်(လ်)ကာလီအပျော့ပါရှိသည့်အတွက် အစာအိမ်တွင်းရှိ အက်စစ်ဓာတ်ကိုပေါ့စေပြီး အစာအိမ်အနာရှိသူများနှင့် အစာအိမ်အချဉ်ရည်များပြီး နာတာရှည် အစာအိမ်ရောင်နာသူများအတွက် ကောင်းမွန်သော ဆေးတစ်ခွက်ဖြစ်စေပါသည်။

ထို့အပြင် အာရုံကြောအားနည်းခြင်းနှင့် အိပ်မပျော်ရောဂါဖြစ်နေသူများအတွက် ညအိပ်ရာမဝင်မီ နွားနို့နွေးနွေးတစ်ခွက် သောက်သုံးပေးသင့်ပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ အစားအသောက်တွင် ပရိုတင်း၊ သတ္တုဓာတ်နှင့် ဗီတာမင်များစုံလင်စွာရရှိနိုင်ရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ အာဟာရစုံလင်၍ ဈေးနှုန်းအရလည်း တွက်ခြေကိုက်သော နွားနို့ပုံမှန်သောက်သုံးခြင်းဖြစ်ပါသည်။ နွားနို့ကို ပုံမှန်သောက်သုံးခြင်းဖြင့် သွေးချိုဆီးချိုပျောက်ကင်းစေရေးအတွက် အထောက်အကူဖြစ်စေခြင်း၊ အမျိုးသမီးများတွင် နို့ကျိတ်ရောင်ခြင်းကို သက်သာပျောက်ကင်းစေခြင်း၊ နှလုံးရောဂါဖြစ်ပွားနှုန်း လျော့နည်းစေခြင်း၊ ဝမ်းချုပ်ခြင်းကို သက်သာစေခြင်း၊ အစရှိသည့် ကောင်းကျိုးများကိုလည်း ရရှိနိုင်ပါသည်။

အမျိုးသမီးများ အသက် (၄၀) ကျော်လာပါက နေ့စဉ် နွားနို့တစ်ခွက် ပုံမှန်သောက်သုံးပါက အရိုးပွရောဂါဖြစ်ပွားခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ နွားနို့သောက်သုံးမှု မြင့်မားလာစေရန် "သင်ယနေ့ နွားနို့သောက်ပြီးပြီလား" ဟူသော သတိပေးစာတန်းများကို အလေးထား လာကြပါသည်။

နွားနို့သည် လူသားအားလုံးအတွက် အာဟာရပြည့်ဝသည့် သောက်သုံးသင့်သော အစားအစာဖြစ်သည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့များက လူတစ်ဦးတစ်နှစ်လျှင် နွားနို့သောက်သုံးရမည့် ပမာဏကို ၂၀၀ လီတာအထိ သတ်မှတ်ထားပါသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ ကလေးငယ်အများစု၏ နွားနို့သောက်သုံးမှုသည် ယင်းသတ်မှတ်ချက်ထက် နည်းပါးနေသည့်အတွက် နောင်အနာဂတ် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းယူကြမည့် ကလေးငယ်များ နွားနို့သောက်သုံးသည့် အလေ့အထများရရှိစေရန် ရည်ရွယ်၍ (၂၀၀၀)ပြည့်နှစ် စက်တင်ဘာလမှ စတင်ကာ ပထမဆုံးအကြိမ် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ (World School Milk Day)ကို ကမ္ဘာ တစ်ဝန်းလုံးရှိ နိုင်ငံအတော်များ များ တွင် ကျင်းပခဲ့ကြပါသည်။

နှစ်စဉ် စက်တင်ဘာလ၏ နောက်ဆုံးပတ် ဗုဒ္ဓဟူးနေ့ကို ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အဖြစ်သတ်မှတ်၍ နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း "မြန်မာကလေးတိုင်းအတွက် မြန်မာနို့တစ်ခွက်"ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ကျောင်းနေ အရွယ်ကလေးများ အခမဲ့ နို့တိုက်ကျွေးရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များ၏ နွားနို့သောက်သုံးမှု မြင့်မားလာခြင်း၊ ကလေးငယ်များအား ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်တတ်သော အလေ့အကျင့်ကောင်းရရှိစေခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

ကျောင်းနေပျော်၍ ဉာဏ်ရည်ထက်မြက်သော ထူးချွန်သည့် ကလေးငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကလေးငယ်များသည် ယနေ့ခေတ်နှင့် နောင်တစ်ခေတ်၏ စားသုံးသူများဖြစ်သည့်အတွက် ကလေးငယ်အများစုတွင် နွားနို့သောက်သုံးသည့် အလေ့အထ အကောင်အထည်ပေါ်လာပါက နွားနို့ဈေးကွက်လည်း ကျယ်ပြန့်လာမည် ဖြစ်ပါသည်။

နွားနို့ဈေးကွက် ကျယ်ပြန့်လာပါက နို့စားနွားမွေးမြူသူများအတွက် ပိုမို အကျိုးဖြစ်ထွန်းလာသည့်အတွက် နို့စားနွားမွေးမြူရေးလုပ်ငန်းလည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုလျှော့ချရေးစီမံချက်များ အောင်မြင်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာခြင်းအစရှိသည့် အကျိုးကျေးဇူးများလည်း တစ်ပြိုင်တည်းပေါ်ထွန်းလာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကလေးငယ်များအား နွားနို့တိုက် ကျွေးရေးစီမံချက်များကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင် ယခုထက်ပိုမို၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ဆက်လိုက်ရပါသည်။ ။



## စဉ့်ကိုင်မြို့နယ်တွင် အသက်(၁၀၀)ကျော် အဘိုးအား ထောက်ပံ့လှူဒါန်း

**စဉ့်ကိုင် ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရှမ်းကန်တောင်ရွာနေ အသက်(၁၀၀)ကျော်အရွယ်ရှိ အဘိုး ဦးအောင်သိန်းအား ဇန်နဝါရီ ၂၀ ရက်တွင် ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က ထောက်ပံ့အလှူငွေကျပ် နှစ်သိန်းနှင့် နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုခံသက်ကြီးဝါကြီး ပုဂ္ဂိုလ်အဖြစ် ဂုဏ်ယူစွာ အသိအမှတ်ပြုသည့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ထပ်ဆင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

အဘိုးဦးအောင်သိန်းကို စဉ့်ကိုင်မြို့နယ် ရှမ်းကန်တောင်ရွာ၌ပင် အဘဦးဖိုးသိ၊ အမိဒေါ်ဖွားအိမ်တို့မှ ၁၉၁၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် မွေးဖွားခဲ့သည်။ မွေးချင်းငါးဦးအနက် အငယ်ဆုံးသားဖြစ်သည်။ အဘိုးဦးအောင်သိန်းသည် သားသမီး ၁၄ ဦးမွေးဖွားခဲ့ပြီး ယခုအချိန်တွင် ၁၂ ဦး မြောက် သမီးဒေါ်ရင်မေ (အထက်တန်းပြဆရာမ)နှင့်အတူ ရှမ်းကန်တောင်ရွာတွင် နေထိုင်လျက်ရှိသည်။ ယခုအချိန်အထိ ကျန်းမာရေးကောင်းပြီး စာများဖတ်နိုင်ကာ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာကို လာရောက်ကန်တော့သူများအား ဖတ်ပြနိုင်ခဲ့ကြောင်း သိရသည်။

**(၄၁၁)**

## ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု ပုံပြောပြိုင်

**ရန်ကုန် ဇန်နဝါရီ ၂၅**

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် (၂၄)နှစ်မြောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသက် ခြောက်နှစ်မှ ကိုးနှစ်အတွင်း ကလေးငယ်များ၏ ပုံပြောစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆိပ်ကမ်းမြို့နယ်ရုံး ပညာအလင်းခေတ်မီစာကြည့်တိုက်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အမှတ်ပေးစည်းမျဉ်းများအား ဖတ်ကြားခြင်းများ ဆောင်ရွက်သည်။

ပြိုင်ပွဲသို့ ဆိပ်ကမ်းမြို့နယ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ခုနစ်ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုနှင့် People Choice ဆုကို မဂျူးဂျူးမေ၊ ဒုတိယဆုကို မဖြူစင်သန့်၊ တတိယဆုကို မမေလမင်းတို့က ရရှိသွားကြောင်း သိရသည်။

**သိဂီ (IPRD)**

## လေရှီးမြို့နယ်တွင် ဆိုလာပြားများထောက်ပံ့

**လေရှီး ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ် နာဂဒေသရှိ လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးရွာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ထောက်ပံ့သော ဆိုလာ ၁၆၈ စုံအနက်မှ ၁၂စုံကို လေရှီးမြို့နယ် ကုံကိုင်လုံ အလယ်ရွာရှိ အိမ်ထောင်စု ၁၂ စုအား ယခုလအတွင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ ဆိုလာ ၁၂ စုံအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိုးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာအရောက် သွားရောက်ပေးအပ်ခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့သည် ဆွမ်ပရာ မြို့နယ်ခွဲပြည်သူ့ဆေးရုံတွင်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့သော စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် တီဗွီတစ်လုံးပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နမ့်ဆန်တွင် မိုးပွင့်အထူးစီမံချက် ရှင်းလင်း

**နမ့်ဆန် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက မိုးပွင့်(အထူးစီမံချက်) ရှင်းလင်းခြင်း အခမ်းအနားကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးက ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ နိုင်ငံသားပုံစံများ ကူညီရေးသွင်းမည့်သူများအား ပုံစံများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မိုးပွင့်အထူးစီမံချက်အား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(ကိုကိုရှူပ)**

## ပြည်တွင်းရေးရာ

# ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ဆူးလေစေတီတော်၏(၁၀၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ဆူးလေစေတီတော်ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဆူးလေစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဆူးလေစေတီတော် ဩဝါဒါစရိယဆရာတော်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မင်္ဂလာဒုံမြို့နယ်၊ ဘောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ လျှောက်ထားရာတွင် ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏ ခေတ်အဆက်ဆက်က ကျင်းပခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပချိန်နှင့် ကြုံကြိုက်ရသည်မှာ ထူးခြားမွန်မြတ်သည့် ကုသိုလ်ထူးဖြစ်ပါကြောင်း၊ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၀၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကုသိုလ်ရှင်၊ စေတနာရှင်များအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ မင်္ဂလာဖိုလ်နိဗ္ဗာန်ကို ရည်မျှော်မှန်းကာ ပြုပြုသမျှ ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေတော်မူကြပါရန် ပန်ကြားလျှောက်ထားသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဖျာပုံဆရာတော် ဘဒ္ဒန္တဝေပုလ္လက အနုမောဒနာတရားနှင့် ရေစက်ချတရားတော်ချီးမြှင့်ပေးပြီးနောက် "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအောင်စည်အောင်မောင်း စည်တော်ရွှမ်းကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအရ မြတ်စွာဘုရားအမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ ဆူးလေစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းသံဃနာယက ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်ပတ်၍ လှည့်လည်ကြည်ညိုကြသည်။

**(သတင်းစဉ်)**



## ၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။



# အင်းဝဒေသသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ တစ်နေ့လျှင် ၄၀၀ ခန့် ဝင်ရောက်လည်ပတ်

**မန္တလေး ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် နိုင်ငံအတွက် ဂုဏ်ယူဖွယ်နေရာများစွာတည်ရှိနေပေသည်။ ထိုနေရာများမှာ သမိုင်းနောက်ခံခိုင်ခိုင်မာမာတည်ရှိပြီး နိုင်ငံတကာခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်နေသည်။ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ ရှေးဟောင်းဒေသသည် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်စေရုံသာမက ပြည်တွင်း ဧည့်သည်များကိုပါ ဆွဲဆောင်နိုင်ပေသည်။

ပင်းယနှင့် အင်းဝဒေသသို့ နိုင်ငံတကာ ခရီးသွားဧည့်သည်များစွာ အဝင်အထွက်များနေလျက်ရှိသည်။ တံတားဦးမြို့နယ် ရှေးဟောင်းဇုန်တွင် ပင်းယဒေသ(ဝိဇယပူရ)တွင် စိတ်ဝင်စားဖွယ်ရာ နေရာများစွာရှိသည်။ ထိုနေရာများစွာထဲတွင် ထင်ရှားသောလေ့လာစရာနေရာများမှာ တံတားဦးမြို့တောင်ဘက် အင်းဝ-တံတားဦး လေယာဉ်ကွင်းသွားရာလမ်းမကြီး၏ အနောက်ဘက်တောင်ကုန်းပေါ်တွင် တွေ့ရသော ပင်းယဂူကြီးသုံးလုံး၊ ပင်းယရွှေစည်းခုံစေတီတော်၊ ရတနာမြစည်းခုံစေတီတော်၊ မင်္ဂလာစေတီ၊ ရန်အောင်မြင်စေတီ၊ ပင်းယအောင်စည်းခုံစေတီတော်၊ ပဥ္စမာလိန္ဒရတနာမြစည်းခုံစေတီတော်တို့နှင့် အတူ အခြားစိတ်ဝင်စားဖွယ်ရာ စေတီငယ်များစွာကို တွေ့နိုင်သည်။

အင်းဝ(ရတနာပူရ)တွင် စိတ်ဝင်စားဖွယ်ရာနေရာ များစွာရှိနေပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များစွာကို အထူးဆွဲဆောင်နိုင်သောနေရာပင်ဖြစ်သည်။ အင်းဝဒေသတွင် ထင်ရှားသော လေ့လာစရာနေရာများမှာ အင်းဝရွှေစည်းခုံစေတီတော်၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ ထီးလှိုင်ရှင်စေတီ၊ လောကသရဖူဘုရားကြီး၊ ဝက်ဘာဘုရား၊ မြင့်မိုရ်တောင်ဘုရား၊ ညောင်ရမ်းခေတ်လောကဒုဿမာန်အောင်စေတီ၊ ညောင်ရမ်းခေတ် ကြောင်လိန်ဘုရား၊လေးထပ်ကြီးဘုရား၊ အောင်မြေဘုံစံအုတ်ကျောင်း(ခ) မယ်နုအုတ်ကျောင်း၊ ဆင်ကျုံးခံတပ်၊မဟာမြတ်မုနိ(ခ)စန္ဒာမုနိ၊ ဂူတော်သစ် ၊မဟာဝေယပထ အုတ်လမ်း (ဦးအိုအုတ်လမ်း)နှင့် အခြားလေ့လာစရာ များစွာကို တွေ့နိုင်သည်။ တံတားဦးမြို့နယ် ရှေးဟောင်းဇုန်ဒေသသည် ရေလမ်းဖြတ်ကူးကာ မြစ်ငယ်မြစ်နှင့် ဧရာဝတီမြစ်တို့ဆုံရာအလှကို ခံစားနိုင်သလို ဒေသမြင်းလှည်းများကိုပါ စီးနင်းလေ့လာနိုင်ပြီး စိတ်ဝင်စားဖွယ်ရာကောင်းသောနေရာတစ်ခုအဖြစ် တည်ရှိနေသည်။

၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်း တစ်နေ့လျှင် နိုင်ငံတကာခရီးသွားဧည့်သည်များ အင်းဝဒေသသို့ လာရောက်လေ့လာမှုများသည်။ အိုးတုတ္တန်းကူးတို့ဆိပ်မှ နေ့စဉ်နိုင်ငံတကာခရီးသွားဧည့်သည် တစ်နေ့လျှင်ပျမ်းမျှ ၄၀၀ခန့် လာရောက်ကြောင်း သိရသည်။ လက်ရှိကာလတွင် ခရီးသွားဧည့်သည် ဝင်ရောက်လေ့လာမှုများသည်ဟုဆိုနိုင်ပြီး အိုးတုတ္တန်းတွင် နိုင်ငံတကာခရီးသွားဧည့်သည် တင်ယာဉ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**အောင်လံ ဇန်နဝါရီ ၂၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်များနှင့်အညီ အမျိုးသား ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲမှုနှုန်း ၃၂ ရာခိုင်နှုန်းကို ၂၀၁၅ ခုနှစ်တွင် ထက်ဝက် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်က မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်ဆင်ချိုတိုင်ကျေးရွာအား မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က မြစိမ်းရောင်ရန်ပုံငွေ လွှဲအပ်ရခြင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က လွှဲပြောင်းပေးအပ်ရာ ဆင်ချိုတိုင်ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ရရှိသူများကိုယ်စား ကော်မတီဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**



# ပရဟိတ၏နောက်ကွယ်

ကြည်နူး(တိ/က)

မနက်ဖြန်နံနက် ခြောက်နာရီခရီးစထွက်ရမည်ဟု သိရှိရပြီးကတည်းက ညတွင်းချင်းပင် အထုပ်အပိုး ပြင်ပြီးဖြစ်နေသည်။ ခရီးဆောင်အိတ်ကား အမြဲ အဆင်သင့်၊ လမ်းခရီးအတွင်း ကိုယ်သုံးနေကျ ဆေးဝါးက အစ သွားပွတ်တံအဆုံး အိတ်ထဲ အမြဲအပိုထည့်ပြီးသားပါ။ အဝတ်အစားအနည်းငယ် ထပ်ထည့်လိုက်ရုံမျှဖြင့်ပင် ခရီးသွားဖို့က အဆင်သင့်ဖြစ်နေတော့သည် ။

ဒီခရီးစဉ်ကလည်း တက်သုတ်ရိုက်ရမည့်ခရီးစဉ် ရယ်ပါ။ ဥရောပသားနှင့် အာရှသား ပေါင်းနှစ်ဖွဲ့နှင့်အတူ ခရီးသွားရပါလိမ့်မည်။ သူတို့ မြန်မာပြည်မှပြန်လည် ထွက်ခွာမည့်ရက်အတိအကျမို့ ဤခရီးသည် အချိန်တိကျဖို့ အရေးကြီးသည်။

မိမိဌာနက ပထမစုရပ်၊ ဒုတိယစုရပ်ကား ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၊ အားလုံးအချိန်ကွက်တိရယ်ပါ။ စထွက်တော့ ရန်ကုန်မြို့ကြီးကား ချမ်းစိမ့်စိမ့်၊ မြို့ကျိုးကန်းများပင်လျှင် ကိုယ့်ကိုယ်ကိုယ် အမွေးများ ပွအောင်လုပ်ကာ အချမ်းကိုအန်တုနေသေးတဲ့ အချိန်အခါရယ်ပါ။ (၁၁၅) မိုင်ရောက်တော့လည်း ကော်ဖီ၊ လက်ဖက်ရည်လောက်သာ မြန်မြန်သွက်သွက်သောက်ကြသည်။ မည်သူမျှ ထမင်းဟင်းစားလိုပုံမပေါ်၊ ရောက်ရမည့် ခရီးစဉ်အဆုံးကိုသာ အာရုံစူးစိုက်နေကြဟန်တူသည်။ ဤခရီးကား တစ်ညအိပ် နှစ်ရက် မရှိတစ်ရှိခန့် တိုတောင်းသည်မို့ အားထည့်ထားကြသည် ။

နေပြည်တော်ရောက်သည်နှင့် အုပ်စုနှစ်စု ခွဲလိုက်ကြသည်။ ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်တာဝန်နှင့် ကိုယ်စီ အားချိန်မရှိကြ။ နားချိန်ရောက်လို့ နာရီကိုကြည့်လိုက်တော့ ဟိုတယ်ပြန်ပြီး ခြေပစ်လက်ပစ်နှင့် အိပ်ရုံသာ ရှိတော့သည်။ နောက်တစ်နေ့လည်းပဲ ခြေထောက်တွေမှာ အင်ဂျင်တပ်ထားသလို လှုပ်ရှားကြရပြန်သည်။ ယနေ့ည အရောက်ပြန်ရမည်မို့ ကားထွက်မည့်အချိန်ကိုလည်း သတ်မှတ်ထားပြီးဖြစ်ရာ နေ့လယ်စာကိုပင် ကမန်းကတန်းနှင့် မတ်တတ်မစားရရုံတမည် သွက်သွက်လေး စားသုံးရသည်။

ဤနေရာတွင်မှ ပြဿနာက စသည်။ ကသောကမျောနှင့် မျိုချလိုက်သော ထမင်းလုပ်နှင့်အတူ ကြက်သားကြော်သည် လည်မျိုတစ်လျှောက်ဆင်းသွားသောအခါ ကျွန်တော်မျက်လုံးပြူးရတော့သည်။ ကြက်သားကြော်သည် သူချည်းသာမဟုတ်၊ ကြက်ရိုးကိုပါ အဖော်ပြုသွားရာ ကြက်ကြော်မှ အရိုးသည် ကျွန်တော့်လည်ချောင်းတွင် ကန့်လန့်ခံ တစ်စို့၍နေလေပြီ။ ထမင်းဆုပ်မျိုချလည်းမရ၊ ရေသောက်လည်း တုတ်တုတ်မျှမဖြုန်၊ လည်ပင်းကို ဖိနှိပ်ပေးသော်လည်း အရာမထင်၊ ကြက်ရိုးကား ကျွန်တော့်ကို ခရီးသွားဆဲ ကန့်လန့်တိုက်နေလေပြီ။ တံတွေးပင် မျိုလို့မရတော့။ ဝေဒနာကား အခံရခက်လှဘိသည်။ အတူခရီးသွားဖော်များ စိုးရိမ်စိတ်ဖြစ်ပေါ်မှာစိုးသောကြောင့် ဤကိစ္စကိုဖွင့်ဟ၍ မပြောဖြစ်ခဲ့ပါ။ ဤသို့နှင့်ပင် အပြန်ခရီးကို ကြက်ရိုးကို လည်ချောင်းမှာ ပိုက်ထွေးရင်း ရန်ကုန်သို့ ညနက်သန်းခေါင်မှာ ပြန်လည်ရောက်ရှိခဲ့သည်။

သို့ပါသော်လည်း ကျွန်တော့်ခရီးစဉ်ကား ဤမှာပင် အဆုံးမသတ်သေး။ ထိုခရီးမသွားခင်ကတည်းက ကြိုတင်ချိန်းဆိုထားသောအလုပ်ကား စောင့်မျှော်၍ နေနှင့်သည်။ နောက်နေ့မနက် တောင်ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ခွေးများအား အခမဲ့ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးရေးစီမံချက်ဖြစ်သည်။

ပွင့်လင်းစွာဝန်ခံရသော် ကျွန်တော်မသွားလိုတော့ပါ။ တက်သုတ်နှင်ပြီး အလုပ်တွေလုပ်ခဲ့ရလို့၊ အချိန်တွေလုပြီး ခရီးသွားခဲ့ရလို့ ခရီးပန်းနေတဲ့ကျွန်တော်သည် တာတိုအပြေးသမားတစ်ယောက်လို နောက်နေ့မနက်မှာ အားအင်ကုန်ခမ်း၍နေပါသည်။ တစ်ဖန် မမျှော်လင့်ဘဲ လည်ချောင်းကြီးထဲ ကျောက်ချရပ်နားနေတဲ့ ကြက်ရိုးကန့်လန့်ကြီးရဲ့ဝေဒနာကိုလည်း ဆေးရုံသွားကာ အာခေါင်ဖြဲကလော်ထုတ်ရပါဦးမည်။ ကျွန်တော့်ခန္ဓာရဲ့ ဝေဒနာများကို ဦးစားပေးရှင်းထုတ်ပစ်ချင်နေသည်။ သို့သော် ကျွန်တော်ပြန်စဉ်းစားကြည့်မိသည်။ လေလွင့်ခွေးများစွာ၏ သနားစဖွယ်မျက်နှာများကိုလည်း ပြန်လည်မြင်ယောင်မိသည်။ မိမိ၏ကိုယ်ရေးကိစ္စကို နောက်တစ်ရက်ဆုတ်သော်လည်း ဆိုးကျိုးမရှိနိုင်၊ အားကိုးရာမဲ့ လေလွင့်ခွေးများကိစ္စ ယနေ့ကပင် ဦးစားပေးလုပ်လိုက်မည်ဟု ဆုံးဖြတ်ကာ အိပ်ရာမှလူးလဲထလိုက်ပြီး နံနက် ၇ နာရီ စုရပ်ရှိရာသို့ အပြေးအလွှားသွားခဲ့ပါသည်။

စုရပ်ရောက်တော့ လူစုံနေပါပြီ။ အမြဲတစေ ပြုံးရွှင်စွာနေလေ့ရှိတဲ့ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်တင်တင်မြိုင်၊ အမြဲအလုပ်တွေများနေတတ်တဲ့ အတွင်းရေးမှူး ဒေါက်တာစိုးမင်းတို့လည်း စောစီးစွာကပင် ရောက်နေကြပုံပေါ်သည်။ စားလည်းစား ဝတ်လည်းဝတ်ဟုဆိုကာ ပြောပြောဆိုဆို ကန်ပိန်းအင်္ကျီတစ်ထည်နှင့် ကော်ပြန့်လိပ်တစ်ပွဲကို ရှေ့အရောက်လာချပေးသူက ဒေါက်တာအေးကျော်၊ သူလာချပေးတဲ့ ကော်ပြန့်လိပ်တစ်ပွဲက တံတွေးပင် မျိုချရန်ခက်ခဲနေသော ကျွန်တော့်လည်ချောင်းကို စိန်ခေါ်နေသယောင်ယောင်၊ သို့ပေမယ့် ဗိုက်ထဲတွင် ဟာလာဟင်းလင်းဖြစ်နေသော ကျွန်တော်ကတော့ဖြင့် ကော်ပြန့်လိပ်တစ်ချောင်းကို ဆွဲယူကိုက်ဝါးပစ်လိုက်သည်။ ဤတွင် ကျွန်တော်အညာမိသွားပါပြီ။ ထိုအရာသည် ကော်ပြန့်လိပ် မဟုတ်ပါ။ ကျွန်တော်မနှစ်သက်ဆုံး အစာအစာဖြစ်သည့် ငှက်ပျောကော်ပြန့်ကြီးပါ။ မကြိုက်သော်ငြားလည်း လူအများရှေ့မှာ ပြန်ထွေးမထုတ်တော့ဘဲ ဇွတ်အတင်းကျိတ်မှိတ်မျိုချလိုက်သည်။ စက္ကန့်ပိုင်းကြာမျှ နာကျင်မှုက ဆိုဖွယ်ရာမရှိပြီ။ သို့သော် ထိုနာကျင်မှု၏ နောက်ကွယ်တွင် လည်ချောင်းကြီးကား ရှင်းလင်းသွားသော မြောင်းကြီးသဖွယ် ကျွန်တော်သိမှတ်ခံစားလိုက်ရသည်။ နာကျင်မှုတွေယူပစ်လိုက်သလို ပျောက်ကွယ်သွားသည်။ မျက်စိမှိတ်မျိုချလိုက်သော ငှက်ပျောကော်ပြန့်ကြီးသည် ကန့်လန့်ခံနေသော ကြက်ရိုးကို တောင်ကျချောင်းရေနှယ် တွန်းချရှင်းလင်းဖယ်ရှားပေးခဲ့ပါပြီ။

အလွန်တရာမှပင် ပျော်ရွှင်သောစိတ် ကျွန်တော်ဖြစ်မိသည်။ ဤခွေးရူးကာကွယ်ဆေးထိုးပွဲကိုသာ အားထည့်ပြီး ကျွန်တော် မလာရောက်မိခဲ့သော် လည်းချောင်းထဲ ကန့်လန့်ခံနေသောအရိုးသည် မည်သည့်အတိုင်းအတာအထိ ဒုက္ခပေးဦးမည်ကို မမှန်းဆနိုင်။ ငွေကုန်၊ အချိန်ကုန် လူပန်းရမည့်အရေးကား ပရဟိတအလုပ်ဆိုသော အနှိုင်းမဲ့စေတနာ၏ နောက်ကွယ်က လိုက်ပါလာသော မြင်နိုင်စွမ်းမရှိသည့် စွမ်းအားများက ချက်ချင်းလက်ငင်း ကျွန်တော့်ကို ကောင်းကျိုးပေးခဲ့လေပြီ။

ကမ္ဘာပေါ်တွင် လူသားအပေါင်းတို့သည် မိမိတို့လက်တစ်ကမ်းရှိ လူ့အသိုင်းအဝန်းအတွင်း ဖြစ်ပေါ်လိုအပ်လျက်ရှိသော ပရဟိတလုပ်ငန်းများတွင် တတ်စွမ်းနိုင်သရွေ့ ပါဝင်ကူညီထမ်းဆောင်ကြခြင်းဖြင့် ဤကမ္ဘာလောကကြီးသည် တစ်စထက်တစ်စ ပိုမိုအေးချမ်းသာယာလှပသော ကမ္ဘာမြေကြီးအဖြစ် မလွဲမသွေရောက်ရှိလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# မူလမင်းကွန်းဇေတဝန်ကျောင်းတိုက် နှစ်(၁၀၀)ပြည့်ပူဇော်ပွဲကျင်းပ

**သထုံ ဇန်နဝါရီ ၂၅**

သထုံမြို့ မူလမင်းကွန်းဇေတဝန်ကျောင်းတိုက်ကြီး တည်ထောင်သည့် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်များကို ဇန်နဝါရီ ၂၄ ရက် နံနက် ၇ နာရီက စတင်ကာ သထုံမြို့ လေယာဉ်ကွင်းဟောင်းရှိ အဆိုပါကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပူဇော်ပွဲကို ကျောင်းဝင်းအတွင်းရှိ ဓမ္မဗိမာန်တော်တွင် ကျင်းပရာ ကြွရောက်လာသူများက နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပိဋကတ္တရပါရဂူ၊ သထုံမြို့လယ်ဝန်ကျောင်းတိုက်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ကပ်လှူကြသည်။ ယင်းနောက် ဆရာတော်များထံမှ ဩဝါဒတရားများ နာယူကြပြီး သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် မြို့မိမြို့ဖများက သာသနာရေးဆိုင်ရာများကို လျှောက်ထားကြကာ လှူဒါန်းမှုများအတွက် ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

အဆိုပါပူဇော်ပွဲတွင် သထုံမြို့နှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များက သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုတို့ကို လောင်းလှူကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မဟာသုန္ဒရာရာမကျောင်းတိုက် “အနန္တဂုဏ်ရည်”သာသနာ့ဗိမာန် ငါးထပ်ကျောင်းတော်ကြီး ပန္နက်တော်တင်

နေပြည်တော် ဇန်နဝါရီ ၂၅

**မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာရာမ ကျောင်းတိုက်အတွင်း တည်ဆောက်လှူဒါန်းမည့် “အနန္တဂုဏ်ရည်”သာသနာ့ဗိမာန် ငါးထပ်ကျောင်းတော်ကြီး ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တံခွန်တိုင်ရပ်ကွက်ရှိ အဆိုပါကျောင်းတိုက်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ ပန္နက်တင်ပေးသည်။**(အောက်ပုံ)



အခမ်းအနားသို့ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုန္ဒောဘာသာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာလောကထွဋ်ခေါင်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာယကချုပ်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပန္နက်တော်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာသုန္ဒရာရာမ ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် သူရဦးအေးမြင့်နှင့် အလှူရှင်များသည် သတ်မှတ်နေရာများ၌ ပန္နက်တော်တင်ပေးကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(တင်မောင်-မန္တလေး)**

# ရွှေတောင်မျိုးစေ့ထုတ်သုတေသနခြံ၌ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ ရွှေတောင်မျိုးစေ့ထုတ်သုတေသနခြံ၌ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထားမှုနှင့် ရွှေတောင်(၉)နှင့် ငွေချည်(၈)ဝါဂွမ်းဖြူ သုတေသနစိုက်ကွင်းများကို ကြည့်ရှုအားပေးပြီး သုတေသနလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် မရှိမဖြစ်ဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းမရှိပါက ဖွံ့ဖြိုးတိုးတက်မှုရရှိမည်မဟုတ်ကြောင်း၊ ရရှိလာသော သုတေသနရလဒ်များကို တောင်သူများထံ တစ်ရာသီပြီး တစ်ရာသီ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သော စားရေရိက္ခာဖူလုံရေးသည် မျိုးကောင်းမျိုးသန့်ရရှိရေးအပေါ် မူတည်နေ၍ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို စဉ်ဆက်မပြတ် သုတေသနပြု မျိုးစပ်ထုတ်လုပ်သွားရန် မှာကြားသည်။

ထို့နောက် ရွှေတောင်သုတေသနခြံထွက် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များ၊ ပဲမျိုးစေ့များ၊ နေကြာမျိုးစေ့များနှင့် ဝါဂွမ်းမျိုးစေ့များ၊ ငွေချည်(၈)နှင့် ရွှေတောင်(၉) ချည်မျှင်ရှည်ဝါစပ်မျိုး မျိုးစေ့ထုတ်စိုက်ကွင်း၊ ဧက ၅၀၀ ပုလဲသွယ် စပ်မျိုးစပါး ပျိုးကြဲနေမှုနှင့် ခေတ်မီအအေးခန်း သိုလှောင်ရုံ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

◆

# အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၅**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

# (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

(၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး H.E.Mr.Ramon R.Jimenez,Jr က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။

သဘာပတိက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၃ ခုနှစ်အတွင်းတစ်ကမ္ဘာလုံးအနေဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၀၈၇ သန်းရောက်ရှိခဲ့ပြီး ယခင်နှစ်ကထက် ငါးရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၁၅၉ ဘီလီယံ ရရှိခဲ့ကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု ခြောက်ရာခိုင်နှုန်းတိုးတက်ခဲ့သဖြင့် တိုးတက်မှုအမြင့်မားဆုံးဖြစ်ကြောင်း၊ အာဆီယံဒေသအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၉၉ ဒသမ ၂ သန်းရောက်ရှိခဲ့သဖြင့် တိုးတက်မှု ၁၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အာဆီယံနိုင်ငံများအချင်းချင်း လာရောက်လည်ပတ်မှုမှာ ၄၅ ဒသမ ၆ သန်းရှိခဲ့သဖြင့် စုစုပေါင်းခရီးသည် ရောက်ရှိမှု၏ ၄၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ထိုအချက်ကိုကြည့်ခြင်းဖြင့်အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးမှာ လွန်စွာအရေးကြီးသည်ကို သိရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက အာဆီယံအသိုက်အဝန်းများ တည်ထောင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး အာဆီယံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများအပေါ် အသိအမှတ်ပြုခဲ့ပါကြောင်း၊ ယခုအချိန်တွင် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် (၂၀၁၁-၂၀၁၅)အရ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအဆင့်အတန်းများသတ်မှတ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ရေးအတွက် ဒေသဆိုင်ရာအတွင်းရေးမှူးရုံး တည်ထောင်ရန် ညှိနှိုင်းမှုများ ဆောင်ရွက်နေပြီး မကြာခင် သဘောတူစာချုပ် လက်မှတ်ရေးထိုးအတည်ပြုနိုင်တော့မည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သို့သော စိန်ခေါ်မှုများကြုံတွေ့ရသည်ဖြစ်စေ စည်းလုံးမှု၊ ခိုင်မာမှု၊ ကြံ့ခိုင်မှုနှင့် တစ်သားတည်းရှိမှု စသည့် အာဆီယံစိတ်ဓာတ်ဖြင့် ဖြတ်ကျော်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံ့ခေါင်းဆောင်များ၏ ကောင်းမြတ်သောခေါင်းဆောင်မှုနှင့် လမ်းညွှန်မှုများကြောင့် အာဆီယံသည် ကမ္ဘာပေါ်တွင် အစဉ်အမြဲဖွံ့ဖြိုးတိုးတက်နေသော ခရီးစဉ်ဒေသတစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံဒေသသို့ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုအခြေအနေများ၊ အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် ၂၀၁၂-၂၀၁၅ အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာ ၂၀၁၆-၂၀၂၅ အား ရေးဆွဲရေးလုပ်ငန်းစဉ်များ၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ ပူးတွဲကြေညာချက်စာတမ်း ထုတ်ပြန်ရေးကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ ချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံ-တရုတ်ဗဟိုဌာန၊ အာဆီယံ-ဂျပန်ဗဟိုဌာနနှင့် အာဆီယံ-ကိုရီးယားဗဟိုဌာနတို့မှ အထွေထွေအတွင်းရေးမှူးချုပ်များ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီမှ ဥက္ကဋ္ဌနှင့် ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့မှ အမှုဆောင်အရာရှိချုပ်များ တက်ရောက်၍ အာဆီယံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် အစည်းအဝေးကာလအတွင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Dr.Taleb Rifai နှင့်လည်းကောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Mr.David Scowsill တို့နှင့် သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြခန်းများခင်းကျင်းဆောင်ရွက်ထားမှု၊ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အခြားအထောက်အကူပြုကုမ္ပဏီများမှ ပြင်ဆင်ထားရှိမှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ၊ CB Bank၊ KMA Hotel Groups တို့၏ ပြခန်းများအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးမစ္စစ် စူရှမာဆွာရာ့ဂ်ျထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော ဩစတြေးလျနေသဟာယနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စ ဂျူလီဘစ်ရှော့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**○အဆုံးသတ်အားနည်းမှုမှ**

တိုက်စစ်မှာ အလုပ်မဖြစ်ခဲ့ပေ။

ဒုတိယပိုင်းတွင် မကွေးအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်တင်ခဲ့သော်လည်း နေပြည်တော် နောက်တန်း၏ စနစ်တကျ ပိတ်ဆို့မှုကြောင့် ပထမပိုင်းကလောက်ပင် ဂိုးသွင်းခွင့် မရတော့ဘဲ သရေဖြင့်သာ ပြီးဆုံးသွားခဲ့ခြင်းဖြစ်သည်။

**(YUSC ကွင်း)**

**ရန်ကုန်ယူနိုက်တက် - သုံးဂိုး**

**(ဆီဇာ- နှစ်ဂိုး၊ ဇွဲကပင်မှ ဂျူဆီကာ ကိုယ့်ဂိုးကိုယ်သွင်း)**

**ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ**

ပွဲစဉ်(၃)အပြီးတွင် ရန်ကုန်နှင့် ဧရာဝတီအသင်းတို့က ကိုးမှတ်စီရရှိထားသော်လည်း ဂိုးကွာခြားချက်ဖြင့် ရန်ကုန်က ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ လက်ရှိချန်ပီယံ ရတနာပုံက ခုနစ်မှတ်၊ ကမ္ဘောဇနှင့် မကွေးတို့က ငါးမှတ်စီ၊ ဇေယျာရွှေမြေနှင့် ချင်းယူနိုက်တက်တို့က လေးမှတ်စီရရှိထားသည်။ **(ရှိုင်းထက်ဇော်)**



**ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးလွင်။**

**●ကျောဖုံးမှ**

ပြုလုပ်ခဲ့သော အဆိုပါ ဝိဇ္ဇာနှင့် သိပ္ပံပြပွဲတွင် ဝိဇ္ဇာဘာသာရပ်နှင့်ဆိုင်သော ပြခန်းပေါင်း ၄၉ ခန်း၊ သိပ္ပံနှင့်ဆိုင်သော ပြခန်းပေါင်း ၆၉ ခန်း၊ အခြားသော ဆက်စပ်သည့် ဘာသာရပ်များနှင့် သက်ဆိုင်သော ပြခန်းပေါင်း ၂၀ တို့ အပါအဝင် ပြခန်းစုစုပေါင်း ၁၃၈ ခန်းကို ပြသခဲ့ရာ ကျောင်းသားကျောင်းသူများ၏ မိဘအုပ်ထိန်းသူများ၊ အခြားသော စာသင်ကျောင်းအသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လာရောက်လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

"ကလေးတစ်ယောက်ဟာ သူငယ်တန်းကနေ တက်လိုက်ရင် ဆယ်တန်းလောက် ရောက်သွားတဲ့အခါမှာ ဘာသာရပ်အသီးသီးမှာ ဘယ်လောက်တတ်သွားသလဲဆိုတာ မြင်ရတယ်။ အခုပြပွဲရဲ့ ပြပုံပြနည်းက သမိုင်း ဘယ်လောက်တတ်သလဲ။ ပထဝီဘယ်လောက်တတ်သလဲ။ သိပ္ပံဘယ်လောက်တတ်သလဲ။ ဘာသာရပ်နယ်ပယ်နဲ့ ပြတဲ့သဘောဖြစ်သွားတယ်။ အဲဒီလိုလေးတွေတော့ ရှိတယ်။ ကလေးတွေက သူတို့အကြိုက်ဆုံး ပြကွက်လေးတွေကို ထုတ်နုတ်ပြသတာတော့ရှိတယ်။ High School Level အထိပဲပေးနိုင်တယ်။ High School ကျောင်းသားတစ်ယောက် ကျောင်းပြီးသွားတဲ့အခါ ပထဝီ ဘယ်လောက်တတ်သလဲ၊ သချ်ာ ဘယ်လောက်တတ်သလဲ၊ သိပ္ပံဘယ်လောက်တတ်သလဲ ဆိုတာမျိုး Teacher တို့က မတိုင်းတာဘူး။ ပညာရေးမှာ ပေးလိုက်တာက ဗဟုသုတဘယ်လိုရှာလဲ၊ ဗဟုသုတဆိုတာ ဘာလဲဆိုပြီးတော့ သူတို့ကို သိအောင်လုပ်ပေးလိုက်တယ်ပေါ့"ဟု အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးလွင်က ရှင်းပြသည်။

၂၀၀၆-၂၀၀၇ ပညာသင်နှစ်ကာလတွင် သိပ္ပံပြပွဲဖြင့် စတင်ခဲ့ပြီး သိပ္ပံပြပွဲချည်းလေးနှစ်လောက်ပြုလုပ်ပြီးနောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်လောက်တွင် သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ်နှစ်ခုတွဲ၍ ပြုလုပ်ခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူများ ဝိဇ္ဇာသိပ္ပံပညာနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန် ရည်ရွယ်ခြင်း၊ ပညာရပ်အသီးသီးကို လက်တွေ့အကောင်အထည်ဖော်ရာတွင် စာတွေ့အရ တွက်ချက်လေ့လာပြီးမှ ပြုလုပ်စေခြင်း၊ ပညာရပ်အသီးသီးကို လေ့လာရာတွင် စာတွေ့အပြင် လက်တွေ့နှင့်ပူးတွဲလေ့ကျင့်မှုသာ အောင်မြင်နိုင်မည်ဟု ယုံကြည်ခြင်း၊ လက်တွေ့ပြုလုပ်ရာတွင် စာတွေ့ကိုအခြေခံ၍ ကောင်းသည်ထက်ကောင်းအောင် တီထွင်ကြံဆလိုခြင်း၊ ကျောင်းသားတို့၏ အနာဂတ်စီးပွားရေးရွေးချယ်မှုများတွင် စက်မှုအတတ်ပညာအသုံးချကာ စီးပွားရေးရွေးချယ်မှုရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိလာမည်ဟု သိရသည်။

"ဘာသာရပ်တွေကို အသုံးချပြီး စိတ်ဝင်စားမှုကိုမြှင့်တင်ပေးလိုက်တဲ့သဘော Skill ပေါ့။ ဥပမာပြောရရင် အစေ့လေးတစ်စေ့ကို အပင်ပေါက်ဖို့ လေ့လာတဲ့အခါ ကလေးတွေက စောင့်ကြည့်ရတယ်။ ဒီအစေ့လေးကို နေရောင်ထဲမှာထားရင် ဘယ်လိုရေလောင်းရင် ဘယ်လိုရေကို ဖျန်းလိုက်ရင် ဘယ်လိုဖြစ်မယ်ဆိုတာ ဆရာက ကြိုမပြောဘဲနဲ့ ကျောင်းသားက ကိုယ့်ဟာကိုယ်လေ့လာရတာ၊ သူဟာသူစောင့်ကြည့်ရမယ်ဆိုတဲ့ Skill တွေ၊ Observation တွေ ရသွားတယ်။ အဆင့်ဆင့် ဘယ်လိုလေးဖြစ်တယ်။ ဆိုတာ ရေးရတယ်။ အဲ့ဒီလိုမျိုး Skill တွေတတ်သွားတယ်။ ဒါက မှန်တယ်၊ ဒါကမှားတယ်လို့ ပြောတာထက် သူ့ဟာသူဆင်ခြင်သုံးသပ်နိုင်တဲ့အခြေအနေမျိုး လေ့ကျင့်ပေးတယ်။ ဗဟုသုတကို ဘယ်လိုရှာရသလဲဆိုတာ လေ့ကျင့်ပေးတယ်၊ အတွေ့အကြုံတွေ ပေးတယ်၊ စိတ်စွမ်းအင်ငါးမျိုးကို သင်ပေးတယ်"ဟု ကျောင်းအုပ်ဆရာမကြီးက ဆက်လက်ရှင်းပြခဲ့သည်။

ထိုကျောင်းတွင် ကျောင်းသားကျောင်းသူ ၁၅၀၀ လောက် ပညာသင်ကြားနေပြီး ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ ပြပွဲများကို ကျောင်းသားကျောင်းသူများ၏ ကိုယ်ပိုင်စိတ်ကူး စိတ်သန်းများဖြင့် တီထွင်အသုံးချ၍ ပြသခဲ့ကြကြောင်း သိရသည်။

**ထက်ခိုင် (စမ်းချောင်း)**

# သာယာဝတီမြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါး စိုက်ပျိုးသရုပ်ပြ

**သာယာဝတီ ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးကောက်စိုက်စက်နှင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျွဲသတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၀၁)ရှိ တောင်သူဦးထွန်းဝေ၏လယ်၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါသရုပ်ပြပွဲ၌ စိုက်ပျိုးရေးဦးစီးဌာန ဒုတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်က လယ်ယာလုပ်သားများ တစ်နှစ်ထက်တစ်နှစ် ရှားပါးလာမှုကို ဖြေရှင်းရန်အတွက် ကောက်စိုက်စက်များကို လယ်ယာလုပ်ငန်းခွင်၌ အစားထိုးသုံးစွဲခြင်းဖြင့် ကောက်စိုက်သမအခက်အခဲပြဿနာကို ဖြေရှင်းနိုင်ရုံသာမက အချိန်ကုန်သက်သာခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်မှာဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး ခရိုင်စက်မှုလယ်ယာ ဦးစီးမှူးက ကောက်စိုက်စက်နှင့်ပတ်သက်၍ သုံးစွဲပုံနည်းစနစ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဗန်းဖြင့်ပျိုးထောင်ထားသော ပျိုးသက် ၁၅ ရက်သား ပုလဲသွယ်ပျိုးများကို တောင်သူဦးထွန်းဝေ၏ နွေစပါး သုံးဧကစိုက်ခင်း၌ ကောက်စိုက်စက်ဖြင့်လက်တွေ့သရုပ်ပြစိုက်ပျိုးပြသရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့သည်။ **(စိုက်ပျိုးရေး)**



# Road Race နှင့် Mountain Bike စက်ဘီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မြန်ရွှေပြည် Tractors ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Road Race ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်မှစ၍ ကျင်းပလျက်ရှိရာ ယနေ့ နံနက် ၇ နာရီက Mountain Bike စက်ဘီးပြိုင်ပွဲကို ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်ရွှေပြည် Tractors ကုမ္ပဏီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ BMX စက်ဘီးသရုပ်ပြစီးနင်းသူများအား ကြည့်ရှုအားပေးခဲ့ပြီး အားကစားသမားများ စံချိန်များ ကောင်းမွန်လာစေရေး ကြိုးစားကြရန်၊ အားကစားသမားများလေ့ကျင့်မှုများ တိုးတက်လာစေရန်အတွက် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ်သွားရန် မှာကြားခဲ့သည်။

ထို့နောက် (၁၉)နှစ်အောက် Road Race ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ဇင်လင်းကို၊ ဒုတိယဆုရရှိခဲ့သော ရဲခန့်မွန်၊ တတိယဆုရရှိခဲ့သော အောင်ဖြိုးမင်းတို့အား မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းကလည်းကောင်း၊ အမျိုးသမီး (၁၉)နှစ်အောက် Road Race ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ခိုင်ဇင်မိုး၊ ဒုတိယဆု ရရှိခဲ့သော ထက်ထက်လှိုင်၊ တတိယဆုရရှိခဲ့သော ချိုချိုဌေးတို့အား မြန်ရွှေပြည် Tractors ကုမ္ပဏီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဝင်းကလည်းကောင်း၊ အသက်(၁၉)နှစ်နှင့် (၁၅)နှစ်ကြား အမျိုးသားပြိုင်ပွဲတွင် ပထမဆု ချစ်ကိုကို၊ ဒုတိယဆု စိုးသက်၊ တတိယဆု ကျော်ထက်အောင်၊ အသက်(၁၉) နှစ်နှင့် (၂၅)နှစ်ကြား အမျိုးသမီးပြိုင်ပွဲတွင် ပထမဆု သူဇာ၊ ဒုတိယဆု တင်ဝင်းကြည်၊ တတိယဆု အိအိသက်၊ Mountain Bike ပြိုင်ပွဲမှ အသက်(၁၉)နှစ် အောက်ပြိုင်ပွဲတွင် ပထမဆု မန်းတင်ခေါင်၊ ဒုတိယဆု အောင်ဖြိုးပိုင်၊ တတိယဆု ခင်မောင်ဦး၊ အသက်(၁၉)နှစ် နှင့် (၂၅)နှစ်ကြားပြိုင်ပွဲတွင်ပထမဆုဇော်ဝင်းကို၊ ဒုတိယဆုမင်းမော်ဟန်၊ (၂၆)နှစ်နှင့်အထက်ပြိုင်ပွဲတွင် ပထမဆု မင်းမင်းဟန်၊ ဒုတိယဆု မစ္စတာမာမက်၊ တတိယဆုကို အောင်ဖြိုးဝေတို့ ဆုများရရှိပြီး တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# အမြန်လမ်းမကြီးကို ရှစ်လမ်းသွားပြုပြင်



**မြင်းခြံ ဇန်နဝါရီ ၂၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ရှစ်လမ်းသွားအဆင့်မြှင့်တင်ရန် မိုင်တိုင်(၃၂၆)မှ(၃၄၀)ထိမြေသားလမ်းပြုပြင်မှုများ ပြုလုပ်ပြီးစီးခဲ့သည်။ (ဓါတ်ပုံ)

လက်ရှိလေးလမ်းသွားဖြင့် အသွားအပြန်သွားလာရာနေရာ ရှစ်လမ်းသွားတိုးချဲ့ရန် မြေသားပြုပြင်မှုစတင်လျက်ရှိသည်။ အလားတူ လမ်းလယ်တွင်လည်း အလှပန်းများ စိုက်နေရာ၊ စက္ကူပန်းရောင်စုံကိုလည်း လမ်းပိုင်းအလိုက် စိုက်နေကြရာ မကြာမီ ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ရောင်စုံပန်းများဖြင့် အလှဆင်မည်ဟု သိရသည်။

**(ဌေးမြင့်မောင်)**

# မဂ္ဂဇင်းကြော်ငြာများကိုလည်း လျှော့ချဝန်ဆောင်မှုပေးမည်

ကြေးမုံသတင်းစာတွင် သုတ၊ ရသဆိုင်ရာ စာအုပ်ကြော်ငြာ(ဂျာနယ်၊ မဂ္ဂဇင်းကြော်ငြာများမပါ) တစ်လက်မ × တစ်ကော်လံလျှင် ရောင်စုံကျပ် ၆၀၀၀ နှင့် အဖြူ/အမည်း ကျပ် ၄၅၀၀ နှုန်းဖြင့် ၁-၁၂-၂၀၁၄ ရက်မှစတင်၍ ထက်ဝက်လျှော့ချဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ယခုအခါ မဂ္ဂဇင်းထုတ်ဝေသူများ၏ဆန္ဒအရ သုတ၊ ရသစာအုပ်များနှင့်အတူ မဂ္ဂဇင်းစာအုပ်ကြော်ငြာများကိုလည်း အထက်ပါနှုန်းထားအတိုင်း ထက်ဝက်လျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**(ကြေးမုံသတင်းစာတိုက်)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကော်စက်ရုံမီးလောင်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ကော်စက်ရုံ၌ ဇန်နဝါရီ ၂၅ ရက် နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၅ ရက် နံနက် ၂ နာရီခွဲက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(၁၃)ရပ်ကွက် ဆည်တော်(၁)လမ်းရှိကော်စက်ရုံမှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ ယင်းနှင့် ခြံချင်းကပ်လျက်ရှိ နေအိမ်သို့ ကူးစက်လောင်ခဲ့ခြင်းဖြစ်ပြီး ပတ်ဝန်းကျင်မှ ပြည်သူများ၊ တာဝန်ရှိသူများနှင့် မီးသတ်ယာဉ်များ ရောက်ရှိ ငြိမ်းသတ်ခဲ့သဖြင့် နံနက် ၃ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ကော်စက်ရုံအဆောက်အအုံနှင့် ပျဉ်ထောင်အိမ်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**



**သင့်ကြောင့် မီးမလောင်ပါစေနှင့်**



# မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ တရားမဝင်တင်ပို့မည့် ကျွဲ၊ နွားများ ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၅**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီသည် တစ်ဖက်နိုင်ငံသို့ မိမိနိုင်ငံမှ အဖိုးတန်ပစ္စည်းများ တရားမဝင်တင်ပို့မှုမရှိစေရေးနှင့် တစ်ဖက်နိုင်ငံမှ တရားမဝင်ပစ္စည်းများ တင်သွင်းမှုမရှိစေရေးအတွက် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့ကို ဖွဲ့စည်းပြီး ပြည်ထောင်စုလမ်းမကြီးနှင့် ရှောင်ကွင်းလမ်းများတွင် စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းမှ သယ်ဆောင်လာသော ကျွဲ၊ နွားများအား ရှောင်ကွင်းလမ်းများမှ တရားမဝင်ဖြတ်သန်းသယ်ဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည့်အတွက် ဇန်နဝါရီ ၂၃ ရက်ညပိုင်းတွင် ပိတ်ဆို့စောင့်ဆိုင်းခဲ့ရာ ဇန်နဝါရီ ၂၄ ရက် နံနက် ၅ နာရီတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ် အင်အား Mobile Team မှ ဦးစီးအရာရှိ ဦးသန်းထွန်း ဦးစီးအဖွဲ့သည် မော်တောင်း-နမ့်တောင်းကျေးရွာအနီး ရှောင်ကွင်းလမ်းတွင် ယာဉ်အမှတ် IH/. . . . ၁၂ ဘီးယာဉ်ဖြင့် နွား ၂၄ ကောင်၊ ယာဉ်အမှတ် ၇က/. . . ၁၂ ဘီးယာဉ်ဖြင့် နွားတစ်ကောင်၊ ကျွဲအကောင် ၂၀၊ ယာဉ်အမှတ် ၃ဂ/. . . ၁၂ ဘီးယာဉ်ဖြင့် ကျွဲ ၂၂ကောင်၊ ယာဉ်အမှတ် ၆ခ/. . . . ယာဉ်အမှတ် ၁၂ ဘီးယာဉ်ဖြင့် ကျွဲ ၂၂ကောင်၊ စုစုပေါင်းယာဉ်လေးစီး နွား ၂၅ ကောင်နှင့် ကျွဲ ၆၄ ကောင် စုစုပေါင်း ၈၉ ကောင်အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိ ကျွဲ၊ နွား ၈၉ ကောင်နှင့် တင်ဆောင်လာသည့် ယာဉ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၉၀၀ ခန့်အား တားဆီးနိုင်ခဲ့ပြီး အဆိုပါသိမ်းဆည်းရမိယာဉ်နှင့် တိရစ္ဆာန်များအား မူဆယ်ခရိုင်အုပ်ချုပ်ရေးအဖွဲ့မှ ဖွဲ့စည်းပေးထားသည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပါဝင်သည့် အဖွဲ့သို့ စနစ်တကျဆက်လက်လွှဲပြောင်းပေးအပ်ခဲ့ပြီး မော်တော်ယာဉ်များအား အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ တရားမဝင်ကန့်သတ် ကုန်ပစ္စည်းတင်ဆောင်သည့် ယာဉ်မောင်းလေးဦးတို့အားလည်း သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မြင့်အေး(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရန် ကျန်စာရင်း လိုက်လံကောက်ယူလျက်ရှိ

**မူဆယ် ဇန်နဝါရီ ၂၅**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်အတွင်းရှိ ရပ်ကွက်(၅) ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၁)အုပ်စုရှိ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ မိုးပွင့်(အထူး)စီမံချက် ကြီးကြပ်မှုကော်မတီများ၊ အထောက်အကူပြုအဖွဲ့များမှ အိမ်ထောင်စုစာရင်းရှိပြီး အသက်(၁၈)နှစ်ပြည့် မှတ်ပုံတင်ကိုင်ဆောင်သူများစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရန်အတွက် ကျန်ရှိသူများအား တစ်အိမ်တက်ဆင်း စာရင်းများ ကောက်ယူလျက်ရှိသည်။

ဇန်နဝါရီ ၂၄ ရက်က အမှတ်(၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစောအောင်နှင့် ကြီးကြပ်မှုကော်မတီများ၊ အထောက်အကူပြုအဖွဲ့များက တစ်အိမ်တက်ဆင်း စာရင်းများကောက်ယူမှုကိုလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ဦးစီးဌာနမှူး လူဝင်မှုကြီးကြပ်ရေးမှူး ဦးသန်းထွန်းဦးက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

## ပြည်တွင်းရေးရာ

# နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိ၍ ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏ပြောင်းလဲလာသောစီးပွားရေးမူဝါဒများကြောင့် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးကဏ္ဍအသီးသီးတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍသည်လည်း အဓိကအခန်းကဏ္ဍမှပါဝင်လာသည်။ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ စားသောက်ကုန်လုပ်ငန်းတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းစွာဖြင့် ကျန်းမာသန့်ရှင်းလတ်ဆတ်သည့်စားသောက်ကုန်များ စားသုံးနိုင်ရန် အပြိုင်အဆိုင်ဈေးကွက်အတွင်း ဝန်ဆောင်မှုများပေးလျက်ရှိသည်။

နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် ခေတ်မီ Double Racking system အအေးခန်းသိုလှောင်မှုစနစ်ကိုအသုံးပြုထားသည့် Grand Wynn Manufacturing Ltd. သည် အင်္ဂလန်နိုင်ငံရှိ UKAS မှပေးအပ်သည့် နိုင်ငံတကာအသိအမှတ်ပြု Food Safety Management ဆိုင်ရာ ISO22000:2005 Certificate နှင့် GMP, HACCP Certificate များ ရရှိခဲ့သည်။



Grand Wynn Manufacturing Ltd. အား အင်္ဂလန်နိုင်ငံ UKAS မှ ပေးအပ်သည့် နိုင်ငံတကာအသိအမှတ်ပြု Certificate ရရှိခြင်းအတွက် ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒါရိုက်တာဦးအယ်(လ်)လမိန်းဒိန်က စားသုံးသူများအား ကျန်းမာရေးနှင့်အာဟာရပြည့်ဝမှုရှိသည့် အရည်အသွေးကောင်းမွန်သည့်စားသောက်ကုန်များကိုသာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ တစ်နှစ်ပတ်လုံး ကုန်ပစ္စည်းများအား သိုလှောင်ထားနိုင်သည့် နိုင်ငံတကာအဆင့်မီ အအေးခန်းသိုလှောင်မှုစနစ်ကိုအသုံးပြုထားကြောင်းပြောကြားပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးထွန်းဝင်းက ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ACM UK မှ Dr. Fransis Ng က Certificate လက်မှတ်များအား Grand Wynn group of Companies မှ တာဝန်ရှိသူများအား ပေးအပ်ခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း စားသောက်ကုန်ပစ္စည်းများအား ဝယ်ယူဖြန့်ဖြူးခဲ့သည့်လုပ်ငန်းရှင်များအား ဆုများပေးအပ်ခဲ့သည်။

ဗီတာမင်များစွာပါဝင်ပြီး ကင်ဆာဖြစ်စေသောဆဲလ်များကိုလျှော့ချကာ ရေဓာတ်ကိုပြန်လည်ဖြည့်တင်းပေးသည့် တူရကီနိုင်ငံမှ Zade နေကြာဆီနှင့် သံလွင်ဆီ ဖြန့်ဖြူးရောင်းချရန် မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် HELVACIZADE မှ Grand Wynn group of Companies အား ခန့်အပ်လိုက်ကြောင်း အဆိုပါအခမ်းအနားမှသိရသည်။ **(မင်းခန့်စိုး)**

# ပျဉ်းမနား အထက(၁) အာစရိယပူဇော်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော် ပျဉ်းမနားမြို့ အထက(၁)တွင် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် အထက(၁) ရတနာမွန်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။**(ယာပုံ)**



အခမ်းအနားတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက ဆရာကြီး ဆရာမကြီးများကို ဦးစွာဂါရဝပြု စကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ကန်တော့ခံဆရာကြီး ဆရာမကြီး ၁၃၈ ဦး တက်ရောက် ကန်တော့ခံခဲ့ကြသည်။ အသက် (၈၀)နှင့်အထက် ဆရာကြီးဆရာမကြီးများအား တစ်ဦးလျှင် ငွေသားကျပ် နှစ်သိန်း၊ အသက်(၆၀) နှင့် (၇၀)ကြား ဆရာကြီး ဆရာမကြီးများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် ကိုရီးစမ်း-ဒီကိုရီးယားဂျင်ဆင်းဆေးရည်များဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ငွေကျပ် နှစ်သိန်းတန်ရွှေလက်စွပ် ၁၀ ကွင်း၊ ငွေသားတစ်သိန်းဆု ခြောက်ဆုနှင့် ဘုရားမဲ နှစ်ဆုတို့ကို ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကံစမ်းမဲဖောက်ပေးသည်။ ထို့အပြင် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများကို ကျောင်းသားဟောင်း ဦးသန်းထိုက်လင်း စီစဉ်သည့် အကပဒေသာအဖွဲ့က ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**(မာမာစိုး)**

# ဇလွန်မြို့ အဝေးပြေးလမ်းမကြီး အမြန်ပြီးမြောက်စေလို

**ဇလွန် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ အဝေးပြေးလမ်းမကြီးမှာ ရန်ကုန်မှ ညောင်တုန်း၊ ဓနုဖြူ-ဇလွန်-ဟင်္သာတ-ပြည်မြို့အထိ ဆက်သွယ်ထားသည်။ ဇလွန်မြို့၏လမ်းနယ် ၁၆ မိုင်မှ ဟင်္သာတမြို့နယ်ဘက်ခြမ်း ငါးမိုင်အတွင်း သုံးမိုင် နှစ်ဖာလုံလမ်းပိုင်းကို ကတ္တရာထပ်ပိုးလွှာတင်၍ ဇလွန်ပြည်သူ့ဆောက်လုပ်ရေးမှ အဆင့်မြှင့်တင် တည်ဆောက်ရာတွင် နှစ်မိုင်ခန့် ပြီးမြောက်နေသည်ကို တွေ့ရသည်။



တစ်ဖန်ဇလွန်မှ ဓနုဖြူမြို့ဘက် လမ်းနယ် ၁၁ မိုင်ခန့်တွင် ကုမ္ပဏီတစ်ခုမှ တာဝန်ယူထားကြောင်း သိရသည်။ ထိုလမ်းပိုင်းမှာ ဂဝံမြေသားလမ်းဖြစ်သောကြောင့် ယာဉ်တစ်စီးနှင့် တစ်စီး ရှောင်တိမ်းရာတွင် ဖုန်မှုန့်နှင့် မီးခိုးများ ပိတ်မှောင်နေပါ၍ အနောက်မှ ယာဉ်နှင့် ပတ်ဝန်းကျင်အတွက် အလွန်အန္တရာယ် များလှကြောင်း တွေ့ရသည်။

ထို့ကြောင့် ဇလွန်မြို့၏ အဝေးပြေးလမ်းမကြီးမှာ နှစ်ကိုယ့်တစ်စိတ်ဖြစ်နေပါ၍ ဇလွန်ပြည်သူ့ဆောက်လုပ်ရေးမှ ငါးမိုင်လမ်းပိုင်းကို တည်ဆောက်နေချိန်တွင် ကျန်လမ်းပိုင်းများကိုလည်း တာဝန်ယူထားသော ကုမ္ပဏီမှ အချိန်နှင့်တစ်ပြေးညီ တည်ဆောက်စေလိုကြောင်း ဒေသခံများက လိုလားနေသည်။

**(ဇလွန်အေးခိုင်)**

# မြန်မာ့ရုပ်ရှင်သားများအတွက် လှည်းကူးမြို့ မြေဧက ၂၀၀ ပေါ်၌ ရုပ်ရှင်စတူဒီယိုတည်ဆောက်

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတ၏ တိုက်တွန်းညွှန်ကြားမှုဖြင့် လှည်းကူးမြို့နယ် ဖောင်ကြီးအနီး မင်းကွန်းကျေးရွာဘေး မြေဧက ၂၀၀ တွင် ရိုက်ကွင်းနှင့်ရုပ်ရှင်စတူဒီယို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ရေတွင်းတူးမယ်၊ မော်တော်ကားပတ်လမ်းဖောက်မယ်၊ မိုးတွင်းရောက်ရင် မော်တော်ကားပတ်လမ်းတစ်လျှောက် သစ်ပင်ပေါက်တွေ ဝယ်စိုက်မယ်၊ ဇာတ်ကားရိုက်ဖို့ ရှေးဟောင်း မော်တော်ကား (အန်းတိတ်)တွေ ဝယ်ယူမယ်။ အခုအကြမ်းထည် စက်အဖွဲ့တွေတည်းဖို့ အဆောက်အအုံ၊ ကားရိုက်လို့ရမယ့် ဆက်တီအဆောက်အအုံ လုပ်မယ်၊ ရေကန်တူးမယ်၊ နောက်ဆို မင်းသား၊ မင်းသမီးတွေကိုပါ ဟိုမှာ ခေတ္တအိပ်လို့ရအောင်၊ နားလို့ရအောင်လုပ်ဖို့ ပြင်နေပါတယ်။ အဲဒါကတော့ ပြီးဖို့ နှစ်နှစ်လောက် ကြာနိုင်တယ်။ ဧည့်ခန်း၊ ရဲစခန်း၊ ဆေးရုံ၊ တိုက်ခန်းတွေ စတဲ့ ဆက်တီအခန်းတွေလုပ်ဖို့ လိုသေးတယ်" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက ဦးအောင်လွင်က ပြောသည်။ ဇန်နဝါရီ ၂၀ ရက်တွင် ပရိတ်တရားရွတ်ဖတ်ပြီး စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ရိုက်စရာတွေရှိမှ ဗန်ကောက်မှာလေ့လာကြည့်တော့ သူတို့ဆီက စတူဒီယိုက အခုအစ်ကိုတို့ မဲပေးနေတဲ့ အဆောင်ထက် လေးဆလောက်ရှိတယ်၊ ဒါရိုက်တာ၊ သရုပ်ဆောင်တွေကော၊ စက်ဆရာတွေကော အားလုံး အင်ဒိုးစတူဒီယိုထဲမှာ အဲကွန်းတွေ လွှတ်ထားတော့ စိတ်အေးလက်အေးနဲ့ ရိုက်ရတယ်" ဒါရိုက်တာ အန်ထော်ဏီက သူ၏အတွေ့အကြုံကိုပြောသည်။

**(သန့်ဇင်ဝင်း)**

# မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ လူသတ်မှုတရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၂၅**

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့ဘုတာရုံအနီး ရထားသံလမ်းဘေးတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၃ နာရီက လူတစ်ဦး သေဆုံးနေကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားအနီး SSC ဆေးရုံဘေး RAINBOW Food Center မှ မန်နေဂျာ ကိုဇော် (ခ) ဇော်ဝင်း (၃၆)နှစ်မှာ ရင်ညွန့်ထိုးသွင်းဒဏ်ရာ၊ နောက်ကျောထိုးသွင်းဒဏ်ရာ၊ လည်ပင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရ၍ မင်္ဂလာဒုံမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ပြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့ စုံစမ်းဖော်ထုတ်ခဲ့၍ ပြစ်မှုကျူးလွန်သူများဖြစ်သော နောင်မြတ်သူ (ခ) နောင်နောင် (၂၂)နှစ် စိန်ပန်းလမ်း (၁၉)ရပ်ကွက် ရွှေပြည်သာမြို့နယ်၊ စန်းမြင့်ထွေး (၂၁)နှစ် မြတ်လေး(၁)လမ်း (၁၉)ရပ်ကွက် ရွှေပြည်သာမြို့နယ်၊ မောင်ငယ် (ခ) နိုင်လင်းထွန်း (ခ) ဘယ်ကျော် (၂၁)နှစ် ဒေါ်နှင်းဆီအဆောင် စံပယ်လမ်း (၁၂)ရပ်ကွက် ရွှေပြည်သာမြို့နယ်နှင့် ပြည့်စုံ (၁၆)နှစ် မကွေး (၃)လမ်း (၂၀) ရပ်ကွက် ရွှေပြည်သာမြို့နယ် နေသူတို့အား ဖမ်းဆီးရမိကြောင်း သိရသည်။

**(ခရိုင်ရဲ)**

# လားရှိုးမြို့ပေါ် ရပ်ကွက်များအတွင်း နိုင်ငံသားကတ်ပြားပေးအပ်

**လားရှိုး ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် မိုးပွင့်အထူးစီမံချက် တစ်ရပ်အဖြစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျောင်းသားလူငယ်များ မှတ်ပုံတင်ရရှိရေးအတွက် လားရှိုးမြို့ ရပ်ကွက်(၇)ရှိ စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်မှူး ဦးလေးမောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ယင်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပရာ ကျောင်းသားလူငယ် ၂၇၈ ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

**ဥတုရာသီ တောကိုမီး၏**

## နာမည်ကျော် စိန့်လောရင့်ဖက်ရှင်ပွဲတော်ကို ဗြိတိန်တွင်ပြသသွားမည်

ဗြိတိန်နိုင်ငံတွင် စိန့်လောရင့် ဖက်ရှင်ပြပွဲကို ဒါဟန်အရပ်ရှိ ဘိုးဝစ်ဇ် ပြခန်းတွင် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ယင်းဖက်ရှင်ပြပွဲကို "စိန့်လောရင့်-စတိုင်ဆိုတာ ထာဝရတည်ရှိနေမှာ" ဟု ခေါင်းစဉ်တပ်ကာ ပြခန်းတွင် ပြင်သစ်ဒီဇိုင်နာ စိန့်လောရင့်၏ နှစ်(၅၀)အသက်မွေးဝမ်းကျောင်းကာလအတွင်း ပြောင်းလဲတီထွင်ဖန်တီးခဲ့သော အမျိုးသမီးဝတ်ဆွယ်တာပုံစံအမျိုးမျိုးကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဝတ်အထည်များတွင် စိန့်လောရင့်ဖန်တီးခဲ့သော လက်ရာများဖြစ်သည့် အမျိုးသမီးပွဲတက်ဂျာကင်များ၊ ပွဲတက်ဘောင်းဘီများ အပါအဝင် ပီကာဆိုနှင့် မွန်းဒရိန်းတို့၏ အနုပညာလက်ရာများကို ပြသသွားမည်ဖြစ်သည်။ စိန့်လောရင့်၏ယခင်လုပ်ဖော်ကိုင်ဖက် ပါရာ့ဘာ့ချ်က ပြင်သစ်ရှိ ဘားနက်ရဲတိုက်တွင် ယင်းကဲ့သို့သော ပြပွဲမျိုးကို ပြသခဲ့ဖူးသည်။

ဘာ့ဂျ်က "ဗြိတိန်မှာပြသတဲ့ ပြပွဲဟာ စိတ်လှုပ်ရှားစရာကောင်းလောက်အောင် ခမ်းနားမှာပါ။ ဒီပြခန်းမှာ ဖက်ရှင်၊ ချည်ထည်တွေနဲ့ ပတ်သက်တဲ့ ပစ္စည်းများကို ခင်းကျင်းပြသဖို့ အထူးစီစဉ်ထားတဲ့ပြခန်းဖြစ်ပါတယ်။ ပြခန်းနဲ့ ပြခန်းရဲ့ တည်ရှိမှုတွေက စိန့်လောရင့်ဖက်ရှင်ပစ္စည်းတွေကို ပိုပြီးအရောင်တက်စေမှာပါ" ဟုဆိုခဲ့သည်။

စိန့်လောရင့်သည် ခရစ္စတန်ဒိုင်ယော၏ လက်ထောက်အဖြစ် အသက်(၁၇)နှစ်အရွယ်မှပင် စတင်လုပ်ကိုင်ခဲ့ကာ ဖက်ရှင်လောကသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ ဒိုင်ယောကွယ်လွန်ပြီးနောက် ဘာ့ဂျ်နှင့်အတူ စိန့်လောရင့် ဖက်ရှင်လုပ်ငန်းကို ထူထောင်ခဲ့ကာ ၁၉၆၂ ခုနှစ်တွင် အင်ပါယာရေမွှေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် စိန့်လောရင့်ကွယ်လွန်ခဲ့ပြီးနောက် ဘာ့ချ်က လော့ရင့်အမှတ်တရအဖြစ် ယင်းပြပွဲကို ပြသရန်စီစဉ်ထားသည်။



## ၁၅ နှစ်ကြာရှေ့လက်တွဲခဲ့သော ပက်ထရစ်ဒမ်ဆေးနှင့်ဇနီးသည်တို့ အိမ်ထောင်ရေးပြတ်စဲပြီ

"Grey's Anatomy" ဇာတ်ကား၏ ကြယ်ပွင့် ပက်ထရစ်ဒမ်ဆေးနှင့် ၎င်း၏ဇနီးသည် ဂျီလီယန်ဖင့်(ခ်)တို့၏ ၁၅ နှစ်ကြာမြင့်ခဲ့သော အိမ်ထောင်ရေးသည် ကွာရှင်းပြတ်စဲခဲ့ပြီဖြစ်ကြောင်း ET Online မှ အတည်ပြုခဲ့သည်။ ယင်းဖော်ပြချက်တွင် "သေသေချာချာစဉ်းစားပြီးတဲ့နောက် အိမ်ထောင်ရေးကို အဆုံးသတ်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော် ကျွန်မတို့ရဲ့ သားသမီးတွေနဲ့ပတ်သက်တဲ့ကဏ္ဍမှာတော့ ကောင်းမွန်တဲ့ဆက်ဆံရေး ဆက်ရှိနေဦးမှာပါ။ ဒီလိုမိသားစုပြိုကွဲသွားတဲ့အချိန်မှာ ကလေးတွေအနေနဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေရှိလာနိုင်တဲ့အတွက် နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်မလာအောင် ဂရုပြုဖို့လည်း လိုအပ်ပါတယ်"ဟု ရေးသားထားသည်။

အသက်(၄၉)နှစ်ရှိ ဒမ်ဆေးနှင့် ဖင့်ခ်တို့တွင် အသက်(၁၂)နှစ်အရွယ် တူယူလာနှင့် ခုနစ်အရွယ် အမွှာကလေးနှစ်ဦးလည်းရှိနေရာ ဟောလိဝုဒ်အကွဲအပြဲဇာတ်လမ်းတွင် လူတိုင်းအံ့အားသင့်သော အိမ်ထောင်ရေးပြိုကွဲမှုဖြစ်လာခဲ့သည်။



ယင်းအိမ်ထောင်ရေးပြိုကွဲမှုသည် မင်းသားဒမ်ဆေး၏ ဒုတိယအကြိမ် အိမ်ထောင်ရေးပြိုကွဲမှုဖြစ်ကာ ၎င်းသည် ပထမအကြိမ် မင်းသမီးရော့ချ်လီပါကာနှင့် ၁၉၈၇ မှ ၁၉၉၄ အထိ လက်ထပ်ခဲ့သူဖြစ်သည်။

ရုပ်မြင်သံကြား လောကတွင် မင်းသားဒမ်ဆေးသည် စျေးအမြင့်ဆုံးရရှိသော မင်းသားဖြစ်ကာ ၂၀၁၄ ခုနှစ်၌ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၆ သန်းရရှိခဲ့သည်။

## ဟာသသရုပ်ဆောင် မစ္စတာဘင်းက သူ၏ F1 ကားကို အမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် ရောင်းမည်

နာမည်ကြီး ဟာသသရုပ်ဆောင် မစ္စတာဘင်းသည် ၁၉၉၇ ခုနှစ်တွင် ဝယ်ယူခဲ့သော သူ၏ F1 ကားကို ပေါင် ရှစ်သန်း (အမေရိကန်ဒေါ်လာ ၁၂ သန်း)ဖြင့် ရောင်းချမည်ဟု ကြေညာခဲ့သည်။

ဘင်းသည် သူ၏ကားကို လန်ဒန်ရှိ Taylor & Crawley အရောင်းကုမ္ပဏီနှင့် ချိတ်ဆက်ရောင်းချခဲ့ပြီး ယင်းကားကို လူအများကစိတ်ဝင်စားနေကြသည်။ အကြောင်းမှာ ၎င်း၏ အော်တိုမီတာတွင် ဖော်ပြနေသည့် မောင်းနှင်ခဲ့သည့် ခရီးမိုင်ပေါင်း ၄၁၀၀၀ မိုင်ရှိနေခြင်းနှင့် ယာဉ်တိုက်မှုနှစ်ခုတွင် ပါဝင်ခဲ့ဖူးသောကြောင့်ဖြစ်သည်။ ယင်းယာဉ်တိုက်မှုများအနက် တစ်ခုမှာ အလွန်ဆိုးရွားခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုတွင် ကားဦးပိုင်း ပျက်စီးခဲ့ပြီး ပြင်ဆင်စရိတ် ၁ ဒသမ ၄ သန်းကျော် ကုန်ကျခဲ့သည်။ ၎င်းငွေကြေးပမာဏသည် အင်္ဂလန်နိုင်ငံသမိုင်းတွင် ယာဉ်တစ်စီးအတွက် အမြင့်ဆုံးပေးလျော်ခဲ့ရသော အာမခံကြေးလည်းဖြစ်သည်။

ဘင်းသည် ယင်းကားကို ၁၉၉၇ ခုနှစ်က ပေါင် ၅၄၀၀၀၀ (အမေရိကန်ဒေါ်လာ ၈၁၀၀၀၀)ဖြင့် ဝယ်ယူခဲ့ပြီး ထိုအချိန်က စျေးကွက်အတွင်း F1 ၇၂ စီးသာ ရောင်းချခဲ့ခြင်းဖြစ်သည်။ အရေအတွက် အကန့်အသတ်ဖြင့် ထုတ်လုပ်သော နာမည်ကြီးပစ္စည်းများကို ဝယ်ယူစုဆောင်းတတ်သော လူများကြောင့် ကားဈေးမှာ နှစ်အနည်းငယ်အကြာတွင် ယခုကဲ့သို့ မြင့်မားနေခြင်းဖြစ်သည်။

မစ္စတာဘင်းက သူ၏ကားကို ရောင်းချခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း အင်တာနက်စာမျက်နှာပေါ်တွင် ဖော်ပြထားခဲ့သော်လည်း ကားကို ရောင်းချရသည့်အကြောင်းအရင်းကိုမူ ဖော်ပြထားခြင်းမရှိပေ။

## အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်နေ့ နှစ်ပတ်လည်အခမ်းအနားဖျော်ဖြေပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့် (၆၆)နှစ်မြောက် နှစ်ပတ်လည်ဖျော်ဖြေပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ဇန်နဝါရီ ၂၇ ရက် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ထိုပွဲကို မြန်မာနိုင်ငံရှိ အိန္ဒိယနိုင်ငံသံရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ ယင်းပွဲတွင် အဓိကဖျော်ဖြေတင်ဆက်ပေးမည့်သူမှာ အိန္ဒိယနိုင်ငံမှ နာမည်ကြီးအကမယ် ကူမာရီ မစ္စနန်ဟီမိုလာတာ ဒီဗီဖြစ်သည်။

၎င်းသည် နယူးဒေလီမြို့ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ရှရီ ကန္ဒီကူးမားဆင်း၏ လမ်းညွှန်မှုဖြင့် မဏိပူရီအကကို ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိလည်းကောင်း၊ အမူဆားနားဒီဗီ၏လမ်းညွှန်မှုဖြင့် တစ်ကိုယ်တော်အကကို ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိလည်းကောင်း သင်ကြားပြသပေးခဲ့သည်။ ထို့ပြင် နိုင်ငံတကာပွဲတော်များတွင် သွားရောက်ဖျော်ဖြေခဲ့ဖူးပြီး ၂၀၀၆ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ၌လည်းကောင်း၊ တောင်အာဖရိက အိန္ဒိယဖျော်ဖြေပွဲတွင်လည်းကောင်း၊ နယူးယောက်မြို့နှင့် ဘန်ကောက်မြို့များတွင်လည်းကောင်း ဖျော်ဖြေခဲ့ပြီး အခြားနိုင်ငံပေါင်းများစွာသို့လည်း အိန္ဒိယနိုင်ငံကိုယ်စားပြု သွားရောက်ဖျော်ဖြေခဲ့သော အကပညာရှင်ဖြစ်သည်။

**(ကြေးမုံ)**

## ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၁-၂၀၁၅ (တနင်္လာနေ့)

### MRTV-4

- ၅း၄၀ "သစ္စာလေးပါး"တရားတော် [ဆရာတော်ဘဒ္ဒန္တတေဇနိယ]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၄)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၀၀ Cartoon Series (English Playground)
- ၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၉၁)
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ သွားမယ်စားမယ် (Swensen's)
- ၁၁း၂၀ MRTV-4 Stage
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၄)
- ၁၂း၃၅ ဓလေ့ရိုးရာမမေ့သာ
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၄)
- ၃း၄၀ အကောက်ခွန်ဦးစီးဌာန၏ပြုပြင်ပြောင်းလဲမှုများနှင့် ခေတ်မီတိုးတက်စေရန် ဆောင်ရွက်နေမှုများ (အပိုင်း-၂)
- ၅း၀၀ Deal or No Deal
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၅)

### News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၅ "ကြည်နူးဖူးမြော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်"
- ၇း၀၀ နံနက်ခင်းသတင်း၊ မိုးလေဝသ အခြေအနေ
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂း၃၅ Tasty Trip (ချင်းပြည်နယ်ခရီးစဉ်) (ဟားခါးမြို့)
- ၁း၀၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၃း၃၅ အနုပညာသတင်းအစီအစဉ်
- ၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
- ၆း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၂၃)

### Entertainment Channel

- ၆း၀၀ အဖွင့် -လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၅)
- ၆း၂၅ အဝေမ်းစိုးမြင့်တေးများ (အပိုင်း-၂)
- ၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၁၈)
- ၇း၁၀ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၃၅)
- ၈း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၃၆)
- ၉း၂၀ တေးဂီတအစီအစဉ် (စတီရီယို)
- ၉း၃၅ ပြည်သူ့နီတိ "ပီတိမီးအိမ်ရှင်"
- ၉း၅၅ China In Myanmar Cultural Show
- ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ကံကြွေးမယူလို" (နေမင်း၊ မို့မို့မြင့်အောင်၊ဖူးစုံ) (ဒါရိုက်တာ-သန့်ဇင်အောင်)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။**

mitv

**MYANMAR INTERNATIONAL**
**Programme Schedule**
**(26-1-2015)(Monday)**

- Myanmar Handicrafts
- Pretty Play Things From Pakokku
- Interview with Israeli Ambassador
- Distinguished Myanmar Ladies "Tin Moe Lwin"
- Chef Life:Cho Wut Yee
- "Myanmar's Traditions and Culture" Tea
- Youth Filmmaker (Kaung Sint)
- Kayah
- Today Myanmar (Sesame Export)
- Nelson English Language Center
- Friendship Tour to China-I
- Friendship Tour to China-II
- Friendship Tour to China-III
- Independent Filmmaker
- Myanmar Traditional Wicker Ball(Chinlone)
- In The Studio "Six Thu"

## ပြည်တွင်းရေးရာ

# လာလီဂါရင်ခုန်သံ ( ၂၁ )

**ရှိုင်းမင်းမင်း**

**လာမယ့်ဇန်နဝါရီ ၃၁ ရက်နဲ့ ဖေဖော်ဝါရီ ၁၊ ၂၊ ၃ ရက်တွေမှာ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၂၁ ကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာနဲ့ ဗီလာရီးယဲလ်၊ မာလာဂါနဲ့ ဗလန်စီယာ၊ ရီးယဲလ်နဲ့ ဆိုစီဒက်တို့ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။**

### ဗယ်လီကာနို - ဒီပို့တီဗို

၃၁-၁-၂၀၁၅ | နံနက် ၂း၁၅

ဗယ်လီကာနို ခြေမဆိုးတာကြောင့် အဝေးကွင်းမှာ ရှုန်းကန်ရလေ့ရှိတဲ့ ဒီပို့တီဗိုကို ထိန်းနိုင်ဖို့မခက်ပါဘူး။ ဒီပို့တီဗိုဟာ တန်းမဆင်းရဖို့ ရုန်းကန်လာမှာဖြစ်ပေမယ့် ဗယ်လီကာနိုရဲ့ကစားအားကြောင့် သရေကျသွားဖို့များတယ်။

### အီဘား - အက်သလက်

၃၁-၁-၂၀၁၅ | ည ၁၁း၃၀

အီဘားရဲ့ကစားအားက မဆိုးတာကြောင့် အက်သလက်တီကို ရုန်းကန်ရမှာပါ။ စပိန်ဘုရင့်ဖလားကြောင့် ပွဲပန်းလာနိုင်လို့ အက်သလက်တီကိုတို့ အခက်တွေ့နိုင်ပြီး နိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်ပါလိမ့်မယ်။

### ရီးယဲလ် - ဆိုစီဒက်

၃၁-၁-၂၀၁၅ | ည ၉း၃၀

ပထမအကျော့မှာ နိုင်ပွဲရခဲ့တယ်ဆိုပေမယ့်လည်း ဆိုစီဒက်ဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း သာမန်ထက်မပိုပါဘူး။ ဒါကြောင့် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်တဲ့ ရီးယဲလ်ပဲ နိုင်ပွဲရယူသွားဖို့ ရှိပါတယ်။

### ဂရန်နာဒါ - အဲလ်ချီ

၁-၂-၂၀၁၅ | နံနက် ၁း၃၀

အခုနောက်ပိုင်းမှာ အဲလ်ချီရဲ့ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်နေလို့ ဂရန်နာဒါကို ထိန်းချုပ်နိုင်မှာပါ။ ဂရန်နာဒါကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်းအားနည်းတဲ့ ဂရန်နာဒါတို့ ဒီပွဲမှာ သရေထက်ပိုမရနိုင်ဘူး။

### ဆယ်တာဗီဂို - ကော်ဒိုဘာ

၁-၂-၂၀၁၅ | နံနက် ၃း၃၀

ဆယ်တာဗီဂိုက တိုက်စစ်ပိုင်း အားနည်းမှုတွေများတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့်လည်း ကစားပုံပြန်လည်ကောင်းမွန်လာတဲ့ ကော်ဒိုဘာကိုအသာရဖို့ ခက်ခက်ခဲခဲ ရုန်းကန်ရမှာပါ။ အသင်းလိုက်ကစားပုံ မဆိုးဘူးဆိုပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုကြောင့် ဆယ်တာဗီဂိုကပ်ပြီးသာ အနိုင်ရသွားမယ်လို့ ယူဆမိပါတယ်။

### အယ်မာရီးယား - ဂီတာဖေး

၁-၂-၂၀၁၅ | ည ၁၀း၃၀

နှစ်သင်းစလုံး ရလဒ်ပိုင်းကောင်းမွန်ခြင်းမရှိကြပါဘူး။ ဒီပွဲစဉ်မှာ အနိုင်ရဖို့ နှစ်သင်းစလုံးအားစိုက်မှာဖြစ်ပေမယ့် ဂီတာဖေးက တိုက်စစ်ပိုင်း အဆုံးသတ်မသေချာသလို အယ်မာရီးယားက အိမ်ကွင်းအားနဲ့ ဖိအားပေးသွားဖို့ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ အယ်မာရီးယားတို့ အိမ်ကွင်းမှာ ကပ်နိုင်သွားဖို့ ရှိပါတယ်။

### လီဗန်တေး - ဘီဘာအို

၁-၂-၂၀၁၅ | ညနေ ၅း၃၀

စပိန်ဘုရင့်ဖလားကြောင့် ပွဲပန်းလာမယ့် ဘီဘာအိုကို လီဗန်တေးထိန်းနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ လီဗန်တေးက အခုနောက်ပိုင်းအမှတ်ရအောင် ခံကစားနိုင်တာကို တွေ့ရပြီးအိမ်ကွင်းလည်းဖြစ်တာကြောင့် ဘီဘာအိုတို့ အခက်တွေ့နိုင်ကာ သရေလောက်ပဲရနိုင်မယ်။

### ဆီဗီးလ် - အက်စပန်ညို

၂-၂-၂၀၁၅ | နံနက် ၀၀း၃၀

စပိန်ဘုရင့်ဖလားမှာ ဆီဗီးလ်တို့ ပထမအကျော့ရှုံးခဲ့ရပါတယ်။ ဒီပွဲမတိုင်ခင် ထပ်တွေ့ခဲ့ကြမှာဖြစ်လို့လည်း ပွဲပန်းနေနိုင်ပါတယ်။ ဒါပေမယ့် ဆီဗီးလ်က ဒီပွဲမှာ အိမ်ကွင်းဖြစ်သလို အမှတ်လည်း လိုနေတာကြောင့် အမှားခံမှာမဟုတ်ဘူး။ ဆီဗီးလ်ပဲ ကပ်နိုင်သွားမယ်လို့ ယူဆမိပါတယ်။

### ဘာစီလိုနာ - ဗီလာရီးယဲလ်

၂-၂-၂၀၁၅ | နံနက် ၂း၃၀

ဘာစီလိုနာက အိမ်ကွင်းဖြစ်ပေမယ့် စပိန်ဘုရင့်ဖလားကြောင့် ပွဲပန်းလာမှာပါ။ ဗီလာရီးယဲလ်ကလည်း စပိန်ဘုရင့်ဖလားပွဲ ကစားခဲ့ရမှာလည်းဖြစ်ပါတယ်။ အဆိုပါ အနေအထားမှာ ကစားသမားပိုမိုတောင့်တင်းတဲ့ ဘာစီလိုနာပဲ ကပ်နိုင်မယ်။

### မာလာဂါ - ဗလန်စီယာ

၃-၂-၂၀၁၅ | နံနက် ၂း၁၅

မာလာဂါက စပိန်ဘုရင့်ဖလားကြောင့် ပွဲပန်းနိုင်ပေမယ့် ဗလန်စီယာက ပွဲပန်းမှုမရှိပါဘူး။ ဗလန်စီယာအနေနဲ့ အဝေးကွင်းခြေမငြိမ်ဘူးဆိုပေမယ့်လည်း မာလာဂါက တိုက်စစ်ပိုင်း အားနည်းတာကြောင့် ဗလန်စီယာတို့ အနိမ့်ဆုံးသရေလောက်ရမယ်။

# အဲဗာတန်တိုက်စစ်မှူး အီတိုး ဆမ်ဒိုးရီးယားသို့ပြောင်းရွှေ့မည်

အဲဗာတန်တိုက်စစ်မှူး ဆင်မြူရယ် အီတိုးသည် အီတလီစီးရီးအေကလပ် ဆမ်ဒိုးရီးယားအသင်းနှင့် ကျန်းမာရေးဆိုင်ရာ ဆေးစစ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယခု ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ဆမ်ဒိုးရီးယားအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။ အသက် (၃၃) နှစ်အရွယ်ရှိ တိုက်စစ်မှူးဆမ်မြူရယ် အီတိုးသည် စိန်ခေါ်မှုအပြည့်တစ်ရပ်ကြောင့် အသင်းသစ်ရှာဖွေလျက်ရှိသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၎င်း၏ တွစ်တာစာမျက်နှာ၌ ဖော်ပြခဲ့ရာတွင် အီတလီမြေသို့ ပြောင်းရွှေ့ကစားမည်ဟု အရိပ်အမြွက်ဆိုထားခဲ့သည်။



ဆမ်မြူရယ်အီတိုးသည် ၂၀၁၄ ခုနှစ် ဩဂုတ်လက အဲဗာတန်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီအထိ ပြိုင်ပွဲအရပ်ရပ်တွင် လေးဂိုးသွင်းယူထားသူဖြစ်သည်။ လက်ရှိတွင် ဆမ်ဒိုးရီးယားအသင်းသို့ ပြောင်းရွှေ့ကစားရန်ရှိနေပြီး ဆမ်ဒိုးရီးယားအသင်းမှာလည်း အီတလီစီးရီးအေ၏ အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည့် ဂျူဗင်တပ်အသင်းနှင့် ၁၃ မှတ်အကွာ အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိသည်။

တိုက်စစ်မှူးအီတိုးအနေဖြင့် အဲဗာတန်အသင်းမှ ဆမ်ဒိုးရီးယားအသင်းသို့ ပြောင်းရွှေ့ကစားရန်ချိတ်ဆက်မှုများ ရှိနေခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အဲဗာတန်အသင်းနည်းပြ ရောဘတ်တို မာတီနက်ဇ်ကမူ ယင်းသတင်းများမှာ ကောလာဟလများသာဖြစ်ကြောင်း ငြင်းချက်ထုတ်ခဲ့သည်။

သို့သော် အီတလီစီးရီးအေကလပ် ဆမ်ဒိုးရီးယားအသင်းကမူ ဆမ်ဒိုးရီးယားအသင်းဝတ်စုံ ဝတ်ဆင်လျက်ရှိသည့် ဆမ်မြူရယ်အီတိုး၏ ဓာတ်ပုံကို တွစ်တာစာမျက်နှာတွင် ဇန်နဝါရီ ၂၄ ရက်နေ့တွင် အတိအလင်း ဖော်ပြခဲ့သည်။ ကင်မ်ရွန်းတိုက်စစ်မှူး အီတိုးသည် ၂၀၀၉ ခုနှစ် ဇူလိုင်လအတွင်းက အီတလီစီးရီးအေပြိုင်ဘက်အသင်းဖြစ်သည့် အင်တာမီလန်အသင်းနှင့် ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် အီတလီမြေသို့ ရောက်ရှိခဲ့ပြီး အင်တာမီလန်အသင်းနှင့် နှစ်ရာသီကြာ ကစားခဲ့သည့်ကာလအတွင်း ၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ အီတိုးသည် အာဖရိက တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို လေးကြိမ်အထိ ဆွတ်ခူးရရှိထားသူဖြစ်ပြီး ရုရှားကလပ် အန်ဇီအသင်းမှ ထွက်ခွာကာ ချယ်လ်ဆီးအသင်းတွင် ကစားခဲ့စဉ်ကလည်း ချယ်လ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲပေါင်း ၃၅ ပွဲ ကစားပေးခဲ့ရာတွင် ၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ အီတိုးသည် ဘာစီလိုနာအသင်း၌ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ကစားပေးခဲ့ရာတွင် ပြိုင်ပွဲပေါင်း ၂၀၁ ပွဲ ကစားပေးနိုင်ခဲ့ပြီး ၁၂၉ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ရောက်ရှိလာချိန်တွင်လည်း ၁၀၁ ပွဲ ကစားပေးနိုင်ခဲ့ပြီးနောက် ၅၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် အင်တာမီလန်၏ အီတလီစီးရီးအေပြိုင်ဘက်အသင်း တစ်သင်းဖြစ်သော ဆမ်ဒိုးရီးယားအသင်း၏ ခေါ်ယူရန် ပစ်မှတ်ထားခြင်းကို ခံရခဲ့သူလည်းဖြစ်သည်။ **(ငွေကြယ်)**

# ဘရက်ဖို့ဒ်ကို အံ့ဖွယ်ရှုံးနိမ့်ကာ အက်ဖ်အေဖလားမှ ချဲလ်ဆီးထွက်ခဲ့ရ



အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သော ချဲလ်ဆီးနှင့် ဘရက်ဖို့ဒ်အသင်းပွဲစဉ်တွင် ပရီမီယာလိဂ်အဆင့်(၁)နေရာတွင် ရပ်တည်နေသော ချဲလ်ဆီးက ဘရက်ဖို့ဒ်အသင်းအား အိမ်ကွင်းတွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကာ အက်ဖ်အေဖလားကို လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။

ချဲလ်ဆီးအသင်းသည် နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့ပြီးမှ လေးဂိုးဆက်တိုက်ပေးခဲ့ရပြီး ပွဲအပြီးတွင် နှစ်ဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ချဲလ်ဆီးသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်ချ်၌ ပွဲစဉ်တိုင်း အနိုင်ရပြီး ဖလားလေးလုံးရရှိရန် ပစ်မှတ်ထားနေသော အသင်းဖြစ်သည်။ ဘရက်ဖို့ဒ်အသင်းမှာ လိဂ်ဝမ်းအသင်းသာဖြစ်ခြင်းကြောင့် မော်ရင်ညိုက ၎င်းနှင့် သူ၏ကစားသမားများအတွက် ရှက်ဖွယ်အရှုံးပင်ဖြစ်သည်ဟု ဆိုခဲ့သည်။

သို့သော် ယင်းအက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်များတွင် ပရီမီယာလိဂ်အသင်းကြီးများအားလုံး ရလဒ်မကောင်းခဲ့ဘဲ မန်ယူက လိဂ်တူးအသင်း ကန်းဘရေ့စ်ချ်ကို ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း၊ မန်စီးတီးအသင်းက ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့ကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ စပါးအသင်းက လက်စတာစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

# ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြိတ် ဇန်နဝါရီ ၂၅**

မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီက မြိတ်မြို့ မြို့မအားကစားကွင်း၌ ကျင်းပခဲ့ရာ အသင်းလိုက် အမှတ်အများဆုံး ၁၂၈ မှတ်ရရှိသော ရူပဗေဒအသင်းအား မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ခရိုင်ပြန်/ဆက်)**

# ရှာရာပိုဗာနှင့် ရာဖေးနာဒယ် ဩစတြေးလျအိုးပင်း ကွာတားဖိုင်နယ်တက်

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်တွင် နိုင်ခြေအဆင့်(၂)သတ်မှတ်ခံရသူ ရုရှားတင်းနစ်မယ် ရှာရာပိုဗာက တရုတ်တင်းနစ်မယ် ရှူအေပန်ကို ၆-၃၊ ၆-၀ ဖြင့် နှစ်ပွဲပြတ်အနိုင်ယူကာ



ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ ရှာရာပိုဗာသည် ကွာတားဖိုင်နယ်တွင် နိုင်ခြေအဆင့်(၇) သတ်မှတ်ခံရသူ ကနေဒါတင်းနစ်မယ် ဘိုရှာနှင့် တွေ့ဆုံမည်ဖြစ်သည်။ ဘိုရှာသည် ပထမပွဲငယ်တွင် ရှုံးနိမ့်နေခဲ့သော်လည်း နောက်ပိုင်းပွဲငယ်များတွင် ပုံမှန်လက်စွမ်းပြန်လည်ရရှိခဲ့ကာ ၆-၁၊ ၅-၇၊ ၆-၂ ဖြင့် ပြန်လည်အနိုင်ယူနိုင်ခဲ့သည်။

အမျိုးသားတစ်ဦးချင်း ပွဲစဉ်များတွင် ရာဖေးနာဒယ်က တောင်အာဖရိက ကစားသမား ကီဗင်အန်ဒါဆင်ကို ၇-၅၊ ၆-၁၊ ၆-၄ ဖြင့် အနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

# စီရိုနယ်လ်ဒို အနီကတ်ထိသော်လည်း တစ်ပွဲပယ်ပြစ်ဒဏ်သာ ကျခံရဖွယ်ရှိ

ပေါ်တူဂီတိုက်စစ်မှူး ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် ကော်ဒိုဘာနောက်ခံလူအက်ဒီမာအား ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသော်လည်း တစ်ပွဲပယ်ပြစ်ဒဏ်သာကျခံရဖွယ်ရှိကြောင်း တရားဝင်အစီရင်ခံစာက ရေးသားဖော်ပြထားသည်။

ယင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျနေရာ ပွဲချိန် ၈၃ မိနစ်တွင် ဂါရတ်ဘေးလ်၏ ပင်နယ်တီဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလဒ်ထွက်ပေါ်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းတာဝန်ရှိသူများက ယင်းအနီကတ်ကြောင့် အနည်းဆုံးသုံးပွဲ ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိသည်ဟု မျှော်လင့်ထားခဲ့ပြီး အက်သလက်တီကိုနှင့် ဒါဘီပွဲအထိလွဲချော်မည်ဟု မျှော်လင့်ထားသည်။

သို့သော် မာကာသတင်းစာကဖော်ပြခဲ့ရာတွင် ဒိုင်လူကြီးအက်ဂျန်ဒရို ဟာနန်ဒက်စ်က ၎င်း၏ အစီရင်ခံစာတွင် “၈၃ မိနစ်အရောက်တွင် ခရစ္စတီယာနိုရိုနယ်လ်ဒိုအနေဖြင့် ဘောလုံးနှင့်ခြေထောက်မထိခဲ့ခြင်းကြောင့် တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခဲ့ရသည်”ဟု ရေးသားထားရာ ခရစ္စတီယာနိုရိုနယ်လ်ဒိုအနေဖြင့် လာလီဂါပွဲစဉ်တစ်ပွဲသာလျှင် လွဲချော်မည်ဖြစ်သည်။

## ဘိန်းမဲနှင့် အဝတ်ဘိန်း သိမ်းဆည်းရမိ

**နေပြည်တော်၊ ဇန်နဝါရီ ၂၅**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၂ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်နေ တူးဆန်နော်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ်အောက်ထပ် မီးဖိုဘေးရှိ ပျဉ်ပုံကြားမှ ဘိန်းမဲ ၆၀ ဂရမ်၊ နေအိမ်အတွင်း အပေါ့စွန့်ရန်ပြုလုပ်ထားသည့် ဝါးတိုင်အတွင်းမှ အဝတ်ဘိန်း ၁ ဒသမ ၀၈ ကီလို၊ နေအိမ်နောက်ဖေးခြံစည်းရိုး ဝါးတိုင်အတွင်းမှ အဝတ်ဘိန်း ၉၆၀ ဂရမ်နှင့် ဝါးရုံပင်အနီး မြေကြီးအတွင်းမြှုပ်လျက် အဝတ်ဘိန်း ၄၈၀ ဂရမ် စုစုပေါင်း အဝတ်ဘိန်း ၂ ဒသမ ၅၂ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် တူးဆန်နော် (၅၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



# စစ်ကိုင်းမြို့နယ်၌ ပိုင်ရှင်မဲ့တရားမဝင်သစ်များ သိမ်းဆည်းရမိ

**စစ်ကိုင်း၊ ဇန်နဝါရီ ၂၅**

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး တောအုပ်၊ တောခေါင်းများ ပါဝင်သော သစ်တောအဖွဲ့နှင့် ရွာသစ်ကြီး ရဲစခန်းမှူးဦးစီးသော တပ်ဖွဲ့ဝင်များ၊ အုန်းတောကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် ည ၁၁ နာရီခွဲက တရားမဝင်သစ် ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းကို စစ်ကိုင်း-ရွှေဘို-မုံရွာ ကားလမ်းတစ်လျှောက် စစ်ကြောင်းအသွင်ဖြင့်ဆောင်ရွက်စဉ် စစ်ကိုင်း-မုံရွာသွားကားလမ်း မိုင်တိုင်အမှတ် (၂၆/၆နှင့် ၂၆/၇)အကြား မြောက်ဘက်တစ်မိုင်ခန့်အကွာ အုန်းတောကျေးရွာ မဟာဆယ်သန်းဘုန်းကြီးကျောင်းအနီးတွင် စုပုံထားရှိသော တရားမဝင်သစ် တမလန်းခွဲရွေ ၇၅ တုံးအား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။



အဆိုပါ သိမ်းဆည်းရမိသော တရားမဝင်သစ် တမလန်းခွဲရွေ ၇၅ တုံးကို တိုင်းတာစစ်ဆေးရာ ၇ ဒသမ ၆၆၁ တန်ရှိပြီး တရားမဝင်သစ် တမလန်းခွဲရွေတုံးများကို ပိုးတန်းရပ်ကွက် မြို့နယ်သစ်တောရုံးဝင်းအတွင်း၌ သိမ်းဆည်းထားရှိပြီး ပိုင်ရှင်အားဖမ်းဆီးနိုင်ရေး စုံစမ်းလျက်ရှိသည်။

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီ ၂၃ ရက်အထိ တရားမဝင် ကျွန်းသစ် ၂၁ ဒသမ ၃၁၇၆ တန်၊ သစ်မာ ၁၁၅ ဒသမ ၃၈၄၇ တန်နှင့် အခြားသစ် ၅၁ ဒသမ ၆၁၁၆ တန် စုစုပေါင်း ၁၈၈ ဒသမ ၃၁၃၉ တန် သိမ်းဆည်းရမိပြီး မော်တော်ယာဉ် ၃၆ စီး၊ တရားခံ ၇၇ ဦးတို့အား ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# မောင်းတံဂိတ်အနီးတွင် နှမ်းအိတ်များဖြင့်ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော်၊ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စပယ်နံ့သာ ရဲကင်းရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်း မိုင်တိုင်အမှတ် (၄၇)၊ စပယ်နံ့သာကျေးရွာအဝင် မောင်းတံဂိတ်အနီးတွင် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီက တရားမဝင် တမလန်းသစ်ခွဲသားများ သိမ်းဆည်းရမိခဲ့သည်။

ကသာမြို့ဘက်မှ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ကျော်မင်း(၃၃)နှစ် မောင်းနှင်ပြီး တစ်မြို့တည်းနေ ယာဉ်နောက်လိုက် ရဲထက်အောင် (၃၃)နှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးပင်လည်ဘူးမြို့နယ် ဝဲလာကျေးရွာနေ အောင်ဆန်းဦး(၃၃)နှစ်၊ သိမ်းဇင်ကျေးရွာနေ ဇော်မင်းဦး(၂၉)နှစ်နှင့် ကောလင်းမြို့နယ် မြောက်အင်း ကျေးရွာနေ မောင်စိုး(၄၁)နှစ်တို့ လိုက်ပါလာသော ကန်တာခြောက်ဘီး ဖြူနီကျားရောင်ယာဉ်အား ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေရာ ယာဉ်ပေါ်မှ နှမ်းအိတ်များဖြင့်ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင် တမလန်းသစ်ခွဲသား ၁၄ ချောင်း(၁ ဒသမ ၇၅၄၄ တန်) တန်ဖိုးငွေကျပ်၄၃၈,၆၀၀ တွေ့ရှိသိမ်းဆည်းရမိသောကြောင့် ကျော်မင်းပါ၀ါးဦးအား ကန့်ဘလူမြို့မရဲစခန်းက (ပ)၁၇/၂၀၁၅၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**


## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်နေ ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း)-ဒေါ်ညွန့်တင်တို့၏မြေးငယ် ဦးရဲမြင့် (MD-Ayeyarwaddy Unity Logistics Co.,Ltd & Director, CMK Construction Group Co.,Ltd)-ဒေါက်တာမို့မို့ထွန်း (ဒုတိယညွှန်ကြားရေးမှူး-ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)တို့၏သားငယ်

### မောင်အောင်ကျော်မြင့်
**B.Tech(Civil)**

နှင့်

နေပြည်တော်နေ ဒေါက်တာအောင်အောင်(Ph.D) [ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်]-ဒေါ်မော်ချိုထွန်းတို့၏သမီးငယ်

### မနေခြည်လင်းမော်
**B.A(History)**

တို့၏ ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Inya Lake Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဇနီးဒေါ်ညွန့်ညွန့်ရီတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့်ဇနီး ဒေါ်ခင်ရဲမွန်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ချီးမြှင့်ကြပါသော စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးနှင့် ဇနီးဒေါ်ကြူကြူစိုးတို့အားလည်းကောင်း၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ရေ၊လေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီးဒေါ်မော်မော်သန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်တင်အောင်စန်း[စစ်ဦးစီးအရာရှိချုပ်(ရေ)]နှင့်ဇနီး ဒေါ်သန်းသန်းအေးတို့အားလည်းကောင်း၊ ဗိုလ်ချုပ်မင်းဇော်(ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး)နှင့်ဇနီး ဒေါ်အုံးလှအား လည်းကောင်း၊ ဗိုလ်ချုပ်လှမြင့်(လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူး)နှင့်ဇနီးဒေါ်ဆွေဆွေတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်း၏ဇနီးဒေါ်အမာတို့အားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ(ငြိမ်း)ဦးသန်းညိန်းနှင့် ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဆက်အောင်နှင့် ဦးစိုးမင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးအားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော ဦးကြည်ရှိန်၊ ဦးမော်သန်း၊ ဦးကျော်မင်းထွန်းတို့အားလည်းကောင်း၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ဥက္ကဋ္ဌဒေါက်တာစိန်မောင်နှင့် ဇနီးဒေါက်တာ ရင်ရင်မေတို့အားလည်းကောင်း၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်မှ ဥက္ကဋ္ဌဦးမြသန်းနှင့်ဇနီးဒေါ်ခင်စန်းဝေတို့အားလည်းကောင်း၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ဥက္ကဋ္ဌ ဦးသန်းရီနှင့်ဇနီးဒေါ်ရီတာမြင့်တို့အား လည်းကောင်း၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယဥက္ကဋ္ဌဦးသန်းလွင်နှင့်ဇနီးဒေါ်မြင့်မြင့်သန်း၊ မင်္ဂလာညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြပါသော ပုဂ္ဂလိကဘဏ်များမှ အုပ်ချုပ်မှုဒါရိုက်တာများနှင့် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ များအားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီးများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မိသားစုများအားလည်းကောင်း၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးပို့ပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မပိုးဟေမာန်ထွန်း၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မဟန်သီရိဇင်နှင့် မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော မထက်ထက်ဝင်းနိုင်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံများဖြစ်သော မောင်ဘုန်းကျော်သူနှင့် မောင်မြတ်ဘုန်းအောင်မြင့်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မတင့်သက်ဝေအေးနှင့် မစုပြည့်အောင်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးပါသော ဒေါ်ချိုပြုံးအား လည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုလင်းနှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်မြန်းပေးပါသော မလေးရှားသိန်းမြင့်နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ် မေဦးမောင်(တော်ဝင်သူ)အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော The Rich Gems အားလည်းကောင်း၊ မင်္ဂလာဖျော်ဖြေရေးအစီအစဉ်များကို တာဝန်ယူဆောင်ရွက်ပေးပါသော ဂီတမှူးဦးဝင်းကျော်နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော Creative Point Co.,Ltd မှ မသက်ဆုမွန်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ Inya Lake Hotel မှဝန်ထမ်းများ၊ စိမ်းလန်းစိုပြေ(Zephyr) စားသောက်ဆိုင်မှဝန်ထမ်းမိသားစုများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟ များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်မြင့်-မနေခြည်လင်းမော်**

# ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

## ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)
၁၃၇၆ ခုနှစ်၊    လ    ရက်
(၂၀၁၅ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည်-

(၁) အခန်း (၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) အခန်း (၆)၊ ဝင်ငွေခွန်နှင့် စပ်လျဉ်း၍-

(ကက) ဤဥပဒေ ပုဒ်မ ၁၉ ပါ လစာမှ ဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ခခ) ကျန်ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကိုဆိုသည်။

(င) **နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

### အခန်း(၂)
### ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

### အခန်း(၃)
### အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ ဤဥပဒေ၏ အခွန်အကောက် အမျိုးအစားများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

### အခန်း(၄)
### သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်

၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်များ ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၁၀။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

### အခန်း (၅)
### ကုန်သွယ်လုပ်ငန်းခွန်

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

#### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) မည်သူမဆို အောက်ဖော်ပြပါ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှအပ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ခ) အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့် စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြပါရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည်-

#### အထူးကုန်စည်များ

| စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက်။ | ၁၂၀ |
| ၂ | ဆေးရွက်ကြီး။ | ၆၀ |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ၆၀ |
| ၄ | ဆေးပေါ့လိပ်။ | ၆၀ |
| ၅ | ဆေးပြင်းလိပ်။ | ၆၀ |
| ၆ | ဆေးတံသောက်ဆေးများ။ | ၆၀ |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | ၆၀ |
| ၈ | အရက်အမျိုးမျိုး။ | ၆၀ |
| ၉ | ဘီယာအမျိုးမျိုး။ | ၆၀ |
| ၁၀ | ဝိုင်အမျိုးမျိုး။ | ၅၀ |
| ၁၁ | ကျွန်း၊ သစ်မာ သစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၂၅ |
| ၁၂ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| ၁၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |
| ၁၄ | ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon)ကားများ၊ ကူပေး(Coupe) ကားများ။ | ၂၅ |
| ၁၅ | ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | ၁၀ |
| ၁၆ | သဘာဝဓာတ်ငွေ့။ | ၈ |

(ဂ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုး သို့မဟုတ် ဝန်ဆောင်မှုတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။

| စဉ် | ကုန်စည်/ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြား နှံစားသီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံ့ဥ၊ ပီလောပီနံ့မှုန့်။ |
| ၁၄ | ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခပ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊သပေါ့၊ ဓနိစသော လယ်ယာကိုင်းကျွန်းထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | အရောင်ချွတ်ဖတ်။ |
| ၂၉ | အုန်းဆံချည်ခင်။ |
| ၃၀ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၁ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၂ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၃ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၄ | ငံပြာရည်အမျိုးမျိုး။ |
| ၃၅ | စားအုန်းဆီမှအပဖြစ်သည့်စားဆီအမျိုးမျိုး။ |
| ၃၆ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၇ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၈ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၃၉ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၀ | ချင်း။ |
| ၄၁ | ငါးပိအမျိုးမျိုး။ |
| ၄၂ | မန်ကျည်းမှည့်။ |
| ၄၃ | နိုင်ငံတော်အလံ။ |
| ၄၄ | စိပ်ပုတီးအမျိုးမျိုး။ |
| ၄၅ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက် အမျိုးမျိုး။ |
| ၄၆ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၇ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၄၈ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၄၉ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၀ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်ဖြင့်)။ |
| ၅၁ | ရေနံချေး။ |
| ၅၂ | ဆား။ |
| ၅၃ | ကြက်ပေါင်စေး။ |
| ၅၄ | ကွမ်းသီး။ |
| ၅၅ | ဓာတ်မြေသြဇာ။ |
| ၅၆ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၅၇ | လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းများ။ |
| ၅၈ | တိရစ္ဆာန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၅၉ | တိရစ္ဆာန်သုံး ဆေးဝါးများ။ |
| ၆၀ | မျိုးမြင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၁ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၂ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာ ပစ္စည်းကိရိယာ တန်ဆာပလာများ။ |
| ၆၃ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ |
| ၆၄ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေ၊ စည်းမျဉ်းဖြင့် ကန့်သတ်ထားသော လူသုံးဆေးဝါးများမှအပ)။ |
| ၆၅ | ဆေးဝါးကုန်ကြမ်းများ။ |
| ၆၆ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၇ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၆၈ | ကွန်ဒုံး(Condom)။ |
| ၆၉ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသုံး ပစ္စည်းနှင့် ပစ္စည်းကိရိယာများ။ |
| ၇၀ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |

စာမျက်နှာ ၁၆ သို့ ❋

* စာမျက်နှာ ၁၅ မှ

| စဉ် | ကုန်စည်/ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| ၇၁ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၂ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများအတွက်ရရှိသည့် ပုံနှိပ်ခရင်္ဂနှင့် စစ်လက်နက်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊တပ်မတော်သုံးယာဉ်အမျိုးမျိုး။ |
| ၇၃ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၄ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့်ပစ္စည်းများ |
| ၇၅ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များနှင့် အဆောက်အအုံတည်ဆောက်မှု ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၇၆ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၇ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့်ကုန်ချောကို ထုတ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၈ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှအပ အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(င) ပုဒ်မခွဲ (ခ) ပါ ကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှ တင်သွင်းရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ။ အလားတူ အဆိုပါကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှဝယ်ယူ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ၊ သို့ရာတွင် ကုန်စည်ကို ဆက်လက်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်-

(၁) စီးကရက်၊
(၂) ဆေးရွက်ကြီး၊
(၃) ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊
(၄) ဆေးပေါ့လိပ်၊
(၅) ဆေးပြင်းလိပ်၊
(၆) ဆေးတံသောက်ဆေးများ၊
(၇) ကွမ်းစားဆေးအမျိုးမျိုး၊
(၈) အရက်အမျိုးမျိုး၊
(၉) ဘီယာအမျိုးမျိုး၊
(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ပါအခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့်အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်း ဝန်ဆောင်မှုအပါအဝင်ဖြစ်သော ကျန်ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ မျက်မမြင် အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | တိရစ္ဆာန်ကျန်းမာရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အများသုံးသန့်စင်ခန်းအသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၃ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထိ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် ထိုသို့ရရှိပါက ပိုမိုရရှိသည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ်တွင်သာ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ရမည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့် အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။

| စဉ် | ကုန်စည်အမျိုးအစား | အခွန် ရာခိုင်နှုန်း |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| (ခ) | သဘာဝဓာတ်ငွေ့။ | ၈ |
| (ဂ) | ကျွန်း၊ သစ်မာ သစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| (င) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |

၁၅။ ဤဥပဒေ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ အထက် ပုဒ်မ ၁၄ ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ ကုန်စည်တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် ၀ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် ထက်လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

၁၇။ စွမ်းအင်ဝန်ကြီးဌာနမှ ရောင်းချသော ဂျက်လေယာဉ်ဆီများ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအတွက် ၅ ရာခိုင်နှုန်းသာ ကျသင့်စေရမည်။

၁၈။ ဤဥပဒေ၏ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ဝင်ငွေခွန်

၁၉။ မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ ပစ္စည်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏ လစာခေါင်းစဉ်မှအပဖြစ်သည့် ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉ ပါ ဝင်ငွေခွန်နှုန်းဖြင့်လည်းကောင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ၊ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အဆိုပါ သက်သာခွင့်အား နိုင်ငံသားတစ်ဦးလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိစေရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| ဝင်ငွေ (ကျပ်) | | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| (က) | ၁ - | ၅၀၀,၀၀,၀၀၀ | ၃ % |
| (ခ) | ၅၀၀,၀၀,၀၀၁ - | ၁၅၀၀,၀၀,၀၀၀ | ၁၀ % |
| (ဂ) | ၁၅၀၀,၀၀,၀၀၁ - | ၃၀၀၀,၀၀,၀၀၀ | ၂၀ % |
| (ဃ) | ၃၀၀၀,၀၀,၀၀၁ နှင့် အထက် | | ၃၀ % |

၂၅။ သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင်အမြတ် ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ မနုတ်မီ-

စာမျက်နှာ ၁၇ သို့

## ဥပဒေကြစ်း

❒ စာမျက်နှာ ၁၆ မှ

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါကအောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေး အမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| **မြတ်စွန်းငွေ** | **ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း** |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀% |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅% |
| (၃) ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၁)နှင့်အထက် | ၅၀% |

(ခ) တစ်ဦးချင်း ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အတွင်း ဝင်ငွေ ကျပ်သိန်း ၅၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံ သက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံ သက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) အရ တစ်ဦးချင်း ပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် အောက်ပါအတိုင်း သက်သာခွင့်ပြုရမည်-

(က) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၅ သိန်း၊

(ခ) သားသမီးတစ်ဦးလျှင် ကျပ် ၃ သိန်းစီ။

၃၂။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေး အမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ်ဝင်ငွေ အမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ် သိန်း ၅၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ် သိန်း ၅၀ အထိ၊

(ဂ) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

၃၄။ ဤဥပဒေ အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

### အခန်း(၇)
### အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) အကောက်ခွန်၊

(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဇ) ရေခွန်၊

(ဈ) တာတမံခွန်၊

(ည) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဋ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဌ) အင်းအိုင်ခွန်၊

(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊

(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများဝယ်ယူရောင်းချခြင်းတို့မှ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း အခွန်စည်းကြပ်ရမည်။

### အခန်း(၈)
### အထွေထွေ

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာ ခွင့်ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့် အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**





# သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း မြိတ်မြို့၌ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

သဘာဝဘေးအန္တရာယ်ကာကွယ်မှုများကို သိရှိနားလည်စေရန်၊ သဘာဝဘေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အသိပညာရရှိရန်နှင့် သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်မှုနှင့် အန္တရာယ်ကျရောက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ဝေါလ်ဗီးရှင်း မြန်မာတို့ပူးပေါင်း၍ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းကို ဇန်နဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရများ၊ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ၊ မြန်မာနိုင်ငံ ဘူမိဗေဒဆိုင်ရာ အန္တရာယ်များ၊ မြန်မာနိုင်ငံ မီးဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍများအကြောင်းတို့ကို တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာများမှ စိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူ ၂၈ ဦးကို သင်ကြားပေးကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

ကာသိုလ်လည်းရ
ဝမ်းလည်းဝ
ကျသင့်အခွန်
ဒို့ကျေပွန်

# တရားစီရင်ရေး ကိစ္စရပ်များကို မီဒီယာမှ သိရှိလေ့လာလိုပါက စီစဉ်ပေးမည်

**မော်လမြိုင်၊ ဇန်နဝါရီ ၂၅**

မီဒီယာများအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ တရားစီရင်ရေးကိစ္စရပ်များအား သိရှိလေ့လာလိုပါက တရားရုံးများတွင် ကြိုတင်၍တင်ပြပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ထောင်စုလွှတ်တော် တရားသူကြီးချုပ်ကို Media Room ထားဖို့ကိစ္စ တင်ပြထားပြီးပါပြီ။ ပြည်ထောင်စုလွှတ်တော်တရားသူကြီးချုပ်က ခွင့်ပြုချက်မရမီစပ်ကြားမှာ မီဒီယာများအနေနဲ့ အမှုကိစ္စရပ်များအား လေ့လာသိရှိလိုလျှင် ကြိုတင်အသိပေးအကြောင်းကြားထားရင် သက်ဆိုင်ရာ တရားရုံးနဲ့ညှိနှိုင်းပြီး ဆောင်ရွက်ပေးပါ့မယ်" ဟု မွန်ပြည်နယ်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီဇင်ဘာ ၅ ရက်က ကျင်းပသော ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေးတွင် ရေးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းဟန်က မွန်ပြည်နယ်အတွင်းရှိ တရားရုံးများတွင် Media Room များ ထားပေးနိုင်ခြင်း ရှိ-မရှိ မေးမြန်းချက်အပေါ် မွန်ပြည်နယ်တရားသူကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်ထံ တင်ပြပေးမည်ဟု ပြောခဲ့သည်။

**ဆက်နေမင်းအောင်**

## စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**ပုသိမ်၊ ဇန်နဝါရီ ၂၅**

မီးလောင်မှုဖြစ်ပွားရာတွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသည့် အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အောင်ရတနာ ဆန်စက်ပိုင်ရှင် ဒေါ်တင်တင်ခိုင်က ဂုဏ်ပြုရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဆန်စက်ပိုင်ရှင်ဒေါ်တင်တင်ခိုင်က ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးလွင်က လက်ခံရယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ရဲဗလ မျိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လူအေး၊ ပုသိမ်လေတပ်စခန်းမှူး၊ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့တိုင်းဦးစီးမှူး ရဲဗလမျိုးဝင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ခရိုင်မီးသတ်တပ်ဖွဲ့မှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆန်စက်ပိုင်ရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသူများအား ညစာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံခဲ့ပြီး ဂုဏ်ပြုရခြင်းမှာ ဇန်နဝါရီ ၇ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပုသိမ်မြို့ (၇)ရပ်ကွက်ရှိ ဒေါ်တင်တင်ခိုင်ပိုင် အောင်ရတနာ ဆန်စက်မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့များက ကြိုးကြိုးစားစား ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့၍ ယခုကဲ့သို့ ဂုဏ်ပြုရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(ပြန်/ဆက်)**

# လူကုန်ကူးခံရသူများ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးရေး ရက်တိုသင်တန်းဖွင့်

**ဖြူး၊ ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် လူကုန်ကူးခံရသူများအား လူ့အဖွဲ့အစည်းပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရေးနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးရေး ရက်တိုသင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် JICA တို့မှ ပူးပေါင်းဦးဆောင်မှုဖြင့် ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးတပ်ဖွဲ့စု (၇) ပုသိမ်မှ တပ်ဖွဲ့စုရဲမှူး ခင်ခင်စိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ရဲမှူးခင်ခင်စိုးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေး တပ်ဖွဲ့စု၊ တပ်စိတ်များ၏ လုပ်ငန်းတာဝန်များနှင့် လူကုန်ကူးမှုများအား တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ဒေါ်ခင်ရီမြင့်က လူကုန်ကူးခံရသူများအား နှစ်သိမ့်ဆွေးနွေးပေးခြင်းလုပ်ငန်းကိုလည်းကောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးသစ္စာက လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် လူမှောင်ခိုလူကုန်ကူးမှု တိုက်ဖျက်ရေးခေါင်းဆောင် ဒေါ်ခင်သန္တာနှင်းက အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးမှူးရုံး ဦးစီးအရာရှိ ဦးကျော်ဘုန်းမော်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ဆွေးနွေးပို့ချခဲ့ကြသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသင်တန်းကို ဇန်နဝါရီ ၂၁ ရက်မှ ဇန်နဝါရီ ၂၃ ရက်ထိ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား ၃၀ ဦး တက်ရောက်ခဲ့သည်။

**ဖြိုးမြင့်ဦး**








# သံသရာခရီးသည် လူမှုကူညီရေးသို့ မီးသတ်စက်နှင့် ပစ္စည်းများပေးအပ်

**ဖျာပုံ၊ ဇန်နဝါရီ ၂၅**

ဖျာပုံမြို့ အမှတ်(၁) ရပ်ကွက်ရှိ သံသရာခရီးသည် လူမှုကူညီရေးအသင်းသို့ အလှူရှင်မိသားစုက မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီက အဆိုပါအသင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားပြီး အလှူရှင်မိသားစု၏ကိုယ်စား သားဖြစ်သူ ဦးစိုးမင်းထွန်းက မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းရာ ဖျာပုံမြို့မီးသတ်စခန်း ဦးစီးအရာရှိ ဦးသန့်ဇင်မင်းနှင့် သံသရာခရီးသည် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးလှမင်းတို့က လက်ခံရယူခဲ့ကြသည်။

ကာလတန်ဖိုးငွေကျပ် ၅၃ သိန်းတန်ဖိုးရှိ အဆိုပါ မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဖျာပုံမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အိမ်အမှတ် (၄၃) နေ ဦးစိန်ပွင့်-ဒေါ်ကျင်သန်း (ခူဝံရေလုပ်ငန်းမိသားစု)က ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ ရက်ညတွင် ၎င်းတို့မိသားစု မီးဘေးသင့်ခဲ့သည့်အတွက် ဆွေမျိုးမိတ်သင်္ဂဟများမှ ကူညီထောက်ပံ့ခဲ့သည့်ငွေများဖြင့် ပြည်သူများ မီးဘေးအန္တရာယ်နှင့်ကြုံလာပါက မီးငြိမ်းသတ်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



**ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေကျပ်သန်း ၁၆၀ ဖြင့် Dragon Power Co. Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကနေဒီ-တွီးဆောက်-ပိန်းပိ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်က ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းနှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးအဖွဲ့တို့မှ ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့သည်။ အဆိုပါလမ်းအား ဖောက်လုပ်ပြီးစီးပါက ကျေးရွာကိုးရွာအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ဇိုဟေဆာ

# နွေရာသီ၌ ပြောင်းပြာဆည်ရေဖြင့် စိုက်ပျိုးမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး

**မြင်းခြံ၊ ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် ခရိုင်ဆည်မြောင်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်တို့သည် ဇန်နဝါရီ ၂၀ ရက်က ပြောင်းပြာဆည်ရေလှောင်တမံသို့ သွားရောက်၍ ယင်းဆည်ရေဖြင့် စိုက်ပျိုးရေးဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်လွင်က ဆည်ကြီး၏ ရေထိန်းသိမ်းနိုင်မှုအခြေအနေ၊ ရေဝင်မှုအခြေအနေ၊ ဆည်ရေသောက်စိုက်ကွင်းများသို့ ရေပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ နွေရာသီတွင် စိုက်ပျိုးမည့် နှမ်းစိုက်ကွင်းများသို့ ရေလုံလောက်စွာ ပေးဝေနိုင်မည့် အခြေအနေများကိုလည်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ဆည်ရေကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ရေကို လုံလောက်မျှတအောင် ပေးဝေနိုင်ရေးစသည်ဖြင့် ပြောကြားခဲ့ပြီး ဆည်ကြီးအတွင်း ရေကျန်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျေးလက်လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၁၅) ဖွင့်လှစ်

**တောင်သာ၊ ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကာလမှာ ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ သုံးရက်ကြာမြင့်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူဦးရေ ၁၅၀ တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးလက်လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော သား၊ ငါးကဏ္ဍ၊ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိရောက်အောင်မြင်စေရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပေါ်ပေါက်လာပုံ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ လမ်း၊ တံတား၊ ရေနှင့် မီးလင်းရေးဘာသာရပ်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်မွေးမြူရေး (နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ)၊ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်မွေးမြူနိုင်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်နည်းများ၊ စားကျက်နှင့် အာဟာရဗေဒ၊ စီးပွားဖြစ်မွေးမြူရေးအခြေခံဘာသာရပ်၊ ငါးလုပ်ငန်းဦးစီးဌာနမှ တစ်ပိုင်တစ်နိုင်စီးပွားဖြစ်မွေးမြူရေး၊ အခြေခံရေချိုငါးမွေးမြူရေးနှင့် ငါးသားဖောက်ပညာဘာသာရပ်များကို သင်ကြားပေးခဲ့သည်။


သင်တန်းနည်းပြများအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်၊ ဒုတိယဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်မြင့်စန်း၊ ဒုတိယဦးစီးမှူးဒေါက်တာစိုးအောင်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စပယ်လှိုင်တို့က ဘာသာရပ်အလိုက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။


**ကြေးမုံ**







သတင်းဆောင်းပါး

# ဆည်ရေမြုပ်ကျေးရွာများ ဘက်စုံဖွံ့ဖြိုး တိုးတက်လာခဲ့ပြီ



**စေတုတ္တရာ၊ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာသည် ကြီးအုံ-ကြီး၀ ဘက်စုံရေလှောင်တမံစီမံကိန်းတည်ဆောက်မှုကြောင့် ရေ၀ပ်ဧရိယာအတွင်းမှ လွတ်ကင်းရာနေရာများသို့ နိုင်ငံတော်၏ပံ့ပိုးကူညီမှုများဖြင့် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ယခုအခါ ပြောင်းရွှေ့ကျေးရွာများသည် ရေလှောင်တမံ၏ အကျိုးပြုမှုများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။

အဆိုပါကျေးရွာများအနက်မှ စေတုတ္တရာမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု၊ ၀န်လိုကျေးရွာနှင့် ခိုနန်းကျေးရွာသည် သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာခဲ့သည်။ ယခင်က တောင်ယာလုပ်၊ သစ်၀ါးခုတ်၍ အသက်မွေး၀မ်းကျောင်းပြုခဲ့ရာမှ ယခုအခါ တောင်ယာစိုက်ပျိုးခြင်းအပြင် ရေလုပ်ငန်းလုပ်ကိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများကြောင့် ကုန်စည်ကူးသန်းရောင်း၀ယ်ခြင်းများဖြင့် သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲခဲ့သည်။

၀န်လိုကျေးရွာနှင့် ခိုနန်းကျေးရွာသည် လျှပ်စစ်မီးမရရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှစ၍ ကြီးအုံ-ကြီး၀ ရေလှောင်တမံမှပို့လွှတ်သော လျှပ်စစ်မီးများဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိခဲ့ပြီး သန့်ရှင်းသောသောက်သုံးရေကိုလည်း တမံမှတစ်ဆင့် ပို့လွှတ်သော ရေပိုက်များမှတစ်ဆင့် ဂါလန် ၅၀၀၀ ဆံ့ရေကန်များဖြင့် ၂၀၁၃ ခုနှစ် နို၀င်ဘာမှစ၍ စတင်ရရှိ အသုံးပြုနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများဖြင့် စာသင်ကျောင်းဆောင်များကိုလည်း သွပ်မိုး၊ အုပ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်ကျောင်းဆောင်များဖြင့် ခံ့ညားထည်၀ါစွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်အခါများက မကျင်းပခဲ့သော ပညာရေးစုံညီပွဲတော်များကိုလည်း ၂၀၁၂ ခုနှစ်မှစတင်၍ နှစ်စဉ်မပြတ်ကျင်းပနိုင်ခဲ့သည်။

မဲဇလီအထက်တန်းကျောင်းများသို့ အလယ်တန်းအဆင့်၊အထက်တန်းအဆင့်များအထိ တက်ရောက်၍ ပညာဆက်လက်သင်ကြားနိုင်ခဲ့ကြသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ခိုနန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပပြုလုပ်ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အခမ်းအနားသို့တက်ရောက်လာသော ခိုနန်းကျေးရွာ ချင်းအမျိုးနွယ်အဖွားတစ်ဦးမှ စကားသံ၀ဲ၀ဲဖြင့် "အဘွားတစ်သက် မြေးလေးတွေရဲ့ဆုပေးပွဲကို တက်ရောက်ကြည့်ရှုခွင့်ရတာ ဒီတခါ သုံးကြိမ်မြောက်ပါပဲ။ ၀မ်းသာကြည်နူးရတာပေါ့။ ဟိုတုန်းက မတွေ့ကြုံဖူးဘူး။ ဒီဘက် တောင်ပေါ်ရွာရွှေ့လာမှ လျှပ်စစ်မီးလည်းရ၊ ညလည်း TV ကြည့်ရ၊ သောက်ရေလည်းအလွယ်ရ၊ မြို့ကိုလည်း သွားလာရလွယ်ကူတော့ ကျန်းမာရေးအတွက်လည်း စိတ်ချရရနဲ့ ကျေးဇူးတင်ပါတယ်။ ဆောင်ရွက်ပေးတဲ့အဖွဲ့တွေကို အထူးကျေးဇူးတင်ပါတယ်" ဟု ၀မ်းသာအားရပြောကြားခဲ့သည်ကို သိရှိခဲ့ရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# လေးမျက်နှာမှ ဓမ္မနှင့်ဘ၀အလင်းတန်းများ

**လေးမျက်နှာ၊ ဇန်နဝါရီ ၂၅**

မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအား ထိုင်းနိုင်ငံ Naresuan University မှ ဂုဏ်ထူးဆောင် (Doctor of Philosophy) ဘွဲ့တံဆိပ်တော်ဆက်ကပ်ခဲ့၍ ဆက်ကပ်ခံရခြင်းအတွက် ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်တွင် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်တွင် ကျင်းပကြောင်း သိရသည်။

မြောက်မြားလှစွာသော ဆရာတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များထဲတွင် ၂၀၀၉ ခုနှစ်က ဆရာတော်ဦးဆောင်သော လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာ၀န်ကြီးများပါ၀င်သောအဖွဲ့သည် တစ်မြို့နယ်လုံးသာမက ထိစပ်နေသော အနီးအနားပတ်၀န်းကျင်မြို့နယ်များမှ မျက်စိ၀ေဒနာရှင်များကိုပါ အခမဲ့စမ်းသပ်ခွဲစိတ် ကုသလှူဒါန်းနိုင်ခဲ့သည်။ အဆိုပါလှူဒါန်းပွဲကို လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် သုံးရက်တိုင်တိုင် မျက်စိ၀ေဒနာရှင် ပြင်ပလူနာပေါင်း ၄၀၀၀ ကျော်ကို စမ်းသပ်ကုသပေးခဲ့ရုံသာမက ယင်းတို့အထဲမှ မျက်စိအတွင်းတိမ်၀ေဒနာရှင်ပေါင်း ၅၅၁ ဦးကိုလည်း အောင်မြင်စွာ အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

ယင်းအပြင် လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) ကို နှစ်ပေါင်း ၃၀ ကျော် ဦးစီးဦးဆောင်လှုပ်ရှားဆောင်ရွက်ခဲ့သည့် ဆရာတော်၏မေတ္တာရိပ်အောက်တွင် လူမှုရေးအကျိုးပြုလုပ်ငန်းများ (အထူးသဖြင့် မျက်စိအခမဲ့ခွဲစိတ်ပေးခြင်း) တို့ကို ယနေ့ထိတိုင် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

မိုးကုတ်၀ိပဿနာအဖွဲ့ချုပ်၏ နာယကနှင့် အောင်ဆန်းမိုးကုတ်၀ိပဿနာအဖွဲ့ခွဲ (၇၇) ၏ ဦးစီးပဓာနမဟာနာယကဖြစ်တော်မူသော အောင်ဆန်းဆရာတော်သည် နိုင်ငံတော်အတွင်း ဗုဒ္ဓ၏ ဒေသနာတော်နှင့်အညီ မိုးကုတ်၀ိပဿနာကျင့်စဉ်များဖြင့် တရားစခန်းများ အနှံ့အပြားဖွင့်လှစ်ခဲ့ပြီး တပည့်ယောဂီများကို တရားတော်များ ဟောကြားပြသ ဆိုဆုံးမလျက်ရှိသည်။ ဤကဲ့သို့ ပြည်တွင်း၌ သာသနာပြုရုံမက အခါအားလျော်စွာ ပြည်ပနိုင်ငံများသို့ကြွရောက်ပြီး ကမ္ဘာအနှံ့ ဗုဒ္ဓသာသနာ ရောင်၀ါထွန်းစေရန် တရားစခန်းများ ဖွင့်လှစ်သင်ကြား ဟောပြောခဲ့သည်။

ဆရာတော်၏ မွေးရပ်ဇာတိမြေမှာ ဧရာ၀တီတိုင်းဒေသကြီးအတွင်းရှိ အင်္ဂပူမြို့နယ် ကျွဲသောင်ရွာဖြစ်သော်လည်း နောင်သောအခါ ဆရာတော်လောင်းလျာသည် လေးမျက်နှာမြို့ရှိ ပရဟိတကျောင်းတွင် စာပေပညာများကိုသင်ကြားရင်း ကြီးပြင်းလာခဲ့ရသူဖြစ်ပေသည်။ ဤသို့ အောင်မြေအဖြစ် လေးမျက်နှာမြို့ကို အခြေခံရယူထားသည့် ဆရာတော်အနေနှင့် သာသနာ့အာဇာနည်အဖြစ် လျှမ်းလျှမ်းတောက်ပေါ်ထွက်လာခဲ့ပြီမို့ မြို့နယ်သူမြို့နယ်သားများအားလုံးက ဂုဏ်ယူမဆုံး ဖြစ်ရကြောင်းဒေသခံများကပြောသည်။

**နေ၀င်း(လေးမျက်နှာ)**

# အမှတ်(၁၀) သစ်စက်တွင် လက်တွေ့မီးငြှိမ်းသတ်ရေးသရုပ်ပြ

**နတ်တလင်း၊ ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာ၀တီခရိုင် နတ်တလင်းမြို့တွင် ပတ်၀န်းကျင်ထိမ်းသိမ်းရေးနှင့် သစ်တောရေးရာ၀န်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အမှတ်(၁၀) သစ်စက်မှ စက်ရုံမှူးနှင့် ၀န်ထမ်းများအား သစ်စက်သီးသန့်မီးသတ်တပ်ဖွဲ့၀င်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၀င်များပူးပေါင်း၍ မီးဘေးကာကွယ်ရေး အတွက်လျင်မြန်ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် လက်တွေ့မီးငြှိမ်းသတ်နည်းများဖြစ်သော မီးသတ်ဆေးဘူးဖြင့်လည်းကောင်း၊ အပေါ့စားမီးသတ်စက်ဖြင့်လည်းကောင်း သရုပ်ပြသခဲ့သည်။ **(၀၇၁)**

DUAL TECH (UK) Approved Training Centre
20%Off
10%Off
Education for ALL
Principal - OMMC
Consultant - OMMC
Sule Shangri-la Hotel
MRCP
PLAB Test
(Open Tender)
myanmar HOME & DECOR
10 Outdoor Relaxation Places
Golden City Condominium
Volume 4, Issue 1(2015)
City Mart
Decoraris
Eternity Publishing & Advertising

# ရိခေါဒါရ်မြို့၌ မီးသတ်ပညာရပ်များ သင်တန်းပို့ချ

**ရိခေါဒါရ်၊ ဇန်နဝါရီ၊ ၂၅**

ပူပြင်းခြောက်သွေ့သည့် နွေဦးရာသီရောက်ရှိလာသဖြင့် ချင်းပြည်နယ်ရိခေါဒါရ်မြို့ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးစီမံချက်ဖြင့် မီးသတ်ပညာရပ်များအား စာတွေ့လက်တွေ့သင်တန်းပို့ချခြင်းကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို ဖလမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ထွန်းနိုင်က မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ အရေးပေါ်အချိန်ဆောင်ရွက်ရမည့် နည်းလမ်းနှင့် လုပ်ငန်းများ၊ ယာဉ်၊ စက်၊ ဆီ၊ လူ အသင့်ရှိရေးစသည့် မီးသတ်ပညာရပ်များကို စာတွေ့လက်တွေ့ဖြင့် သရုပ်ပြသင်ကြားပို့ချပေးသည်။

"ကျွန်တော်တို့ မြို့နယ်မီးသတ်ဦးစီးဌာနအနေနဲ့ ရိခေါဒါရ်မြို့ကိုလာရောက်သင်ကြားပို့ချခြင်းဟာ ရိခေါဒါရ်မြို့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေက ပွင့်လင်းရာသီအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနဲ့ အရေးပေါ်ကိစ္စကြုံတွေ့လာတဲ့အခါမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းနဲ့ နည်းလမ်းတွေကို ကြိုတင်လာရောက်ပို့ချတာပါ။

"အခုနှစ် ပွင့်လင်းရာသီမှာ ရိခေါဒါရ်မြို့ မီးဘေးလုံခြုံရေးအတွက် ဖလမ်းမြို့နယ်မီးသတ်ဦးစီးဌာနက မီးသတ်ဝန်ထမ်းတွေကို တစ်လတစ်လှည့်စီ တပ်ကင်းချ ပေးမှာဖြစ်ပါတယ်။ ဒီဒေသမှာရှိတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟုမြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။

မီးဘေးလုံခြုံရေးနှင့်မီးသတ်ပညာရပ်များသင်တန်းပို့ချခြင်းကို နှစ်ရက်ကြာပြုလုပ်ခဲ့ပြီး ဒေသရှိအရန်မီးသတ်တပ်ဖွဲ့ ၂၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုဟေဆာ**

## တောင်ကြီးတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်



**တောင်ကြီး၊ ဇန်နဝါရီ၊ ၂၅**

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် ၂၀၁၄-၂၀၁၅ခုနှစ် ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်နံနက် ၉ နာရီခွဲက ကျောင်းကြီးစုရပ်ကွက် အဝေရာကုန်းသာယာအနီး တောင်ကြီးတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမဆောင်ရှေ့၌ ကျင်းပခဲ့သည်။

တောင်ကြီးတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ၊ ဘာသာစုံပါမောက္ခများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြပြီး မြန်မာစာအသင်းက(ပထမ)၊ ဘူမိဗေဒအသင်းက (ဒုတိယ)၊ သမိုင်းဘာသာအသင်းက (တတိယ) အသီးသီးရရှိသွားကြကြောင်း သိရသည်။ **စိုင်းသန်းကျော် (တောင်ကြီး)**

# ရန်ကုန်မြို့ပြ၏လေထုညစ်ညမ်းမှု တိုင်းတာရေး စက်လေးလုံး မကြာမီရောက်ရှိမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့ပြ၏ လေထုအရည်အသွေး စောင့်ကြည့် လေ့လာရန်နေရာများ ရွေးချယ်ထားပြီး လေထုညစ်ညမ်းမှုကို တိုင်းတာဆောင်ရွက်မည့် စက်လေးလုံးကို ပြည်ပမှ မှာယူထားရာ ဖေဖော်ဝါရီ ပထမပတ်တွင် ရောက်ရှိ တိုင်းတာနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက သတင်းရရှိသည်။

ရန်ကုန်မြို့၌ တိုးပွားလာမည့် လူဦးရေ၊ ယာဉ်အစီးရေ၊ အခြေခံအဆောက်အအုံများ အပါအဝင် လေထုအရည်အသွေးစောင့်ကြည့်မှုများ၊ လေ့ထုညစ်ညမ်းမှု လျှော့ချရေး လုပ်ငန်းစဉ်များလည်း ဆောင်ရွက်ရန်အတွက် လေထုအရည်အသွေးစောင့်ကြည့်ရန် လိုအပ်သည့်နေရာ ၄၀ ကို ရွေးချယ်ထားသည့်အနက် လက်ရှိတွင် မဖြစ်မနေ တိုင်းတာရန် အဓိကလိုအပ်သည့် နေရာ ၁၅ နေရာခန့်တွင် လေထုအရည်အသွေး တိုင်းတာရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"၂၀၁၂ ခုနှစ်မှာ တိုင်းတာခဲ့တုန်းက ရန်ကုန်လေထုထဲမှာ ဖုန်နဲ့အမှုန်အမွှားတွေ TSPN Total Suspendent Particulate Matter awG[m WHO စံနှုန်းထက်ကို ကျော်လွန်နေတယ်။ စက်မှုဇုန်တွေက ထွက်တာ၊ ကားတွေက ထွက်တာတွေကြောင့် များနေတယ်။ ၂၀၁၃ မှာ ဂျာမန် GIZ က သင်တန်းလာပေးတယ်။ သူတို့နဲ့ပူးပေါင်းပြီး နေရာတွေလိုက်စစ်ဆေးကြည့်တော့ ရွေးချယ်ထားတဲ့နေရာ ၄၀ မှာ အဓိက တိုင်းတာဖို့လိုနေတာက နေရာ ၁၅ နေရာလောက်ပေါ့။ အဲဒီမှာ လေထုအရည်အသွေး စောင့်ကြည့်ဖို့ပေါ့။ ၂၀၁၄ ဘဏ္ဍာနှစ်မှာ လေထုအရည်အသွေး တိုင်းတာရေး စက်လေးလုံး အမေရိကကို မှာထားတာ ဖေဖော်ဝါရီလဆန်းမှာ ရောက်ရှိမှာဖြစ်ပြီး တိုင်းတာစစ်ဆေးမှုတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးအောင်မြင့်မော်က ပြောသည်။

အဆိုပါ လေထုအရည်အသွေး တိုင်းတာရေးစက်များကို အထိုင်စနစ်ဖြင့် နေရာ သုံးခုတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်တစ်လုံးကို ရွေ့လျားစနစ်ဖြင့် တိုင်းတာသွားမည်ဟု သိရသည်။ မြို့တော်ဧရိယာအတွင်း လေထုအရည်အသွေးကို တိတိကျကျသိရှိနိုင်ရန်နှင့် လေထုညစ်ညမ်းမှုအပေါ် ထိန်းသိမ်းကာကွယ်မှုနည်းလမ်းများ၊ အများပြည်သူ အသိပညာဖြန့်ဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန် ရည်ရွယ်သည်။

HAZ Scanner E pass အမျိုးအစားစက်များဖြစ်ပြီး မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံနှင့် လှည်းတန်းခုံးကျော်တံတားအနီး၊ မင်္ဂလာဒုံ အုပ်ချုပ်ရေးမှူးရုံးနေရာတို့တွင် အထိုင်ထားရှိ တိုင်းတာမည်ဖြစ်ပြီး ကျန်တဲ့စက်တစ်လုံးကို ရွေ့လျားစနစ်ဖြင့် တိုင်းတာမည်ဟု သိရသည်။ ဆိုလာစနစ်သုံးစက်များဖြစ်ပြီး စက်များနှင့် ရုံးချုပ်သို့ network ချိတ်ဆက်မည်ဟု သိရသည်။

"အဓိကကတော့ ရန်ကုန်လေထုမှာ အမှုန်အမွှားတွေ များပြားနေတာပါ။ TSPM မများအောင် စိမ်းလန်းမှုဧရိယာတွေ ထားရမယ်။ သစ်ပင်ထားရမယ်။ ကားလမ်းတွေကို ရေဆေးပြီးသန့်စင်အောင် လုပ်ရမယ်။ ကွန်ကရစ်လမ်းတွေကလည်း ဖုန်အမှုန်ပိုများတယ်။ တာယာပွန်းစားမှုများတယ်၊ တိုင်းတာမှုရလဒ်တွေသိရရင် လေထုညစ်ညမ်းမှု လျှော့ချတာတွေကို ဆောင်ရွက်သွားမှာပါ"ဟုဂင်းကပြောသည်။

အဆိုပါ စက်လေးလုံးကို မြန်မာကျပ်ငွေသိန်း ၁၀၄၀ ကုန်ကျကြောင်းသိရပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် မြို့နယ်အလိုက် လျာထားသော နေရာများမှာ မြောက်ဥက္ကလာပအဝိုင်း၊ သယ်န်းကျွန်းစံပြစျေး၊ မင်းနန္ဒာလမ်းနှင့် ဇဂ်မလမ်းထောင့်၊ သဒ္ဒါရုံလမ်း(ဘောလုံးကွင်းအနီး)၊ မင်္ဂလာဈေးလမ်းဆုံ၊ရန်ကုန်ဘူတာကြီး၊ ရွှေဂုံတိုင်လမ်းဆုံ၊ တက္ကသိုလ်ရိပ်သာလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ လှည်းတန်းလမ်းဆုံ၊ မြေနီကုန်းလမ်းဆုံ၊ သခင်မြပန်းခြံ၊ ဗိုလ်ချုပ်လမ်း(သူနာပြုတက္ကသိုလ်အနီး)၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်း(ခုံးကျော်တံတား)၊ မဟာဗန္ဓုလပန်းခြံ၊ မင်္ဂလာဒုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့တို့ဖြစ်သည်။

(၀၀၁)

[illegible]

[illegible]

[illegible]

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃ (စက်မှုဇုန်-၂) မြေကွက်အမှတ် (၁၁၆၉+၁၁၇၀)၊ ဧရိယာ(၀. ၁၁၂) ဧကရှိ နှစ် (၆၀) စက်မှုမြေနှင့် မြေပေါ်ရှိ အမှတ် (၁၁၆၉+၁၁၇၀)၊ စစ်တောင်းလမ်း၊ ၆၃-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူ ပိုင်ရှင် ဦးခင်မောင်ရွှေ (ဘ) ဦးဟာစံ (ခ) ဦးသန်းဝင်း [၁၂/ပဘတ (နိုင်)၀၂၇၄၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (သို့မဟုတ်) ရောင်းသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက် ကျော်လွန်ပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသက်မော် (**B.Sc, H.G.P, R.L**) ဝယ်ယူသူ၏ ရှေ့နေ (စဉ်-၂၀၅၈၈)
အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၇၄)၊ သုခလမ်းနေ အမိ ဒေါ်သန်းရွှေ [၁၂/ဒလန(နိုင်)၀၃၆၇၁၃]၏ သမီးဖြစ်သူ မီးမီး(ခ) မယမင်းသူ အသက် (၁၈) နှစ်ရှိသူသည် ၁၁-၁-၂၀၁၅ ရက် နံနက် ၈ နာရီတွင် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘမရှိခိုက် နေအိမ်မှဆင်းသွားသဖြင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကို အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်ညိုညိုဌေး (အထက်တန်းရှေ့နေ) (စဉ်-၂၇၄၇၈)
ဒေါ်မေနှင်းဦး (အထက်တန်းရှေ့နေ) (စဉ်-၃၂၉၀၉)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်၊ အေးသာယာမြို့သစ်၊ ထုံးဘိုရပ်နေ ဦးမောင်တင်၏သားဖြစ်သူ ဦးဘတင် (MKC-045034)ပိုင်ဆိုင်သည့် အေးသာယာမြို့သစ်၊ အကွက်အမှတ် (၅၈)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀. ၁၀၃)ဧက၊ စတုရန်းပေ(၄၄၈၇)၊ မြေအမျိုးအစား(H)ပိုင်း မြေကွက်ကို ဦးဘတင်မှ ဒေါ်ရီရီမြင့်(ခ)ဒေါ်ရီရီရွှေ[၁၃/တကန(နိုင်)၁၂၁၃၈၇]သို့ တောင်ကြီးမြို့နယ်၊ မြေစာရင်းဦးစီးဌာန စာချုပ်စာတမ်းမှူးရုံးတွင် ၂၅-၁၀-၁၉၉၈ရက်တွင် စာချုပ်အမှတ်(၃၄၄/၉၅)ဖြင့် အထူးစပါယ်ရှယ်ပါဝါ ပေးခဲ့ပါသည်။ ဒေါ်ရီရီမြင့်(ခ)ဒေါ်ရီရီရွှေမှ အထက်ပါ ပါဝါဖြင့် ဦးထွန်းထွန်းနိုင် [၁၄/ဇလန(နိုင်)၀၀၁၁၃၃]သို့ ပြန်လည်ရောင်းချထားပါသည်။ ယခုအခါတွင် ဦးထွန်းထွန်းနိုင်မှ အခြားသူများထံသို့ တရားဝင်ရောင်းချမည်ဖြစ်ပါ၍ ဤကြော်ငြာပါရှိသည့်နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၅၈/၈၄)**
**အမှတ်(၃၉၇/၁၃)ရပ်ကွက်၊ မြင်းခြံမြို့။**
**ဖုန်း- ၀၉-၂၅၆၀၀၈၅၁၀၊ ၂၂၁၅၅၁၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
ပြည်ကြီးတံခွန်မြို့နယ်တရားမရုံး၌
၂၀၁၄ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၅၉

ဒေါ်ကုလဝတီ (တရားလို) နှင့် ဦးအဂ္ဂညာဏ (တရားပြိုင်)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်၊ သီရိတံခွန်ကျောင်း၊ ဇောင်းကလော (မြောက်)၊ ရဲဘော်ကွက်သစ်ရပ်နေ ဦးအဂ္ဂညာဏ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကုလဝတီက ငွေ (၄၅၂၀၀၀၀/-)ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝင်းအောင်)**
**တွံတေးမြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

# ငဝန်မြစ်သို့ ရေထွက်ပေါက်များ အုတ်မြောင်းများဖြင့် တည်ဆောက်

**ငါးသိုင်း၊ ဇန်နဝါရီ ၂၅**

ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်သို့ ရေထွက်ပေါက်များဖြစ်သည့် မြဝတီလမ်း၊ ဘုရားလမ်း၊ အောင်ဇေယျလမ်းမကြီးများရှိ ခုံးပေါက်ကြီးများအား မိုးတွင်းကာလတွင်ရေလျှံမှုလျော့နည်းစေရန် အုတ်မြောင်းများဖြင့်ချဲ့ထွင်တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ငါးသိုင်းချောင်းမြို့စည်ပင်သာယာရေးကော်မတီမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ခွင့်ပြုငွေအရ မြို့တွင်းရှိလမ်းမကြီးများတွင် အဆင့်မြင့်ကွန်ကရစ်လမ်းများခင်းခြင်းနှင့် ရေမြောင်းများရေစီးရေလာကောင်းမွန်ရေး၊ မိုးကာလရေလျှံမှုများ လျော့နည်းစေရေး လုပ်ငန်းများကို မိုးမကျမီ ပြီးစီးရန်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့မြို့မှာ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်ဘတ်ဂျက်မှာ ဗိုလ်ချုပ်လမ်းမကြီးကို ကွန်ကရစ်ခင်းဖို့အရှည် ပေ ၁၅၂၀ လျာထားပေမယ့် ပေ ၂၅၂၀ ခင်းနိုင်ခဲ့ပါတယ်။ မြို့စည်ပင်သာယာ ဘတ်ဂျက်ခွင့်ပြုငွေမှ ၇၇၆ ဒသမ ၆သိန်းနဲ့ အများပြည်သူလှူဒါန်းငွေသိန်း ၂၀၀ ကျော်ပေါင်းပြီးတော့ ပြည်သူများပူးပေါင်းညီညွတ်မှုကြောင့် ပေ ၁၀၀၀ ခန့်ပိုခင်းနိုင်ပါတယ်။ နှစ်စဉ်ခင်းလာတာ အကျယ်ပေ ၂၀ ×အမြင့် ၈ လက်မနဲ့အရှည်ပေ ၄၀၀၀ ခန့်ထိရှိပါပြီ။ ဒါ့အပြင် ကျွန်တော်တို့မြို့မှာ နှစ်စဉ်ရေကြီးရေလျှံမှုတွေကြုံရတတ်လို့ မိုးကာလရေစီးရေလာကောင်းမွန်ရေး ရေထွက်ပေါက်ကြီးတွေကို အုတ်မြောင်း များနဲ့ချဲ့ထွင်တည်ဆောက်နေပါတယ်"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မြင့်နိုင်က ပြောသည်။

ယခုအခါ ငါးသိုင်းချောင်းမြို့တွင် ကွန်ကရစ်လမ်းများလွှမ်းခြုံသွားပြီဖြစ်၍ လျှပ်စစ်ဌာနမှကွန်ကရစ်ဓာတ် တိုင်များနှင့်မြင့်မားခန့်ညားစွာ ရှိပြီးရေထွက်ပေါက်ကြီးများနှင့်ရေမြောင်းများကိုလည်းစနစ်တကျတည်ဆောက်နေပြီဖြစ်၍ မိုးတွင်းကာလရေကြီးရေလျှံမှုများမှလျော့နည်းသွားမည်ဖြစ်သည်။ **ရွှေသိမ်းအေး**

## ဇေယျာကုန်သွယ်မှု ဗဟိုဌာနမုံရွာတွင်ဖွင့်

**စစ်ကိုင်း ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဇေယျာကုန်သွယ်မှုဗဟိုဌာနကို တိုင်းဒေသကြီးအတွင်းရှိ ထုတ်ကုန်ပစ္စည်းများဖြင့် ဖေဖော်ဝါရီလအတွင်းမုံရွာမြို့ သာစည်လမ်း ဒေါနခြံရပ်ကွက်ရှိမုံရွာမြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၌ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ထုတ်ကုန်များဖြစ်သောပန်းပုများ၊ ဆန်စပါး၊ ချည်ထည်၊ ကြိုးကြိုးချိတ်၊ ငွေထည်၊ ကြေးထည်၊ ယွန်းထည်၊ အင်ကြင်းကျောက်၊ ပဲမျိုးစုံ၊ ဇီး၊နှမ်းနှင့်ကြံထွက်ပစ္စည်းစသည်များကို တစ်စုတစ်စည်းတည်း လေ့လာဝယ်ယူနိုင်ရန်နှင့်ဈေးကွက်ဖော်ဆောင်နိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိသည်။

ထိုသို့ ဇေယျာကုန်သွယ်မှုဗဟိုဌာနကို မုံရွာမြို့တွင်ဖွင့်ရန် စီစဉ်နေပြီး ရွှေဘိုမြို့၌ ရတနာသိင်္ဃကုန်သွယ်မှုဗဟိုဌာန၊ စစ်ကိုင်းမြို့၌ ဇေယျာရွှေမြေကုန်သွယ်မှုဗဟိုဌာန၊ ကသာမြို့၌ နဒီကမ်းသာကုန်သွယ်မှုဟို ဌာနနှင့် ကလေးမြို့၌မြစ်သာကုန်သွယ်မှုဗဟိုဌာနကို ဆက်လက်ဖွင့်ရန်စီစဉ်လျက်ရှိသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ကျပ် ၃၁၈ သိန်းစီဖြင့် ခန္တီကျေးရွာနှင့် တောင်ကြီးရွာ အခြေခံမူလတန်း ကျောင်းဆောက်လုပ်

**ကလေးဝ၊ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ချထားပေးသည့် ကလေးဝမြို့နယ် ခန္တီကျေးရွာနှင့် တောင်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား တစ်ကျောင်းလျှင်ငွေကျပ်၃၁၈ သိန်းစီဖြင့် ထောက်ပံ့ပေးအပ်မှုဖြင့် ကျောင်းများဆောက်လုပ်နေကြောင်းသိရသည်။



ကလေးဝမြို့နယ် ခန္တီကျေးရွာနှင့် တောင်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းများမှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀ရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ် လျက်ရှိသည်။

အဆိုပါ ကျောင်းများ ဆောက်လုပ်မှုလုပ်ငန်း အခြေအနေများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးမောင်ထူးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင့်နိုင်တို့ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် နံနက် ၁၁ နာရီက အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်းနှင့် ညီ၊ မညီ ကွင်းဆင်းစစ်ဆေးပြီး အချိန်မီအောင်မြင်စွာပြီးစီးရေးတို့အတွက် မှာကြားခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**(iprd)

## ကျွန်းလှမြို့တွင်၁၇ကြိမ်မြောက်ပဋ္ဌာန်းအောင်ပွဲကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့အင်ကြင်းမြိုင်ရပ်ကွက် ဝေရိက္ခယပရိယတ္တိသီလရှင်စာသင်တိုက်၌ ၁၇ကြိမ်မြောက်ပဋ္ဌာန်းအောင်ပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုတပိုတွဲလဆန်း၅ရက် နံနက်က စာသင်တိုက်တွင် ကျင်းပကြောင်းသိရသည်။

ထို့နောက်သံဃာတော်အရှင်သူမြတ်တို့အားဆွမ်းဆန်စိမ်းလောင်းလှူကြပြီးဩကာသကန်တော့ကျိုးဖြင့်ပူဇော်ကန်တော့ကြ၍ပရိတ်တရားတော်များနာကြားကာ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ ကြကြောင်းသိရသည်။


အဆိုပါပဋ္ဌာန်းအောင်ပွဲအဖြစ်ဖေဖော်ဝါရီ၂၄ရက် ညတွင်စစ်ကိုင်းတောင်ရိုးဝေဇယန္တာကျောင်းတိုက် ဒေါက်တာအရှင်ပညာသေဌာလင်္ကာရဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

## ဝက်သက်ရောဂါနှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံ

**ဘောဂလိ၊ ဇန်နဝါရီ ၂၅**


ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ဘောဂလိမြို့တွင်အသက်ငါးနှစ်မှ(၁၅)နှစ်အထိကလေးများကို ပထမအကြိမ် ဝက်သက်ရောဂါနှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ဘောဂလိမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွင် ကျန်းမာရေးဝန်ထမ်းများမှကြီးကြပ်ဦးဆောင်ပြီး ဘောဂလိမြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များ၊ကျောင်းဆရာ၊ဆရာမများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်းနှင့်ကျောင်းသား၊ကျောင်းသူ ၁၅၀ ဦးအား ပထမအကြိမ် ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဘောဂလိ (ပြန်/ဆက်)**













**အခန်းငှားမည်**

ရုံးခန်းဦးစားပေးမည်
H/T, Air Con (3)လုံး၊ ph (၂)လုံး၊ ထပ်ခိုးအပြည့်၊ မြင့်မိုရ်ထပ်ပါ၊ ပြင်ဆင်ပြီး၊ (၂၆)လမ်းအောက်၊ ပန်းဘဲတန်း။
ဖုန်း-၀၉ - ၄၉၂၂၇၀၉၂၊
၀၉ - ၅၀၃၀၆၀၉

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**

– ငပိ၊ ငခြောက်ဇုန်(၃)၊ နီလာလမ်းမပေါ်ရှိ ဒဂုံဆိပ်ကမ်းမြေ၊ ပေ(၁၀၀× ၂၀၀)၊ ပါမစ်မြေ၊ ခြံခတ်ပြီး။ ညှိနှိုင်းဈေး၊ သိန်း(၆၈၀)
– ဦးတရုတ်ကြီးလမ်းမပေါ်၊ ၁၆၈ ရပ်ကွက်၊ အပိုင်း(၂)၊ ဒဂုံဆိပ်ကမ်း၊ RC (၂)ထပ်၊ ပေ(၂၀× ၆၀)၊ ပါမစ်မြေ၊ ညှိနှိုင်းဈေး၊ သိန်း(၄၈၀)
ဖုန်း ၀၉–၅၅၀၃၆၄၀

# ကမ္ဘာ့အခမ်းအနားဆုံး လေယာဉ်ကွင်းဖြစ်လာတော့မည့် စင်ကာပူချန်ဂီလေဆိပ်



ဗိသုကာပညာရှင် မိုရှီဆက်ဖဒီက ဒီဇိုင်းရေးဆွဲပြီး လူနေအိမ်ရာ ၆၇ လုံးပါဝင်မည့် ယင်းစီမံကိန်းကို မွန်ထရီယယ် အရပ်ဒေသ၌ စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ် ဖွံ့ဖြိုးရေးစီမံကိန်းအသစ်အဖြစ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်နေပြီဖြစ်သည်။

ယင်းစီမံကိန်းသည် တကယ့် သဘာဝကို အခြေခံကာ တည်ဆောက်ထားသော အလွန်စနစ်ကျသည့် အံ့ဖွယ်စိတ်ကူးဖြစ်သည်ဟု နိုင်ငံတကာ ဗိသုကာပညာရှင်များက ဆိုသည်။ တောတောင်တွေအကြား အမှန်တကယ်ရောက်ရှိနေသလို၊ ရတနာဥယျာဉ်များအကြား နေထိုင်နေရသလို အမှန်တကယ်ခံစားရ မှာဖြစ်ပြီး မိုးရေဝဲကတော့ကြီးဟု ကင်ပွန်းတပ်ထားသည့် ရေတံခွန်ကြီးတစ်ခုလည်း ပါဝင်မည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများအတွက် စင်ကာပူ၏ နောက်ထပ်ဖြည့်ဆည်းပေးထားသော ဝန်ဆောင်မှုအသစ် တစ်ရပ်လည်းဖြစ်သည်။ ထို့အပြင် ၁၃၄၀၀၀ စတုန်းရန်းမီတာ အကျယ်ရှိ ဖန်သားအတိပြီးသော အမိုးခုံးအောက်တွင် သစ်ပင်မျိုးစုံ၊ အုန်းထန်းအမျိုးအစားအပင်များနှင့် ဖန်းပင်များလည်း ပါဝင်ရာ သဘာဝဆန်သော လေကောင်းလေသန့်ကို သဘာဝအတိုင်း ခံစားကြရမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် အပြီးတည်ဆောက်မည့် ယင်းရတနာအိမ်ရာ စီမံကိန်းသည် ခြေလျင်လျှောက်၍ရသော တံတားများက လေဆိပ်သို့ တိုက်ရိုက်ချိတ်ဆက်ပေးထားရာ လေဆိပ်နှင့် အိမ်ရာစီမံကိန်းသည် တစ်ခုတည်းသော အဝန်းအဝိုင်းတွင်ပင် တည်ရှိနေမည်ဖြစ်သည်။

ထို့အပြင် ယင်းတံတားတစ်လျှောက် စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များလည်း ပါဝင်တည်ဆောက်ထားရာ ယင်းစီမံကိန်းကို မြို့ပြ၏ ပြယုဂ်စီမံကိန်းအသစ်ဟု ဗိသုကာပညာရှင် ဆက်ဖဒီက ပြောကြားခဲ့သည်။

arvbif

# သတိပြုစရာ အခမဲ့ဖုန်းအက်ပလီကေးရှင်းများနှင့် နောက်ကွယ်မှ ဆင်ခြင်စရာအကြောင်းအရာများ

ယခုအချိန်တွင်တွင် မိုဘိုင်းဖုန်းကိုင်ဆောင်သူများအတွက်အသုံးပြုနိုင်သော အက်ပလီကေးရှင်းများမှာ စုံလင်လှပြီး ၎င်းတို့အနက်အများစုကို အခမဲ့ရယူ သုံးစွဲနိုင်နေပြီဖြစ်သည်။ သို့သော် ၎င်းတို့နောက်ကွယ်တွင် ပေးဆပ်ရမှုများလည်းရှိနေကြောင်း မိုဘိုင်းလုံခြုံရေး ကျွမ်းကျင်သူများကသတိပေးလိုက်သည်။

လက်ရှိဈေးကွက်တွင်းရောက်ရှိနေသော မိုဘိုင်းဖုန်းကုမ္ပဏီအများစုသည် ဝယ်ယူအသုံးပြုသူများ၏ ကိုယ်ပိုင်အခွင့်အရေးကို ဥပဒေဖြင့် အကာအကွယ်ပေးနိုင်ခြင်းမရှိသေးကြောင်း မိုဘိုင်းဖုန်းအက်ပလီကေးရှင်း ဈေးကွက်လေ့လာသူများကဆိုသည်။

တရုတ်ပြည်မကြီးတွင် မိုဘိုင်းဖုန်း သန်းငါးရာခန့်က သုံးစွဲနေသော WeChat App မှတစ်ဆင့် စောင့်ကြည့်လိုသည့်ဖုန်းသို့ ဗိုင်းရပ်စ်လှမ်းပို့နိုင်သည်။ အသံကို စောင့်နားထောင်နိုင်သကဲ့သို့ သွားလာလှုပ်ရှားမှုများကို မှတ်တမ်းပြုနိုင်သည်ဟုဆိုသည်။ အက်ပလီကေးရှင်းအများစုသည် အသုံးပြုသူ၏ကိုယ်ရေးအချက်အလက်များကိုစုဆောင်းသည်။ ယင်းတို့ကို ဈေးကွက်ကြော်ငြာများအတွက် ပြန်လည်အသုံးချနေသည်။

"လူတွေက အန္တရာယ်ကိုမသိတော့ အလကားရတယ်ဆိုပြီးသုံးကြတာပဲ။ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို ကိုယ်ကလိုလိုလားလားနဲ့ သွားပေးနေတဲ့သဘောဖြစ်နေတယ်"ဟု ဆော့ဖ်ဝဲကျွမ်းကျင်သူ အယ်လင်ဘာနက်ကပြောသည်။

ထို့ပြင် အချို့သောအက်ပလီကေးရှင်းများမှ တစ်ဆင့် ဖုန်း၏ ကင်မရာများ၊ မိုက်ကရိုဖုန်းများကို အဝေးမှ ထိန်းချုပ်နိုင်နေပြီဖြစ်ရာ ဆက်သွယ်မှုအားကောင်းလာနေသည့်ကမ္ဘာတွင် သတင်းအချက်အလက်များရနိုင်ရေး၊ တစ်ဦးချင်းစီ၏ ဆက်သွယ်ရေးတို့အတွက် နောက်ဆုံးပေါ်နည်းပညာများက ဆောင်ကြဉ်းပေးနေချိန်တွင် မိမိအသုံးပြုသည့် နည်းပညာများအကြောင်းပို၍ သိရှိထားရန်လိုအပ်ကြောင်း မိုဘိုင်းလုံခြုံရေး ဆော့ဖ်ဝဲပညာရှင် နေသန်ထရိုက်တပ်က သတိပေးပြောကြားလိုက်သည်။

**ခင်ခင်သက်**

# ၂၀၁၅ ထုပ်ပိုးမှုနည်းပညာသစ်များကို Domino UK ကပြသသွားမည်

Domino UK သည် ၂၀၁၅ တံဆိပ်ရိုက်ခြင်းနှင့် ပုံနှိပ်ခြင်းဆိုင်ရာ နည်းပညာများ၊နောက်ဆုံးပေါ် စက်ကိရိယာများပြပွဲကို မကြာမီကာလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။သို့သော်ရက်စွဲအတိအကျကိုမူ ထုတ်ပြန်မကြေငြာသေးပေ။

Dominoမှ ကျွမ်းကျင်ပညာရှင်များကနောက်ဆုံးပေါ် ထုတ်ပိုးမှု နည်းပညာရပ်များ၊ ယင်းတို့မှရရှိလာမည့် အကျိုးကျေးဇူးများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အကြောင်းကိုပါထည့်သွင်းဆွေးနွေးသွားမည်ဖြစ်သည်။ Dominoမှအသစ်ထုတ်လုပ်သော N610i ရောင်စုံဒစ်ဂျစ်တယ် ပုံနှိပ်စက်သည် လုပ်ငန်းများ၏စံသတ်မှတ်ချက်အတိုင်း(၃၃၃)မီလီမီတာအကျယ်ရှိကာ၊ အလင်းပိတ်အဖြူရောင်အပါအဝင်အရောင်ခုနှစ်မျိုးအထက်ပါဝင်သည်။ 600dpi သဘာဝဆန်သော ရုပ်ထွက်ပြတ်သားမှုမျိုးလည်း ပါရှိကာ တစ်မိနစ်လျှင်၇၅မီတာလောက်အထိ လည်ပတ်ထွက်ရှိနိုင်မည်ဟုဖော်ပြထားသည်။



ယင်း Domino အမှတ်တံဆိပ်ပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စားသောက်ကုန်နှင့်အချိုရည်လုပ်ငန်းများ အပါအဝင် အခြားစီးပွားဖြစ် လုပ်ကိုင်နေသော တံဆိပ်ရိုက်ခြင်းနှင့် ပုံနှိပ်ခြင်းလုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုနေသည်။ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်အဖြစ်ရုံးခွဲပေါင်း(၂၅)ခု ဖွင့်လှစ်ကာ နိုင်ငံပေါင်း၁၂၀တွင် တင်သွင်းဖြန့်ချိသူ ၂၀၀ အထက်ရှိနေသော အင်အားကြီး နည်းပညာကုမ္ပဏီကြီးလည်းဖြစ်သည်။

arvbif

POPULAR STAR
Feb 11, Feb 27, Mar 26
Feb 27, Mar 26

Professor Dr Nyan Lin
AMSEM International University College

ဝံ-လက်ဘီ

ကြော်ငြာ

## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်(ရန်ကုန်)၏ ဂုဏ်ဝိသိဋ္ဌ ပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၈-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး အကောက်ခွန်ဓမ္မာရုံတွင် ကျင်းပပြုလုပ်ပါမည်။

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်များ၊ လူပုဂ္ဂိုလ်များ၊ ဒေါက်တာဘွဲ့ရရှိသူများ ၂၀၁၄ခုနှစ်တွင် တက္ကသိုလ်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သား/သမီးများသည် အမှတ်စာရင်းမိတ္တူအထောက်အထားများပေးပို့ကြပါရန်နှင့် လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း-၅၅၉၄၇၂ |
| ၂။ ဦးရဲညွန့် | ဒုဥက္ကဋ္ဌ | ဖုန်း-၅၄၈၈၃၈ |
| ၃။ ရဲမှူးကြီး ဦးတင်သိန်းဟန်(ငြိမ်း) | ဒုဥက္ကဋ္ဌ | ဖုန်း-၅၃၂၁၉၉ |
| ၄။ ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း(ငြိမ်း) | အတွင်းရေးမှူး | ဖုန်း-၄၃၀၃၃၅ |
| ၅။ ဦးမောင်မောင်လှ | တွဲဖက်အတွင်းရေးမှူး | ဖုန်း-၂၄၀၀၄၇ |
| ၆။ ဦးမြင့်လွင် | တွဲဖက်အတွင်းရေးမှူး | ဖုန်း-၅၁၀၄၅၂ |

အလုပ်အမှုဆောင်အဖွဲ့

## Konica ဓာတ်ပုံ

Wedding Dress & Photo Studio



Interior Design သင်တန်း

 မြေကွက်ဝယ်လိုသည်

09 250644566
09 255781353
09 254046497

## Yee Fashion Deigner Group

Center(1)
Center(2)

## မြန်မာ့စက်မှုကျွမ်းကျင်

01 291317, 202921, 09- 8637480

ပြည်ပနိုင်ငံ သင်တန်း

Section A : 31 - 1 - 2015
Section B : 3 - 2 - 2015

## "ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်"

မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၈)လမ်း၊ (ကွန်ကရစ်လမ်းသစ်)၊ (၁၅'×၄၀'×၉')

သိန်း (၈၅၀)

(အလျှော့တင်းလုံးဝမရှိ)

**(ပွဲစား/အကျိုးဆောင်/ကြော်ငြာများမလိုပါ။)**

**Ph: 09450026150, 09796264860**

## EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ

၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၅၄၄၇

၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)ရပ်ကွက်၊ မြေကွက်အမှတ်(၄၂၈)၊ ငုဝါမြိုင်(၂) လမ်း၊ (၄၉)ရပ်ကွက်၊ အကျယ်အဝန်း ပေ (၄၃×၆၀)၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးတင်ဖေ (CF-၀၈၅၀၉၁) အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ဖခင်ဖြစ်သူမှ အငယ်ဆုံးသားဖြစ်သူ ဦးအေးခိုင်[၁၂/အစန(နိုင်)၀၈၂၄၁၄]သို့ ၂၅-၁-၂၀၁၅ ရက်စွဲပါစာချုပ်နှင့် မေတ္တာဖြင့် အပြီးအပိုင်ပေးအပ်ခဲ့ပြီး ဦးတင်ဖေ၏ ကျန်သားသမီးများဖြစ်သော ၁။ဦးလှိုင်ဦး[၁၂/အစန(နိုင်)၀၈၀၅၇၂]၊ ၂။ဦးမျိုးနိုင်[၁၂/အစန(နိုင်)၀၈၂၅၀၈]၊ ၃။ဦးကြည်ခိုင်[၁၂/အစန(နိုင်)၀၈၂၄၁၁]တို့မှလည်း ညီအငယ်ဆုံးအား မိမိတို့ခံစားပိုင်ဆိုင်ခွင့်များကို ၂၅-၁-၂၀၁၅ရက်စွဲပါစာချုပ်ဖြင့် ဦးအေးခိုင်အား အပြီးအပိုင်စွန့်လွှတ်စာချုပ်ဖြင့် ပေးအပ်ပြီးဖြစ်ကြောင်းနှင့် ကျွန်တော်တို့နှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးနန္ဒာဝင်း(စဉ်-၁၀၁၂၆)** LL.B, D.B.L, D.M.L, တရားလွှတ်တော်ရှေ့နေ

**ဒေါ်မိတင်ဇာလင်း(စဉ်-၃၀၄၉၁)** LL.B, D.B.L, D.M.L, D.I.L အထက်တန်းရှေ့နေ

**အမှတ်-၂၄/အေ-၇၊ သြဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉၄၃၀၂၈၅၈၂၊ ၀၉၇၃၁၃၅၂၆၄**

## ကားကွန်ပျူတာစနစ်စစ်ဆေးပြုပြင်သင်တန်း

Engine Doctor Engineering

No. 102, ground floor, 52nd st., Yangon

Call: EDE
Engine Doctor
09421144495
09421144496
09421144497

ကြော်ငြာ

ကိုးဘွဲ့ရ ... အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

## ဗုဒ္ဓစွယ်တော်မြတ်နှင့်ပန်းပေါင်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ အမှတ်(၄၆) အမ္ဗာရာမဝိပဿနာကျောင်းတိုက်တွင် နှစ်ပေါင်း(၅၀) ခန့်က တည်ထားကိုးကွယ်လျက်ရှိသော ဗုဒ္ဓစွယ်တော်မြတ်နှင့်ပန်းပွင့်ခုနစ်ကုဋေပန်းပေါင်းဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ပြုလုပ်ကျင်းပနေကျအတိုင်း တပို့တွဲလဆန်း ၁၂ ရက်၊ ၃၁-၁-၂၀၁၅ ရက်မှ တပို့တွဲလပြည့် ၃-၂-၂၀၁၅ ရက်ထိ လေးရက်တိုင်တိုင် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ပဋ္ဌာန်းဒေသနာဖြင့်ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ဖြင့် ပူဇော်ကြမည်ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များ ကြည်ညိုဖူးမျှော်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**ကျောင်းဒါယကာဂေါပကအဖွဲ့**
**အမ္ဗာရာမဝိပဿနာကျောင်းတိုက်**
**အမှတ်(၄၆)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**အဂ္ဂမဟာသိရီသုဓမ္မ မဏိဇောတဓရ ဦးညွန့်ငွေ**၏ဇနီး **သိရီသုဓမ္မသိင်္ဂီ ဒေါ်နီလာရွှေ B.Com (ကြာငါးခိုင်သင်္ကန်းတိုက်)**အား နိုင်ငံတော်မှ **အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း အမျိုးဘာသာသာသနာ အကျိုးများကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**သန်လျင်ကြာငါးခိုင်မှ မောင်၊ ညီမ၊ တူ၊ တူမများ**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

အများအကျိုးဆောင်ရွက်လျက်ရှိသော နန္ဒနေဦးပါနေဓမ္မသာလာအား ဆောက်လုပ်လှူဒါန်းပြီး သာသနာအကျိုးဆောင်ရွက်နေသူ **"သုဓမ္မမဏိဇောတဓရ"**ဘွဲ့နှင့် **"သီဟသုဓမ္မမဏိဇောတဓရ"**ဘွဲ့ရ **ဦးနန္ဒ (ခ) ဦးနန်ဒါရမ်း နေဦးပါနေ**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ရက်စွဲပါ ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် **"သိရီသုဓမ္မမဏိဇောတဓရ"**ဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် လွန်စွာမှဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ရှိသေလေးမြတ်စွာဖြင့် ဆုတောင်းဂါရဝပြုအပ်ပါသည်။

**ဦးအေး(မ်)လား-ဒေါ်ကွန်သီဒေဝီ**
**သား-ကျော်သူ၊ စည်သူ**
**မဏိရတနာအောင်ကျောက်မျက်ကုမ္ပဏီ၊ မိုးကုတ်မြို့။**


ပညာမြင်းမိုရ်

Computer, Language, Speaking, Music

Guide

09 31233275, 09 259258407
09 73004720, 01-562850



မြကျွန်းစာပေ
ဒေါက်တာထွန်းရွှေ၊ ဒဿန၊
ဒဿနဆောင်းပါးများစုစည်းမှု
၁။ ပင်လယ် နှင့် တတိယမြောက်ဝိုင်
၂။ ထီးကာလေး ခပ်ယိုင်ယိုင် (ဒု-ကြိမ်)
ဖြန့်ချိရေး - ရန်ကုန် - မျိုးဆက်သစ်စာပေ၊ ဖုန်း ၀၉ ၄၂၀၂၂၂၉၆၂
မန္တလေး - မြကျွန်းစာပေ၊ ဖုန်း ၀၉ ၉၁၀၀၄၄၀၃
ထွက်ပြီ



Foot Massage
Body Scrub, Oil Massage Course and Spa
Manicure, Pedicure, Nail Art Design


### ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၀-၂၀၁၄ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၃) ကန့်ကွက်ကြော်ငြာ ဒဂုံမြောက်မြို့နယ်၊ ဒေါ်တင်တင်၏မြေပုံကူးတွင် ဒေါ်တင်တင်[၁၂/သကတ(နိုင်)၀၃၇၉၀၈]အစား [၁၂/သကတ(နိုင်)၀၃၇၉၁၈]ဟု ဖတ်ရှုပါရန်။


ရောင်းမည်
Ph - 09 31458585


### အမည်မှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၁) အဌမတန်း (D)မှ မောင်ထွယ်ဆန်အောင်၏ အမည်မှန်မှာ မောင်လဂျွန်ထွယ်ဆန်အောင်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးလဂျွန်ဇော်ဘောမ် [၁/မကန(နိုင်)၁၀၃၈၃၆] ဖြစ်ပါသည်။


ရောင်းမည်
KOBELCO SK 200-8
နာရီ -2200
သိန်း (1200) ညှိနှိုင်း
09- 5103839, 09-73198255



ဝိဇ္ဇ (1)
ကားမောင်း၊ စက်ပြင်သင်တန်း





### လင်မယားကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်သန်းသန်းစိုး[၁၂/သဃက(နိုင်)၀၃၇၉၃၂]နှင့် ဦးမင်းညွန့် [၁၂/သဃက(နိုင်)၀၀၂၃၇၅]တို့သည် ၁၀-၁၂-၂၀၁၄ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဒု-ခရိုင်(၂)မှ လင်မယားကွာရှင်းပေးစေလိုမှုအား နှစ်ဦးသဘောတူကွာရှင်းပြတ်စဲစေအနိုင်ဒီကရီ ချမှတ်ခဲ့ပါသည်။ ဦးမင်းညွန့်နှင့်ပတ်သက်သောကိစ္စရပ်အားလုံးသည် ဒေါ်သန်းသန်းစိုးနှင့် လုံးဝမသက်ဆိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်သန်းသန်းစိုး[၁၂/သဃက(နိုင်)၀၃၇၉၃၂]**

### ကန့်ကွက်နိုင်ပါကြောင်း

အမှတ်(၁၇/ခ)၊ ပိတောက်(၁)လမ်း၊ သန်လျင်မြို့နယ်၊ သူဌေးကွင်းကျေးရွာရှိ မြေကွက်ကို ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**ဦးဝင်းတင်[၁၂/ဘဟန(နိုင်)၀၉၀၂၈၃]**

### ခွေးရောင်းမည်

Golden Retriever - ၂လ
Shih-Tzu+Terrier - ၂လ
နိုင်ငံခြားခွေးမျိုးစုံ အော်ဒါမှာယူနိုင်သည်။ **Hp:09-73115356**

### သား၊ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ရဲလင်းကို [၁၂/ မဂတ(နိုင်)၀၉၀၉၅၁]နှင့် ဇနီးမလဲ့ရည်ထွန်းသည် မိဘများ၏ဆို ဆုံးမမှုကိုမနာခံခြင်း၊ မိဘများစိတ်ဆင်းရဲအောင် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ပြုမူပြောဆိုနေထိုင်ခြင်း၊ မိဘများဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုမူနေသည့်အပြင် ၁၈-၇-၂၀၁၄ ရက်တွင် မိဘပိုင်ပစ္စည်းအား မိဘမသိအောင် တိတ်တဆိတ်ယူဆောင်ပြီး အိမ်မှဆင်းသွားပါသောကြောင့် ယနေ့မှစ၍ သွားနုတ္တသားအဖြစ်သတ်မှတ်ကာ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီ ဖြစ်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သော မည်သည့်ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာကိုမျှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဝင်း[၁၂/တမန(နိုင်)၀၃၇၁၈၂]-ဒေါ်ခင်ကြွေ[၁၂/တမန(နိုင်)၀၃၇၂၀၀]**

### အမွေပြတ်စွန့်လွှတ်ခြင်းမှပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ထက်လွင်အောင်[၁၂/သကတ(နိုင်)၁၈၀၈၆၄] အား ၁၇-၉-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း သိစေအပ်ပါသည်။

**ဖခင်-ဦးနိုင်အောင်လင်း[၁၂/သကတ(နိုင်)၁၂၈၉၅၆]**
**မိခင်-ဒေါ်စန်းစန်းငွေ [၁၂/သကတ(နိုင်)၁၀၄၇၄၆]**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်အေးအေးချို[၁၂/မရက(နိုင်)၀၁၄၅၈၃]၏သမီးဖြစ်သူ မချောစုလှိုင်[၁၂/မရက(နိုင်)၁၅၇၄၉၂]သည် မိဘများ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး အိမ်ပေါ်မှဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

**ဒေါ်အေးအေးချို[၁၂/မရက(နိုင်)၀၁၄၅၈၃]**

# ကြော်ငြာ

## ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက်အခါတော်နေ့ကျင်းပ

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် သြဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကို ၃-၂-၂၀၁၅ ရက် နံနက် ၈း၀၀ နာရီတွင် မဟာစည်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌဦးကျော်ထွန်းက နမောတဿ (၃)ကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးပါမည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သြဝါဒပါတိမောက်အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြပါမည်။ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင်ယောဂီများက သြဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးကဗျာများကို ညီညာဖျဖျ ရွက်ဆိုပူဇော်ကြပါမည်။

သြဝါဒစရိယဆရာတော် ဦးကဝိဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓမ္မ) (အဂ္ဂမဟာပဏ္ဍိတ) အရှင်မြတ်က သြဝါဒပါတိမောက်တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူပါမည်။ ရန်ကုန်မြို့၊ (ဗိုလ်မှူးမောင်မောင်ဝင်း)-ဒေါ်နှင်းနှင်းရီ သမီး-အင်ကြင်းမောင်မောင်မိသားစုမှ သံဃာတော်အရှင်သူမြတ် အပါး(၅၀)တို့အား အရုဏ်ထမနဲဆွမ်း ဆက်ကပ်လှူဒါန်းပါမည်။ ရွှေဘိုမင်းသမီးသနပ်ခါး လုပ်ငန်းပိုင်ရှင် ဦးတင်မောင်-(ဒေါ်မြကြည်) မိသားစုက ယောဂီကုန်၊ သံဃာကုန် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပါမည်။ ဒေါက်တာတင်ခိုင်မြင့်က အလှူရှင်များကို ဖတ်ကြားကြော်ငြာပြီး ဂုဏ်ပြုလွှာ ချီးမြှင့်ပါမည်။ ဆရာတော်ကြီးက အလှူရှင်အသီးသီး၏ကုသိုလ်များကို ရေစက်သွန်းချအမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းပါမည်။

## မြန်မာ့လက်မှုအနုပညာအသင်း

ဆက်သွယ်ရန် UMFCCI တာဝါ၊ (MIA ရုံးခန်း) အမှတ်(၂၉-၆ထပ်)

Pleasant Times
Travels & Tours

Tel: 01-500993, 09-73158702, 09-73072661, 09-420029003



## အမည်ပြောင်း

ကျွန်တော် ဦးဆမ်ကား၏သမီးဖြစ်သူ အင်းစိန် အလက(၁) VIII(A) တွင် ပညာသင်ကြားနေသော မအမ်းမိတ်အား မိရေဗက္ကာ Mi Rebecca ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မိရေဗက္ကာ Mi Rebecca**

## Apply Management Group Certificate Course @ WISE College

WISE College တွင် Apply Management Group Certificate Course ကို

Management Certificate Course များမှာ -

1. Certificate in Business Management
2. Certificate in Marketing Management
3. Certificate in Human Resource Management
4. Certificate in Customer Service for Business Management
5. Certificate in Business Communication

Group Certificate Certificate International Management Diploma Local Management Diploma

WISE College, No. 1009 (A/B), Yuzana Tower, Shwe Gone Dine, Bahan Tsp.
Ph : 01-556183, 09-255723388, 09-421154862

## ဆရာ ဦးဇော်လင်း (B.A,Korean.YUFL)
## ကိုရီးယားဘာသာ သင်တန်းကျောင်း
## ( မကွေးမြို့ )

Facebook: U Zaw Linn

## တာတေပြောပြတဲ့


ကြောက်စရာကောင်းသလောက်အစွမ်းလည်းအလွန်ထက်တဲ့တစ္ဆေမှော်စီရင်တဲ့ည

## တစ္ဆေမှော်

နှင့် တစ္ဆေလောက ဇာတ်လမ်းများ



တာတေ၊ နန်းကျော့သျှင်၊ ရွှေဘုန်းကံ၊ ကျော်မင်းနိုင် တာတေ ၏ မဖ်ဝါ်ခာစဉ် များ၊ အခြားတစ္ဆေသရဲစာအုပ်များနှင့် သုတ၊ ရသစာအုပ် မျိုးစုံကို လက်လီ၊ လက်ကား ဝယ်ယူရရှိနိုင်ပါသည်။ ပင်ရင်းဖြန့်ချိရေး၊အရှေ့ဘက်ကောင်းကင်စာပေ၊ အမှတ်(၂၈၂)၊ လမ်း(၄၀)။ ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄။



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်/ငှားမည်

(၁) မိုးမြင့်စံကွန်ဒို၊ မကြီးကြီးလမ်း၊ စမ်းချောင်း၊ Sqft(2250)၊Master (၂)ခန်း၊ Single (၂)ခန်း၊ ကျွန်း ပါကေးအပြည့်ခင်း၊ ဂျပ်စင်ဘုတ်အိမ်အပြည့်အလှဆင်၊ Air Con (၅) လုံး၊ Heater (၃)လုံး၊ ဘိုထိုင်အိမ်သာ ရေချိုးခန်းတွဲလျက် (၃)လုံး၊ ကြွေပြားခင်း/ကပ်၊ မီးဖိုချောင်ကြွေပြားအပြည့်ခင်း/ကပ်ပြီး ကန့်လန့်ကာ အလှဆင်၊ ရှေ့ဝရန်တာ၊ နောက်ဝရန်တာပါပြီး လေဝင်လေထွက်ကောင်း၊ ရွှေတိဂုံ ဘုရားဖူးမြော်နိုင်ပြီး ပြင်ဆင်မှုအလွန်ကောင်း၊ ကားပါကင်ပါ။ **(ရောင်း/ငှား)**

(၂) ကမ္ဘာအေးစေတီလမ်းမတန်းပေါ်၊ (၂)ထပ်လုံးချင်း၊ ထောင့်တိုက်အိမ်၊ ကုမ္ပဏီ၊ Show room ဖွင့်ရန်နေရာကောင်း၊ မရမ်းကုန်းမြို့နယ်။ **(ငှား)**

(၃) ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းမပေါ် (ပ)ထပ် ထောင့်ခန်း၊ ပေ(၁၅×၅၀)၊ မျက်နှာကျက် ဂျပ်စင်ဘုတ်၊ ကောနစ်၊ အလှမီးဆိုင်းတပ်ဆင်ပြီး ပါကေး+ကြွေပြားအပြည့်ခင်း၊ အိပ်ခန်း (၁)ခန်းပါ၊ ဘိုထိုင်အသစ်၊ အိမ်သာ+ရေချိုးခန်း ကြွေပြားခင်း၊ ကြွေပြားကပ်၊ Pressure Pump၊ စတီးသံပန်း အပြည့်တပ်ဆင်ပြီး၊ ပြတင်းပေါက် ပတ်လည်ပါပြီး၊ လေဝင်လေထွက်ကောင်းမွန်ပြီး၊ တစ်အိမ်လုံးအသစ်ပြင်ဆင်ပြီး **(ရောင်း)**

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၉၃၃၅၉၁၊ ၀၉-၅၁၇၂၉၁၃**

## အမြန်ပြန်လာပါ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၇ ရပ်ကွက်၊ဇော်ဂျီဆန်ဆိုင်မှ သေဗီးမား(ခ) နီလာဝင်းသည် ၂၀-၁-၂၀၁၅ ရက်တွင် နေအိမ်မှ စိတ်ဆိုးပြီးဆင်းသွားပါသဖြင့် မိဘများစိတ်ပူနေသည်။ အမြန်ပြန်လာပါ။

**ဦးစန်းကြည်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂/မြောက်၊ မြေကွက်အမှတ် (၁၁၈၆/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၁၈၆/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်(ဦးဘလှ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘလှ(ခင်ပွန်း) ၁၇-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စိန်[၁၂/သကတ (နိုင်)၁၀၅၃၀၃]မှ သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်၊ (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ် (၁၁၇၂)၊ မြေကွက်တည်နေရာအမှတ်(၁၁၇၂)၊ (၇၇)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (ဦးစိုးမြင့်) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးစိုးမြင့်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဦးတန်အန်းစိန်[၇/ကတခ(ဧည့်)၀၀၀၁၈၄]၊ သား ဦးပြည့်စုံထက် [၁၂/အစန(နိုင်)၂၃၇၃၇၆]မှ ပါမစ်စာချုပ်တို့တင်ပြ၍ ပါမစ်ရှိ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းလွမ်းဆွတ်သတိရအမှျဝေပေးခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဒေါက်တာ ဦးစောဝင်း(ဘားအံ)

ဘားအံမြို့နေ (ဦးထွန်းတင့်-ဒေါ်ရင်မေ)တို့၏သားငယ်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ်(၂၅)၊ ၄-လွှာနေ ၁၉-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဦးဝင်းနိုင်၏ညီ၊ ဒေါ်သိန်းနွဲ့၏မတ်၊ ရန်ကုန်မြို့နေ (အဖ ဦးတင်ရှိန်-အမိ ဒေါ်နုရင်)တို့၏သားသမက်၊ အမှတ်(၁၀၆)၊ ပထမထပ် (2 A)၊ ၁၅၅ လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်မှ အထူးချစ်လှစွာသော ချစ်ဇနီး ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်မိုးမိုးမြ၏ ခင်ပွန်း၊ ဒေါက်တာဦးစောဝင်း၏ နောက်ဆုံးထွက်သက်ထိ သစ္စာထား၍ တစ်လင်တစ်မယားအဖြစ် ထားရှိခဲ့သော ခင်ပွန်းအတွက် ရည်စူး၍ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ ကြားတောရလမ်း၊ ဇေတဝန်ကျောင်းတိုက် သိမ်တော်ကြီးအား ဆောက်လုပ်လှူဒါန်းခဲ့သော ဒါယကာကြီးအတွက် ရွတ်ဖတ်သရဇ္ဈာယ်ပေးသော ဆရာတော်ကြီး ဦးဂုဏိဿရ၏ မေတ္တာတော်များနှင့် ဒေါက်တာဦးစောဝင်း၏ မိဘ၊ ညီအစ်ကိုမောင်နှမသဖွယ်နေခဲ့ကြသော မိတ်ဆွေပေါင်းများစွာနှင့် ရင်းနှီးသောလူနာများ၏ပို့သသော အမှျပေးဝေမှုများနှင့်တကွ ၁၆-၁-၂၀၁၅ ရက် (၇)ရက်ပြည့်သောနေ့တွင် ဘုရားအမှူးထား၍ သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်း၊ ဝတ္ထုငွေများ၊ အရုဏ်ဆွမ်းများကပ်လှူ၍ ခင်ပွန်းအား ရည်စူးလှူဒါန်းပေးခဲ့ပါသည်။ ထိုကောင်းမှု အလှူဒါနများကို ခင်ပွန်း ဒေါက်တာဦးစောဝင်း၊ မြင့်မြတ်ရာဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သိနိုင်ပြီးလျှင် ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သော ဘုံဘဝမှ နိဗ္ဗာန်သို့တိုင် ခရီးဆက်နိုင်ပါစေ။

**အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ခင်ပွန်း**
**ချစ်လေးရဲ့ ကိုကို**
**အမျှ- အမျှ- အမျှ**
**နှမြောတမ်းတလွမ်းဆွတ်သတိရခြင်းများစွာဖြင့်**
**မွန်မြတ်သော ခင်ပွန်း၏ ချစ်ဇနီး**
**ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်မိုးမိုးမြ**
**တစ်ဦးတည်းသော ချစ်သားကြီး- အာကာကျော်**
**ရင်းနှီးသော မိတ်ဆွေများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။**

၁၀-၂-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ နာရီအထိ နေ့ဆွမ်းကပ်လှူပါမည် ဖြစ်ပါ၍ ဆရာ၏မိတ်ဆွေများအားလုံး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

## အထူးကျေးဇူးတင်ရှိခြင်း

### ဗိုလ်မှူးအောင်မြတ်ဦး(ငြိမ်း)

### အသက်(၄၅)နှစ်

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)၊ လက်ထောက်ညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

၁၅-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးအောင်မြတ်ဦး(ငြိမ်း) နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံ၌ ဆေးကုသမှုခံယူစဉ်မှစ၍ နာရေးကိစ္စအဝဝတွင် စေတနာအပြည့်ဖြင့် လာရောက်ကြည့်ရှုဝိုင်းဝန်း ကူညီစောင့်ရှောက်ပေးကြသော သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး၊ လှူဖွယ်ပစ္စည်းများပေးပို့ပေးပါသော ဒေါ်ခင်ကလျာသိန်းအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ နှစ်သိမ့်အားပေးခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်၊ သတင်းစာတို့ဖြင့် ဝမ်းနည်းကြောင်း ဖော်ပြပေးကြသော မိတ်ဆွေမောင်နှမများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများနှင့် လှူဖွယ်ပစ္စည်းများပေးပို့ကြသော၊ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဆရာသမားများ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ အရာထမ်း၊ အမှုထမ်းများအားလုံး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကျောက်မျက်ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တပ်မတော်သား/တပ်မတော်သား(ငြိမ်း)နှင့်မိသားစုဝင်များ၊ ချစ်ခင်လေးစားမောင်နှမများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိဂဒါဝုန်အသင်းအဖွဲ့ဝင်များ၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ်၊ ပြင်ဦးလွင်နှင့် အနယ်နယ်အရပ်ရပ်မှ တကူးတကလာရောက်ကြသော ဆွေမျိုးမိတ်ဆွေမောင်နှမများအားလုံးကို ရိုသေလေးစားစွာဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်တင်စိန် (၈၂)နှစ်

ပခုက္ကူမြို့နယ်၊ ဘဲကြီးကျေးရွာနေ (ဦးချမ်းလှ-ဒေါ်မြိုင်)တို့၏သမီးကြီး၊ ဦးတင်အောင်-ဒေါ်အောင်မို၊ (ဦးဦးလူ-ဒေါ်မြညွန့်)၊ (ဦးကျင်မောင်)-ဒေါ်ခင်စိန်၊ (ဦးတင်ရွှေ)-ဒေါ်ဝင်းကြည်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံ ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် (၁၅၅၄)နေ (ဦးမောင်တင်)၏ဇနီး၊ ဒေါ်ရီလေး (သီရိမေစတိုး)၊ ဦးငွေမောင်-ဒေါ်အေးလေး (ဖိုးလမင်းစတိုး)၊ ဦးတင်ဦး-ဒေါ်ငွေဝင်း(ဇင်လင်းထက်စတိုး)၊ ဦးကိုလတ်-ဒေါ်ရင်နွဲ့(သီရိမေစတိုး)၊ ဦးကိုကြီး-ဒေါ်ချိုချို၊ ကိုမျိုးမောင်မောင်သန်း-မအိသန့်(သီရိမွန်စတိုး)၊ ကိုကျော်သူ-မခင်သီတာသွယ်၊ မစိုးစိုးထွေးတို့၏မိခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၁-၂၀၁၅ (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၅(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီထိ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၅၅၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဦးချစ်မောင်(ဆုံကုန်းကျေးရွာ၊ ဘုတလင်)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်(အမှတ်-၇၉)၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်းနေ (ဒေါ်မြင့်မြင့်အေး)(စိုးစံစာရေးကိရိယာ၊ သိမ်ကြီးဈေး)၏ ခင်ပွန်း ဦးချစ်မောင်သည် ၂၃-၁-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကျော်မင်းနိုင်(ငြိမ်း)၊ ဦးအိုက်ခင်၊ ဦးအိုက်အာ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မြမြစီ(မိတ္ထီလာ) အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)၊ ငွေဝတ်မှုန်ရပ်ကွက်၊ အမှတ်(၇၀/ဇ)နေ ဗိုလ်ချုပ်တင်စိန်(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်မြမြစီသည် ၁၂-၁-၂၀၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်လှိုင်၊ ဦးငွေဝင်း-ဒေါ်နုနုမာ မိသားစု (တောင်ကြီးမြို့)**
**ဗိုလ်ကြီးသန့်ဇော်ပိုင်-မထွဋ်နန္ဒာဝင်း**
**(ခုတင်-၁၀၀၀၊ တပ်မတော်ဆေးရုံကြီး၊ နေပြည်တော်)**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးချစ်မောင်(ဆုံကုန်းကျေးရွာ၊ ဘုတလင်)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ (အမှတ်-၇၉)၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်းနေ (ဒေါ်မြင့်မြင့်အေး)(စိုးစံစာရေးကိရိယာ၊ သိမ်ကြီးဈေး)၏ ခင်ပွန်း ဦးချစ်မောင်သည် ၂၃-၁-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယရဲမှူးကြီးမျိုးအောင်-ဒေါ်သီတာလွင်မိသားစု**

### ဦးလှမြင့်(ခ)ဦးအန်အင်ကျုံး

### (ဘိုကလေး)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄၃)၊ ငါးလွှာ၊ အနော်ရထာလမ်းနေ (ဦးချစ်လွန်း-ဒေါ်ကျော့)တို့၏သား၊ ဦးဆေးရ-ဒေါ်ချင်းဂါးတို့၏သားသမက်၊ (ဦးလှသန်း)-ဒေါ်မြမြသူတို့၏အစ်ကို၊ ဒေါ်မြညွန့်(ခ)စောဦးတီ၏ခင်ပွန်း၊ ဒေါ်သန်းသန်းအေး၊ ဦးဝင်းနိုင်-ဒေါ်ကြည်စောငွေ၊ ဒေါက်တာဝင်းထွန်း-ဒေါ်သန်းသန်းထွေး၊ (ဦးကျော်မြင့်)၊ ဦးစိန်မြင့်၊ ဒေါ်ခင်သန်းအေး၊ ဦးဝင်းမြင့်-ဒေါ်အေးမွန်မြတ်၊ ဦးသိန်း အောင်-ဒေါ်ခင်ခင်လေး၊ ဦးမြင့်နိုင်-ဒေါ်ခင်သန်းငွေးတို့၏ မွေးသဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၅ ရက်တွင် အမေရိကန်နိုင်ငံ၊ လန်ကာစတာမြို့ အန်တာလော့ဘယ်လီဆေးရုံ၌ အမေရိကန်စံတော်ချိန် ၂၂း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

### ဒေါ်မြင့်မြင့်(စလင်း)

### အသက်(၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ဈေးမရပ်နေ (ဦးစံလင်း-ဒေါ်စုစု)တို့၏သမီး၊ [ဦးညွန့် (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက၊ စလင်း)-ဒေါ်တုပ်အို]၊ [ဦးဘသန်း(ရေနံဝန်-ငြိမ်း)-ဒေါ်ခင်ထွေး]၊ [ဒေါ်မေသစ်(အထည် ကုန်သည်) ]တို့၏တူမ၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နေ [ဦးဝင်းဖေ (လ/ထညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း)]-ဒေါ်ခင်စီဝင်းတို့၏ ဝမ်းကွဲနှမ၊ မုံရွာမြို့၊ ရုံးကြီးရပ်၊ စာရေးတန်းလမ်းနေ ဦးအောင်ကြွယ် (တရားလွှတ်တော်ရှေ့နေ)- ဒေါ်သန်းသန်းလှ၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ် ကွက်၊ (၅၄×၅၅)လမ်းကြား၊ ဇဇ ၂၄/၃၄ နေ ဦးမန်းတင့်မော် (ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း)-ဒေါ်ဝင်းဝင်းသန်း၊ မုံရွာမြို့၊ ရုံးကြီးရပ်၊ စာရေးတန်းလမ်းနေ ဒေါက်တာ သန်းတင့်အောင်-ဒေါ်မာလာဦးတို့၏ ဝမ်းကွဲအစ်မကြီး၊ တူ/တူမ ၁၃ယောက်တို့၏အဒေါ် ဒေါ်မြင့်မြင့်သည် ၁၈-၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် မုံရွာမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

### ရဟန်းအမကြီး

### ဒေါ်ကျင်မွှား(အင်ပင်) (၈၈)နှစ်

### မြန်အောင်မြို့နယ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် (၂၇)၊ ရှစ်လွှာ(ဘီ)နေ (ဦးထွားနား-ဒေါ်လှ)တို့၏သမီး၊ (ဦးအတူး)၏ဇနီး၊ ဦးမြသိန်း၊ ဒေါ်စန်း စန်းမြင့်၊ ဦးချစ်သိန်း-ဒေါ်စန်းစန်းရီ၊ ဦးစိန်သိန်း (Psycho;)၊ ဒေါ်ငွေးငွေးရီ (ဟိုတီ)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၄-၁-၂၀၁၅(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၅ (တနင်္လာနေ့)တွင် မြန်အောင်မြို့နယ် အင်ပင်ကျေးရွာ၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

### ဒေါ်ညွန့်ညွန့်ဝင်း(ပျော်ဘွယ်) (၈၂)နှစ်

ပျော်ဘွယ်မြို့၊ မြို့မရပ်နေ (ဦးအောင်ကြီး-ဒေါ်ခင်ရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၅၉-၆၁) (Lot-A)နေ ဦးလှမိုး (ညွှန်ချုပ်၊ ငြိမ်း၊ လယ်/သစ်ဝန်ကြီးဌာန)၏ ဇနီး၊ ဦးနိုင်ဦး-ဒေါ်ရီရီခိုင်၊ ဦးရဲအောင်-ဒေါ်ဥမ္မာထွန်း၊ (ဒေါ်ယုယုမိုး-ဦးခင် မောင်မောင်စိုး)၊ ဒေါ်နုနုမိုး-ဦးကျော်သူသန်း၊ ဒေါ်ခိုင်ခိုင်မိုး-ဦးသင်မြင့်သန်းတို့၏ မွေးသမိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၄-၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၅(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၅ (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတင်ရှိန်(ခ)ဦးကြည်တင်ရှိန်

### ဥက္ကလာစားသောက်ဆိုင်

### အသက် (၇၉)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ သစ္စာလမ်း၊ (၃၃၄/ခ)နေ (ဦးကြည်ဝိန်ချောင်-ဒေါ်ချင်လွှီကြည်)တို့၏သား၊ ဒေါ်ငွေစန်း၏ ခင်ပွန်း၊ ဦးအောင်ညွန့်-ဒေါ်ခင်ဝင်း(ခ)ကြည်ခေါင်ဝန်တို့၏ မောင်၊ ဦးကျော်မြင့်-ဒေါ်လှိုင်လှိုင်ဝင်းတို့၏အစ်ကို၊ ဦးထွန်းထွန်းဝင်း-ဒေါ်ကြည်ထွေးရှန်၊ (ဦးကြည်ကောင်းရွှေ)၊ဒေါ်ချင်မွန်ကြိမ်၊ ဒေါ်ကြည်ထွေးခင်၊ ဦးလှဝင်းတို့၏ဖခင်၊ မောင်ဆန်းလွင်၊ မမေသက်မွန်ကြည်တို့၏ အဘိုးသည် ၂၃-၁-၂၀၁၅ (သောကြာနေ့) နံနက် ၆ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၂၇-၁-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးဘသန်းထွန်း(မုံရွာ)

### အသက်(၇၈)နှစ်

(ဦးဘိုးသာ-ဒေါ်မှန်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၇) ရပ်ကွက်၊ တိုက်(၂၅)၊ အခန်း(၄၉)နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဦးရဲမြင့်သန်း(ကထိက၊သမဝါယမတက္ကသိုလ်၊ သန်လျင်)-ဒေါ်ခင်မိုးမြင့်၊ ဦးဇော်ဝင်းထွန်း - ဒေါ်သင်းသင်းအေး(အထက-၃၊ မြောက်ဒဂုံ)၊ ဦးအောင်ကျော်မိုး (အမှုဆောင် ဒါရိုက်တာ အရှေ့မြောက်တံခါးသစ်သီးကုမ္ပဏီ)-ဒေါ်သီတာအေး၊ ဒေါ်သီတာဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘိုး သည် ၂၄-၁-၂၀၁၅ (စနေနေ့) နံနက် ၆း၂၃နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၄-၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည် စူး၍ ၃၀-၁-၂၀၁၅ (သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



### ဦးငွေစိုး(ရန်ကုန်)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၄) ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ် (၄၁၁)နှင့် (ယခုခေတ္တ ၃၃-ခ/၄၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်)နေ (ဦးနိုင်ထူး-ဒေါ်သန်းတင်)တို့၏ သား၊ (ဦးငွေသန်း)-ဒေါ်သန်းသန်းလှ၊ (ဒေါ်ခင်စောမြင့်)၊ ဦးဘချော၊ (ဒေါ်ခင်ခင်ထွေး) တို့၏ အစ်ကိုကြီး၊ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်ဦး)-ဒေါ် ရီရီမြင့်တို့၏ဖခင်၊ ဆုမွန်မြင့်ဦး (Marketing Manager Sun Far Travels and Tours)၊ သုတမြင့်ဦး (Yadanarbon FC)-ခိုင်သင်းနွယ်၊ Dr. ချမ်းမြေ့ မြင့်ဦး (Australia)တို့၏ ချစ်လှစွာသော အဘိုး၊ ရွှေပိုးသုတ(Apple)၏ဘိုးဘိုး သည် ၂၃-၁-၂၀၁၅ ရက် နံနက် ၉း၂၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၎င်း၏ ဆန္ဒအရ ရေဝေးသုသာန်၌ ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### ဟာဂျီမရှုဟီဒါဘီ(ခ)

### မမိုးမိုးဝင်း(မဖြူ) (၃၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့ နယ်၊ အမှတ် (၁၃၀)၊ ကျိုက္ကဆံလမ်းနေ ဟာဂျီဦးအုန်းမြင့်-(ဟာဂျီမ ဒေါ်နီနီမာ)တို့၏သမီးချွေးမ၊ မအူကုန်းရပ်ကွက်၊ (၁၄၁)လမ်း၊အမှတ်(၁၃)နေ ဦးဝင်းမြင့်-ဟာဂျီမ ဒေါ်ရီရီလွင်တို့၏သမီး၊ ဟာဂျီကိုဇော်ဝင်းလွင် (ခ)ကိုဇော်ဝမ်း၏ဇနီး၊ ထက်ထက်ဇော် (ဒသမတန်း)တို့၏ မွေးသမိခင်သည် ၂၁-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဇဟိုရ်နမာဇ်အပြီး စွန်နီရေဝေးကဗရ် ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများသိစေရန် ကြေညာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်-၁၂/၂၂၄၊ စပါယ်လမ်း၊ ပုလဲလမ်းမကြီးနေ ဆရာမဒေါ်နော်စန်းထားသာ၏ခင်ပွန်း၊ ဆရာဦးစောကယ်လဗင်ကဲ(ဒု-ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်ရေဇင်း)နာမကျန်းဖြစ်စဉ်လာရောက်အားပေး နှစ်သိမ့်ဆုတောင်းပေးပါသော ဓမ္မဆရာများနှင့်သင်းအုပ်များ၊ သတင်းမေးကြသော မိတ်ဆွေများအားလည်းကောင်း၊ ကျင်းပသောစျာပနအစီအစဉ်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ကြွရောက်အားပေး မေတ္တာပြကြသူ အပေါင်းတို့အားလည်းကောင်း၊ တယ်လီဖုန်း e-mail တို့ဖြင့်တစ်ဆင့် သတင်းမေးမြန်းသူမိတ်ဆွေများ၊ တပည့်များအားလည်းကောင်း၊ စျာပနအစီအစဉ် တွင်အဘက်ဘက်မှလိုလေသေးမရှိအောင် တာဝန်ယူ၍ အစစအရာရာပံ့ပိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးဝင်းမော်၊ အင်းစိန်မြို့နယ်၊ မြို့နယ်မှူးဦးလင်းထင်နှင့် ဝန်ထမ်းများအဖွဲ့အားလည်းကောင်း၊ သစ်ထုတ်လုပ်ရေးရုံးချုပ်အထွေထွေမန်နေဂျာဦးမန်းဝင်းတင်နှင့်အရာရှိများ၊ ဝန်ထမ်းများ၊ ၁၉၆၇ မှ ၁၉၈၀ အထိ ၁၉၈၆ မှ ၁၉၉၆ အထိ သစ်တောတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် အငြိမ်းစားကျောင်းသားများအားလည်းကောင်း၊ ကရင်ပြည်နယ်နှင့် ပြည်ပရောက်တပည့်များ၊ နေပြည်တော်ရှိ သစ်တောဦးစီးရုံးမှ ဝန်ထမ်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ညီဖြစ်သူနှင့် ကျန်ရစ်သူမိသားစုဝင်များမှ လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

**ပျောက်ဆုံးကြောင်း** ကျွန်တော် လင်းထက်ကိုကို၏ PP No MA 242356 စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
**ဖုန်း-၀၉-၇၉၈၁၇၄၇၆၀**

Hot Line No-0930500100

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် ဩစတြေးလျ ဓနသဟာယနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်ကြီး ပီတာ ကော့စ်ဂရုနှင့် ဝန်ကြီးချုပ် မစ္စတာ တိုနီအဘော့ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့သည်။ (သတင်းစဉ်)



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ကျင်းပသော မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲပြိုင်ပွဲတွင် ပြသထားသော ဝေလငါးအရိုးစုပြကွက်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဝဝ၂)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးညဏ်ထွန်း အိန္ဒိယနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# အဆုံးသတ်အားနည်းမှုကြောင့် မကွေးအသင်း နိုင်ပွဲနှင့် လွဲချော်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၃) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)
မကွေး - ဂိုးမရှိ
နေပြည်တော် - ဂိုးမရှိ

နှစ်ပွဲဆက် ရှုံးနိမ့်ထားသည့် နေပြည်တော်အသင်းမှာ ရှုံးပွဲဆက်နေမှုကို ရပ်တန့်ပြီး ယခုရာသီ၏ ပထမဆုံးရမှတ်ကို ရယူနိုင်ခဲ့သည်။ မကွေးအသင်း၏ လူထုတ်ပုံ၊ ကစားပုံအရ နိုင်ပွဲဆက်နိုင်သော်လည်း အပိုင်အခွင့်အရေးများစွာကို အသုံးမချနိုင်ခဲ့၍ နိုင်ပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။မကွေးအသင်းမှာ သရေရလဒ်ကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် လေးမှတ်ကွာဟသွားခဲ့ပြီဖြစ်သည်။



စိုးမင်းနိုင်၊ ဆယ်လာ၊ ဒီဂျမ်၊ ဟိန်းဇာအောင်တို့ဖြင့် လူစုံပွဲထွက်လာသည့် မကွေးအသင်းမှာ ပွဲစကတည်းက နေပြည်တော်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ဆယ်လာ၊ စိုးမင်းနိုင်တို့၏ ဂိုးသွင်းယူမှုများ ဘားထိတိုင်ထိဖြစ်ခဲ့ပြီး ကိုကိုနိုင်နှင့် စိုးမင်းနိုင်တို့၏ အပိုင်ကန်သွင်းမှုများမှာလည်း လွဲချော်ခဲ့သည်။ နေပြည်တော်အသင်းမှာ တန်ပြန်တိုက်စစ်ဖြင့်သာ အဓိကကစားခဲ့သော်လည်း နိုင်ငံခြားသား တိုက်စစ်မှူး ဂျူနီယာမှာ ခြေစွမ်းမပြနိုင်၍

စာမျက်နှာ ၉ ကော်လံ ၁ သို့



# ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ အချိုးညီစွာတတ်မြောက်ရန် ဝိဇ္ဇာနှင့် သိပ္ပံပြပွဲပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၂၅

ကျောင်းသား ကျောင်းသူများအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များကို အချိုးညီစွာ တတ်မြောက်စေရန် ရည်ရွယ်ကာ ARTS & SCIENCE Fair 2015 ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းပေါ်ရှိ ILBC ကျောင်းအားကစားရုံ၌ ကျင်းပသည်။

ကျောင်းသင်ခန်းစာများပြုလုပ်စဉ်ကလေ့လာခဲ့သောသင်ခန်းစာများကို လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန် ရည်ရွယ်ကာ

စာမျက်နှာ ၉ ကော်လံ ၂ သို့




themirror.npt@gmail.com
www.facebook.com/themirrordaily
The Mirror Established in 1957